NEW IDEA
တ်ကူးသစ်စာပေ

# သတ္တဂတ

## ဗညားကျော်



## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စိတ်ကူးသစ်စာပေ



စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၄၀၀၆၁၀
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၂၃၀၆၁၁

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း
ပထမအကြိမ် ။ ၂၀၀၇၊ ဇူလိုင်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟာန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ
ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၈၀၀ ကျပ်

## သတ္တဂဏ

ကျွန်ုပ်၏ ကျောင်းဆောင်ရှေ့တူရူ မှိုအဝေးရှိ နေကြာတော၏ အဝါရောင်များမှာ နံနက်ခင်း နေခြည်နှင့်အတူ တောက်ပလျက်ရှိ၏။ မနှစ်က ဆောင်းဦးနေခြည်အောက်၌ နေကြာတော၏ အဝါရောင်များ တောက်ပနေချိန်တွင် သမထီးသို့ ကျွန်ုပ်စတင်ရောက်လာ၏။

ထိုအခါတုန်းက သမထီးသည် လူပ်ရှားနေ၏။ စည်ကား တက်ကြွနေသည်။ လူတွေလည်း ပျားပန်းခတ်လျက်ရှိသည်။ ရောက် ဆိုက် ကျွန်ုပ်စုံစမ်းလိုက်၏။ သမထီး ဂိုဏ်းခွဲကျောင်းတော်ဂိုဏ်းထောက် ဆရာတော်၏ ညာလက်ရုံးရွေးချယ်ပွဲရှိ၍ ဖြစ်၏။ မည်သူမဆို ရွေးချယ် ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရ၏။

ကျွန်ုပ်အတွက် အခွင့်အရေးတစ်ခုပင်၊ ထို အခွင့်အရေးကို ကျွန်ုပ်လက် မလွှတ်တမ်း ဆုပ်ကိုင်နိုင်ခဲ့၏။ ယှဉ်ပြိုင်သူ တစ်ကျိပ်ကိုးယောက်ကို နောက်တွင်ချန်ရစ်ခဲ့ပြီးသောအခါ နောက်ဆုံးပြိုင်ဘက် တစ်

ယောက်သာလျှင် ကျန်တော့သည်။

သူကား အရည်းသုဒ္ဓ သို့မဟုတ် ဂိုဏ်းထောက် ဆရာတော်၏ ညာလက်ရုံးနေရာကို မျှော်မှန်းနေသူ။

သူ့ကိုနိုင်လျှင် ကျွန်ုပ်သည် ဂိုဏ်းထောက်ဆရာတော် မဟာမာတိမာ၏ ညာလက်ရုံးနေရာကို ရရှိပြီး ဖြစ်သည်။

ကျွန်ုပ်တို့ နှစ်ယောက်မှာ အစစအရာရာ လက်ရည်တူနေလေ၏။ သို့သော် ပိဿာချိန်ငါးဆယ်လေးသော 'အဲမောင်း'ကို ကစားရာ၌ သုဒ္ဓသည် ကျွန်ုပ်အား အရှုံးပေးခဲ့ရလေတော့သည်။ ထိုအလေးချိန်ကို သူသည် ကြာရှည်လေးမြင့် ကိုင်တွယ်နိုင်ခြင်း မရှိခဲ့ပေ။ ကာမဂုဏ်ကျူးခြင်းများကြောင့်သော်လည်းကောင်း၊ သေသောက်ကျူးများခြင်းကြောင့်သော် လည်းကောင်း၊ ရလာဒ်မှာ ကျွန်ုပ်အား အညွှံ့ခံရမှုနှင့် ဂိုဏ်းထောက်၏ ညာလက်ရုံးနေရာကို ဆုံးရှုံးမှုပင် ဖြစ်တော့သည်။

ဤသို့ဖြင့် ကျွန်ုပ်သည် အရည်း'မဟာသရေ'ဖြစ်ခဲ့ရ၏။ စောဘုန်းမဟာသရေဘဝမှ အရည်းမဟာသရေ ဖြစ်ခဲ့ရ၏။ ထိုမှ ဟိုမှာ 'ဘယ်တုန်းကကော. . .

ကျွန်ုပ်အတွေးများကို ရပ်ဆိုင်းပစ်လိုက်၏။ သက်ပြင်းကို ရှိုက်ချမိခိုက် ကျောင်းဆောင်အဝင်ဝမှ ခန်းဆီးစသည့် ကြမ်းတမ်းစွာ နံဘေးသို့ ပွင့်ဟသွားလေသည်။

ငြိုးငွေ့သောအကြည့်ဖြင့် ကျွန်ုပ်လှမ်းကြည့်လိုက်၏။ သုဒ္ဓ၏ တင်းမာလျက်ရှိသော မျက်နှာကြီးကို တွေ့ရ၏။

''မဟာသရေ''

''ပြောပါ သုဒ္ဓ''

''သတို့သမီး နှစ်ယောက် ဒီညရောက်လာလိမ့်မယ်၊ ပန်းဦးအလှူခံပုဂ္ဂိုလ်အဖြစ် သူတို့က သင့်ကို တောင်းဆိုထားတယ်''

ကျွန်ုပ်၏ ပခုံးများက အလိုအလျောက် တွန့်သွားမိလေသည်။

"ဘယ်လိုလဲ မဟာသရေ"

"ပန်းဦး အပွင့်ဖော်ခံ ပုဂ္ဂိုလ်၏ ရွေးချယ်ပေးတဲ့ကိစ္စကို ကိုင်တွယ်နိုင်သူဟာ ဂိုဏ်းထောက်ဖြစ်တဲ့၊ သုဒ္ဓိ၊ သင့်အလုပ် မဟုတ်ပါဘူ"

"မှန်ဘူ မဟာသရေ၊ ဒါပေမယ့် သင်ရောက်လာပြီးမှ သတို့သမီးတွေဟာ သင့်ကိုပဲ ရွေးချယ်ခဲ့ကြပါတဲ့"

"တော်ပြီ သုဒ္ဓိ၊ ဒီအရေးမှာ ကျွန်ုပ်ရဲ့ဖန်တီး စီမံမှု ဘာမှမပါဘူ၊ သဟာကို မဟာမာတိမှာ အပါအဝင် အရည်းအားလုံး သိဘူ၊ သင့်ကျောင်းဆောင်မှာ မိန်းမဒီလောက် ရှားနိုးအံ့လော"

"ဂိုဏ်းထောက်ဟာ ကျွန်ုပ်တို့ကို သတို့သမီးတစ်ယောက်ပေးရင် သင့်အတွက် နှစ်ယောက် ပေးလတ်နိုးတယ် ဟုတ်ဘူ၊ သင့်လောက်တော့ မပေါဘူ မဟာသရေရယ်၊ ဟား. . . ဟား"

ကျွန်ုပ်သည် သုဒ္ဓိအား စိတ်ပျက်စွာ ကြည့်နေမိသည်။ သူနှင့်ဆက်၍ ငြင်းခုန်လိုစိတ်မရှိပါ၊ ငယ်ကျွန်ကြီး သုမနဝင်လာ၏။ ယခုတော့ သူလည်း အရည်းသုမန။

"အဖြေပေးဖို့ အချိန်တန်ပါပြီ အရှင်"

ကျွန်ုပ်၏ အဖြေကို ကျောင်းဆောင်ပြင်ပရှိ စောင့်ဆိုင်းနေသူများထံ ယူဆောင်သွားရန် သုမနက မဝံ့မရဲ လျှောက်လေသည်။

ကျွန်ုပ် ဘာဖြေရမည်နည်း၊ သူတို့ အလိုရှိသော အဖြေကို ကျွန်ုပ်မပေးလိုပါ၊ မပေး၍ကလည်း မဖြစ်ပါ၊ ထုံးစံအတိုင်း အဖြေပေးရန် ကျွန်ုပ် တုံ့နှေးလေးလံနေပြန်ပါပြီ။

"ဒီည သင်ငြင်းလိုက်ပါလား၊ မဟာသရေ၊ ဒီညဟာ ကျွန်ုပ်အတွက် ဖြစ်ပါစေ"

"သုပန၊ ဒီညလာမယ့် သတို့သမီးနှစ်ယောက်ဟာ ဘယ်သူ့အတွက်လို့ မဟာမတိမာက ပြောသလဲ"

"အရှင်မဟာ သရေအတွက် ဖြစ်ပါတယ်"

"ရှင်းပြီလား သုဒ္ဓိ"

"ဒါကို ကျွန်ုပ် သိခဲ့သားပဲ၊ သတို့သမီး နှစ်ယောက်လုံးကလဲ သင့်ကိုပဲ ပူဇော်လိုတယ်၊ မဟာမတိမာကလဲ ဒီလိုပဲ အမိန့်ချတယ်၊ ဒါပေမယ့် မဟာသာရေ သင့်မှာ တစ်ညတည်း သတို့သမီးနှစ်ယောက် ရှိပေမယ့်၊ ကျွန်ုပ်မှာတော့ ဒီညအတွက် တစ်ယောက်မှ မရှိဘူး၊ ဒါဟာ တရားမျှတရဲ့လား"

သုဒ္ဓိရှေ့တိုးလာ၏။ သူ့ထံမှ သေရည်နံ့က စူးရှပြင်းထန်လှ၏။ ကျွန်ုပ် စကားမပြောလိုတော့။

"သုမန၊ ငါ့အဖြေကို သတို့သမီးရဲ့ မိဘမောင်ဘွားတွေထံ ဆောင်ယူသွားဘိ၊ အလှူကို ငါလက်ခံတယ်လို့ အချိန်းအချက် ရင်ခတ် ပန်းကို ပေးလိုက်ပါဘိ"

ထို့နောက် . . . ကျောင်းဆောင်ဝရန်တာမှ လှေခါးနဲ ကျွန်ုပ် ခုန်ဆင်းလိုက်ပါသည်။

အပေါ်ဝတ်ရုံကိုပင် မယူခဲ့မိ။

♛ ♛ ♛

မြိုင်သေလာသည့် တိတ်ဆိတ်ငြိမ်သက်နေ၏။ ထို့အတူ မြိုင်နဒီသည်လည်း အေးချမ်းဆိတ်ငြိမ်စွာ တစ်ငြိမ့်ငြိမ့် စီးဆင်းလျက်ရှိ၏။

လှပနုပျိုသော ထွားကျိုင်းသန်မာတောင့်တင်း ခန့်ထည်သော ထိုလုလင်သည် မြိုင်နဒီ၏ ရင်ခွင်မှနေ၍ ကျွန်ုပ်အား ကြည့်နေလေသည်။ ကျွန်ုပ် ပြုံးလျှင် သူပြုံး၏။ ကျွန်ုပ်တည်လျှင် သူတည်၏။ ကျွန်ုပ် လှုပ်ရှားသမျှ သူလည်း ထပ်တူထပ်မျှ လှုပ်ရှား၏။

"ဟား . . . ဟား"

ရယ်မောပြီး နောက်ကျိုရီဝေနေသော ဦးခေါင်းကို မြိုင်နဒီ၏ ရင်ခွင်ထဲသို့ အားရပါးရ ထိုးနှစ်လိုက်သောအခါ ကျွန်ုပ်၏ ပုံရိပ်မှာ လှုပ်ခတ်ဝေဝါး ပျောက်ပျက်သွားလေတော့သည်။ ဦးခေါင်းကို ရေတွင် နှစ်၍ အေးမြစေပြီး ရေထဲမှ တက်လာ၏။ မြမြက်ခင်းပြင်ပေါ် စန့်စန့်ရန့်ရန့် လဲလျောင်းကာ မိုးကောင်းကင်ထက် အတွေးလေတံခွန် လွှင့်မိပြန်သည်။

သူ့အို့တို့ အောင်နိုင်သည်မှစ၍ ကျွန်ုပ်သည် မိန်းမလှငယ်များ၏ ပန်းဦးပူဇော်မှုကို မပြတ်ခံယူခဲ့ရ၏။ ဂိုဏ်းဆောင်၏ ညာလက်ရုံးပီပီ အထူးအခွင့်အရေးများ ရရှိခဲ့သည်။ သူ့အို့ပြောသလိုပင် သတို့သမီး ခွဲတမ်းကို ကျွန်ုပ်ပို၍ ရရှိခဲ့၏။ သို့ဖြစ်လာရန်မှာလည်း ကျွန်ုပ်သည် ညာလက်ရုံးနေရာကို သက်စွန့်ဆံဖျား ကြိုးစား၍ အရယူခဲ့ခြင်း

မဟုတ်ပါလော။

သို့သော် သတို့သမီးများ ကံကောင်းကြပါသည်။ သင်းကာလေးတို့ ကံကောင်းပါသည်။ တောင်စောင်းမှ တစ်စုံတစ်ခု လိမ့်လျောကျလာသံကြားသဖြင့် ခုန်ထပြီး ကျွန်ုပ် ဖမ်းယူလိုက်မိသည်။ လူဖြစ်၏။ လူမလေးတစ်ယောက်၊ ရွှေစင်ရုပ်ဆိုတာပါပဲ ထင်ပါသည်။ ဇမ္ဗူရာဇ်ရွှေစင်လို ဝင်းဝါအိညက်နေသည့် အသား၊ နံ့သာမရှိ၊ ပကတိသဘာဝမျက်နှာရဲ့ အလှ၊ အချိုးအစား ကျနလှသည့် ခန္ဓာကိုယ်ကလေး။ ကော့ပျံ့မည်းနက်သည့် မျက်တောင်အောက်မှ မျက်ဝန်းကလေးများ ဝိုင်းဝိုင်းလည်နေပုံကြည့်၍ ကြောက်လန့်ထိတ်ရှံ့နေရှာ၏။

"ဘယ်လို ဖြစ်တာလဲ၊ အမိငယ်ရယ်"

သူ့ကိုယ်လေးကို အောက်သို့ ချပေးရင်း ကြင်နာစွာ မေးမိ၏။

သူမက တောင်ကမ်းပါးယံသို့ လက်ညှိုး ညွှန်ပြယင်းက–

"ဆေး. . . ဆေးမြစ်လာရှာတာပါ အမောင်ရယ်၊ အိုပြည့်သင်အဖက ရှေးသမားကြီး ဖြစ်ပါဘိ၊ အခုဆို အသက်ရင့်လို့ အိုမင်းမစွမ်းဖြစ်နေရှာဘိ၊ အိုပြည့်သင်ကပဲ ဆေးမြစ်ဆေးရွက်များ အဖလိုသမျှ ရှာဖွေပေးရပါဘိတယ် အမောင်၊ အခုလဲ ဆေးမြင်းခွာလိုလို့ လာရှာတာပါ"

"ဟား. . . ဟား"

ပျော်ရွှင်စွာ ကျွန်ုပ်ရယ်မောလိုက်မိသည်။ မည်သို့ကြောင့် ပျော်သနည်း။ မည်သို့ကြောင့် ရယ်သနည်း၊ ကျွန်ုပ်မေးမိ၏။ ထို့အခါ ကျွန်ုပ်၏ အသည်းနှလုံးက ဤသို့ ဖြေကြားပေး၏။

အိုပြည့်သင်ဟူသော လပြည့်ဝန်းကလေးနှင့် မမျှော်လင့်ဘဲ တွေ့ဆုံရ၍ပဲ ဖြစ်ပါသည်။

ထိုစဉ်. . .

မြင်းခွာသံ သဲ့သဲ့ကြားရ၏။

ကျွန်ုပ်၏ မြင်းသူရဇ္ဇလား၊ မြေပြင်ကို နားဖြင့်ကပ်၍ ကျွန်ုပ် နားထောင်လိုက်သည်။ မြိုင်သေလာ တောထဲဝင်စကပင် ကျွန်ုပ်သည် သူရဇ္ဇအား သွားလိုရာ သွားစေဖို့ လွှတ်ထားခဲ့သည်။ ကျောင်းတော်သို့ ပြန်ချင်လျှင် အချက်ပေး လေချွန်သံပေးလိုက်ရုံသာ။ ကျွန်ုပ်မခေါ်မချင်း၊ သူရဇ္ဇသည် သူ့အလိုလိုလာရောက်လေ့မရှိ၊ အင်မတန် မြက်နုကြိုက် သည့်မြင်း. . .

အထူးသဖြင့် မြိုင်နဒီ ကမ်းနဖူးမှ မြက်နုကလေးများကို ပို၍ကြိုက်၏။ မြိုင်သေလာကို အိမ်လုပ်၍ ကျွန်ုပ်တောပုန်းဘဝဖြင့် ရှိစဉ် ကပင် သူရဇ္ဇမှာ မြိုင်နဒီကမ်းနဖူးတစ်လျှောက် ထက်အောက်စုန်ဆန် သွား၍ မြက်နုစားနေကျဖြစ်သည်။

မြေပြင်မှ ကျွန်ုပ်နားကို ခွာလိုက်၏။ သူရဇ္ဇမဟုတ်ပါ၊ ပြီးတော့ ယခု မြင်းပေါ်တွင် လူပါရမည်၊ တိုက်နေသည့် လေနအေးထဲသို့ စူးရှ သည့် ရနံ့တစ်မျိုး ရောယှက်ပါလာသည်။

သေရည်နံ့နှင့် ပြင်းထန်သော ကိုယ်နံ့၊ ကျွန်ုပ် ပြုံးလိုက်မိ သည်။ သုဒ္ဓိပါတကား။

"အိုပြည့်သင် သေရည်မူးနေတဲ့ ကာမဘီလူးတစ်ယောက် မြင်းစီးပြီး လာနေလေရဲ့၊ အမိငယ်အတွက် မလုံခြုံဘူး။ ခေတ္တပုန်း လျှိုးနေပါဘိ"

နှစ်ခါ မတိုက်တွန်းလိုက်ရပါ၊ တောကျွမ်းသော သမင်ပျိုမလေး တစ်ကောင်အလား သစ်ပင်ချုံနွယ်များကို တိုးဝှေ့၍ အိုပြည့်သင် ကျွန်ုပ် ရှေ့မှ ပျောက်သွား၏။

ကျွန်ုပ်တွင် မည်သည့်လက်နက်မျှ မပါခဲ့ပါ။ သုဒ္ဓိကို အထင် သေး၍မရ။ သူသည် တကယ်တော်သော တိုက်ခိုက်ရေးသမားဖြစ်၏။ သေရည်အသောက်လျှော့၍ ကာမဂုဏ်မှုကို ထိန်းချုပ်နိုင်လျှင် ကျွန်ုပ်

အား နိုင်ခြေရှိသူဖြစ်သည်။ သို့သော် ထိုအရာနှစ်ခုလုံးအား သုဒ္ဓိဆို သော အရည်းသည် ဘယ်အခါမှ လျှော့မည်မဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်အားလည်း ဘယ်သောအခါမှလည်း နိုင်လိမ့်မည်မဟုတ်။

"မဟာသရေ"

သုဒ္ဓိ၏ ခက်ထန်မာကျောသောအသံ ဖြစ်၏။ ကျွန်ုပ်အား ခေါ်သံကြီး အော်ခေါ်နေခြင်း ဖြစ်ပါသည်။

"မဟာသရေ၊ သင်ဘယ်မှာလဲ"

တောင်ကြောအတိုင်း မြင်းစီးတက်သွားသော သုဒ္ဓိကို ရိပ်ခနဲ မြင်လိုက်ရသည်။

"ထွက်ခဲ့စမ်းပါ၊ သင်နဲ့ ကျွန်ုပ်စာရင်းရှင်း ကြရအောင်၊ ကြောက်လို့ ပုန်းနေလဲအပိုဘဲ မဟာသရေ၊ ဒီနေ့တော့ သင့်ကို ရှင်းပြီး သင့်သတို့သမီးနှစ်ယောက်ကို ကျွန်ုပ်ယူရလိမ့်မယ်"

ငြိမ်သက်စွာ ရပ်ကြည့်နေရာမှ ကျွန်ုပ်ရှေ့သို့ တိုးထွက်ပြီး အသံပေးလိုက်သည်။

"သုဒ္ဓိ သင်ရှာနေဘိလော"

သူ ငုံ့ကြည့်ပြီး ကြွမ်းတမ်းစွာ မြင်းပေါ်မှ ဆင်း၏။

"မဟာသရေ၊ သင်မြတ်နိုးတဲ့ မြင်သေလာမှာပဲ၊ သင့်ကို ကျွန်ုပ် မြုပ်နှံပေးခဲ့ပါမယ်၊ စိတ်ချစမ်းပါဘိ၊ ဟား. . . ဟား. . . ဟား"

ပေါက်ဓားတစ်လက်လေထုကို ဖြတ်ခွဲ၍ ကျွန်ုပ်၏ သွေးကို သောက်ရန် ဝဲပျံလာနေသည်။

"သွားစမ်းပါဘိ"

လက်ဖြင့် အလွယ်တကူ ခတ်ထုတ်လိုက်နိုင်ပါသည်။ ဓား အချောင်းတစ်ရာ တစ်ပြိုင်တည်း လာပါစေ၊ မဟာသရေ မမှုပါလေ။

"သင် ပျောက်ဆုံးသွားရင် သင့်ကို ပန်းဦးပူဇော်မယ့် ပူဇော် လတ္တံသတို့သမီးလောင်းတွေ ကျိတ်ငိုလေမလား မသိဘူး၊ ဟား ဟား

ဟား"

ကျွန်ုပ် ဒေါသထွက်လာတော့၏။ သုဒ္ဒိ၏ စကားများကို အိုပြည့်သင်မကြားစေချင်ပါ။ အရည်း မဟာသရေ၏အဝကို အိုပြည့်သင် မသိစေချင်သဖြင့် မြန်မြန်ပွဲသိမ်းပေးမှ ဖြစ်ပေတော့မည်။ ကျွန်ုပ် စောင့်မနေပါ။ သူကလည်း . . . စောင့်မနေပါ။

သူ ခုန်အဆင်း . . . ကျွန်ုပ်က ခုန်အတက် လေထဲမှာ။

တိုက်ပွဲတစ်ပွဲ လျှပ်တစ်ပြက်အတွင်း အဖြေပေါ်သွား၏။ အရှိန်ပြင်းထန်စွာဖြင့် မြိုင်နဒီရေပြင်ထက်သို့ သုဒ္ဒိလွင့်စင်ကျဆင်း နစ်မြုပ်သွားရှာသည်။ ကျွန်ုပ်တွင် လျှို့ဝှက်တိုက်ကွက် သယ်နှစ်ကွက်ရှိ၏။ သာမန်အချိန် သာမန်အခြေအနေမျိုး၌ ကျွန်ုပ်ထုတ်ဖော်သုံးစွဲလေ့ မရှိပါ။

မလွဲသာ၍ ယခုတိုက်ကွက် အမှတ်တစ်အဖြစ် သတ်မှတ်ထားသော လေထဲသို့ခုန်တက် လက်များကို စွန်ရဲအသွင်ဖြန့်ကား ညာခြေကို ဆန့်ထုတ်၊ ကိုယ်ကို လေပွေစဲလို အဟုန်ပြင်းစွာ ပတ်လှည့်၍ ကန် . . . ။

ထိုအချက်လေးချက် တစ်ပြိုင်နက် ဖြစ်ရမည်။ လေထက်မြန်ရမည်။ သာမန်အခြေအနေမျိုးတွင် မသုံးရ။

ဆရာသခင်၏ အမှာစကားကို ကြားယောင်နေခိုက် သုဒ္ဒိရေထဲမှာ ပေါ်လာသည်။ ရေနစ်မှာ မပူရပါ။ အချိန်ကြာမြင့်စွာ ရေငုပ်နိုင်မှုစံချိန်ကို ကျွန်ုပ်တို့ အရည်းများကပင် တင်ခဲ့သည် မဟုတ်ပါလား။

"ဝုစ် . . . ဝုစ် . . . ဝုစ်"

လေကို ထိုးခွဲလာသော မြားတံများ။ ပစ်သူကို မမြင်ရပါ။ ထို့ကြောင့် မြက်ခင်းပေါ်တွင် ပြောင်ပြောင်တင်းတင်း ရပ်မနေနိုင်တော့။ ရေထဲသို့ ထိုးဆင်းလိုက်ရတော့သည်။ ခေါင်းမြှုပ် မဖော်ရဲ၊ တစ်ဆက်တည်း နက်ရှိုင်းစွာ ငုပ်ဆင်းခဲ့၏။

ခြေထောက်များကို ရေအောက်မှနေ၍ ဆတ်ခနဲ ဆွဲအချခံရသဖြင့် ရေပေါ်ပေါ်စ သုဒ္ဓိမှာ ရုတ်တရက်ဖြစ်၍ စုံးစုံးနစ်နေပြီ။ ကျွန်ုပ်လက်တွင်းဝယ် တာရွတ်တိုက်ပါလာ၏။ မြိုင်နဒီ၏ ရေစီးကြောင်းအတိုင်း အောက်ဘက်သို့ လျင်မြန်စွာ ငုပ်လာခဲ့သည်။ အိုပြည့်သင် ပြေးဝင်ပျောက်ကွယ်သွားသည့် နေရာနှင့် ဝေးကွာသည်ထက် ဝေးကွာသွားစေရန် ရည်ရွယ်၍ဖြစ်၏။

ရှန်းကန်နေသော သုဒ္ဓိအား လွှတ်ပေးလိုက်သည်။ နှစ်ဦးစလုံး ရေပေါ်သို့ ထိုးတက်လာကြ၏။ မပြီးသေးသော ပွဲကို ဆက်သိမ်းပေးရဦးမည်။

"သုဒ္ဓိ"

"မဟာသရေ"

"ကမ်းပေါ်ကို တက်ခဲ့ကြပါဘိ"

မျက်နှာမှ ရေများကို ကြမ်းတမ်းစွာ ခါထုတ်၍ ကမ်းဘက်သို့ ကျွန်ုပ်တို့ မြိုင်တူကြည့်နေမိကြသည်။ ကိုယ်ထီးထောက်ကြီး မဟာမတီမာ"

"ရှက်ဖွယ် လီလီပါလား . . . သုဒ္ဓိ၊ သင်တို့ မဖွယ်မရာလုပ်ပလေတယ်၊ ငါသာ လိုက်မလာရင် မြိုင်သေလာမှာ အမြုပ်ခံရမယ့်သူဟာ သင်သာဖြစ်တယ် သုဒ္ဓိ၊ မဟာသရေရဲ့ ဘဝဟောင်းကို သင်မေ့နေသလား"

ဘဝဟောင်း . . . ဘဝဟောင်း

မဟာမတီမာ၏အသံက နားစည်မှတစ်ဆင့် ကျွန်ုပ်ရင်တွင်းသို့ ပဲ့တင်သံအဖြစ် ဝင်ရောက်လာသည်။

ဘဝဟောင်း ဆိုပါလား . . .

တောပုန်းကြီး မဟာသရေဘဝ . . .

မြိုင်သေလာ တောမှာ . . .

ပေါက်ကွဲရွှေပြည် . . . နယ်ကျူးသွားသော အတွေးများကို ရေစက်များနှင့် အတူ ခေါင်းထဲမှ ခါထုတ်ပစ်လိုက်သည်။

ထို့နောက် ကမ်းပါးသို့ ကျွန်ုပ် စတင်ကူးခတ်သွား၏။ နောက်မှ သုဒ္ဓိလည်း ကူးလိုက်လာသည်။

မဟာမတိမှာ နောက်တွင် သုဒ္ဓိ၏ အပေါင်းအပါလေးသမား အရည်းသုံးယောက်မှာ သိုးငယ်လေးများကဲ့သို့ ငြိမ်ကုပ်နေကြ၏။

"ဟော . . . ဟိုမှာဘာလဲ ကြည့်လိုက်စမ်း သုဒ္ဓိ"

မဟာမတိမှာ ညွှန်ပြရာသို့ ကျွန်ုပ်မှဝ ၊စ်ပါး အားလုံးကြည့် ကြသည်။

"သင်တို့ နားတွေကိုလည်း စွင့်လိုက်ကြပါဦး . . . ဘာမြင် သလဲ ဘာကြားသလဲ"

ကျွန်ုပ်သိပါ၏။ ကျောက်တုံးကျောက်ဆောင်များပေါ်မှ ရေလုံး ကြီးများ ကျော်လွှားလိမ့်ဆင်းနေသံကို ကြားရပါလိမ့်မည်။ ရေပေါက် ရေစက်များ အထက်ကောင်းကင်သို့ ဝါးနှစ်ရိုက်လောက်အထိ ခုန်တက် လွင့်ပျံနေပုံကို မြင်တွေ့ကြရပါသည်။

"ဘီလူးဆိုင်းတီးပြီး စောင့်နေတဲ့ မြိုင်နဒီရဲ့ ခံတွင်းဝထဲကို မဟာသရေဟာ သင့်ကုပ်ကိုဆွဲပြီး တွန်းပို့ပေးလိုက်ရုံပဲ၊ မြိုင်သေလာ ရဲ့ အထာကို တောမုန်းကြီးမဟာသရေလောက် ဘယ်သူမှ မကျွမ်း နိုင်ဘူး။ ကိုင်း . . . အားလုံး ဂျဲနောက်လိုက်ခဲ့ကြပါဘီ"

သုဒ္ဓိအား ဆုံးမ၍ သူ၏မြင်းပေါ် တင်လွှတ်လိုက်ပြီး အိုမြည့် သင်ကို ရှာဖွေတွေ့ဆုံမည့် ကျွန်ုပ်၏ အစီအစဉ်မှာ မပြောက်တော့ပါ ချေ။

♛ ♛ ♛

"အရှင် . . ."

သုမန၏ အသံမှာ လေသံမျှသာ ဖြစ်သော်လည်း ဒေါသရည် ခွက် လျှပ်ယမ်းဖိတ်စင်သွားအောင် ကျွန်ုပ်လန့်သွားခဲ့ရ၏။

ဘာကို လန့်နေသနည်း။ သတို့သမီးနှစ်ယောက် ရောက်လာမည့်ကိစ္စကို ဖြစ်သည်ဟု ဝန်ခံရပါမည်။

"အရှင် . . ."

"ရောက်လာကြပြီပေါ့၊ ဟုတ်လား . . . သုမန"

"မှန်ပါတယ် အရှင်၊ သတို့သမီးနှစ်ယောက်စလုံး ရောက်လာကြပါပြီ၊ ဘယ်အဆောင်မှာ ဘယ်လိုနေရာချရမယ်ဆိုတာ၊ အဲ . . . အဲ ပြီးတော့ ဘယ်သူ့ကို အရှင်ထံ အရင်လွှတ်ပေးရမယ်ဆိုတာ မိန့်ကြားပါဘိ အရှင်"

သုမန အသံကျယ်လောင်သွား၏။ ကေန္တ ကျောင်းဆောင်ထဲအထိ သတို့သမီး မိဘဆွေမျိုးများ လိုက်လံအပ်နှံပို့ဆောင်နေ၍ ဖြစ်ချိမ့်မည်။

"လွှတ်ချင်တဲ့သူကိုသာ လွှတ်ဘိ၊ ဘာထူးလဲ ဘာမှ မထူးဘူး၊ ထုံးစံအတိုင်းပဲပေါ့ ငါ့ရဲ့ ထုံးစံအတိုင်းပဲပေါ့ သုမနရဲ့ ဟား ဟား ဟား"

စိတ်ပျော်ရွှင်မှု မရှိပါပဲလျက်နှင့် ရယ်မောလိုက်မိ၏။ ကျွန်ုပ်အမူးလွန်နေပြီလား . . . ဟု စူးစမ်းကြည့်ဖြင့် သုမနက ကြည့်နေသည်။ သေရည်ခွက်ကို စားပွဲပေါ်သို့ ကျွန်ုပ်ဆောင့်ချလိုက်၏။

"အို . . . ပြည့်သင်"

"မဟုတ်ပါ၊ အိုချစ်သင်နှင့် အိုပန်းမှုံဖြစ်ပါတယ် အရှင်"

"သင် ဘာတွေ ပြောနေတာလဲ သုမန"

"သတို့သမီးတွေရဲ့ နာမည်ပါ အရှင်"

"ဟား . . . ဟား . . . ဟား . . . ငါက မေးသလား၊ အို ဟုတ်ပါရဲ့၊ အမည်တစ်ခုကို ငါပြောလိုက်မိဘိတယ်၊ သွား . . . သွား၊ သင့်တာဝန် သင်ထမ်းဆောင်ချေ ထုံးစံအတိုင်း ဖြစ်ပါစေ"

"ကောင်းပါပြီ . . . အရှင်"

ကြေးမုံရှေ့တွင် ရပ်ကြည့်လိုက်သည်။ ဆံပင်ကုပ်ထောက် ပါးမြိုင်းမွေး မုတ်ဆိတ်မွေးစိမ်းစိမ်း ထူလပျစ်နှင့် ကျွန်ုပ်ပုံရိပ်။

မည်မျှကြာအောင် ထားထား အရုပ်ဆိုးအောင် ရှည်မလာတတ်သော ကျွန်ုပ်မျက်နှာ၏ အဆင်းတန်ဆာ။ မဟာဓိသရေနှင့် အင်မတန်လိုက်ဖက်တင့်တယ်ပါသတဲ့။

အပျိုချောတွေက ပြောကြ၏။ အလှအပကလေးများ ဝိုင်းဝိုင်းလည်နေသော အရည်းမဟာသရောဘဝကို ကျွန်ုပ် မပျော်ပိုက်ပါ။ စိတ်သည် မြိုင်သေလာတောသို့ ပြေးနေပြန်ပါသည်။ တောပုန်းကြီး

မဟာသရေဘဝ။

"အင်း . . . အဲဒီဘဝမှာတော့ ပျော်သားပါပဲလေ"

ဝရန်တာသို့ ထွက်လာမိပြန်သည်။ လရောင်အောက်တွင် နေကြာတောသည် ယိမ်းနွဲ့လှုပ်ရှား ကခုန်နေကြ၏။ ဖြတ်ကျော်လျှပ်တိုက်နေသော လေနှင့်အတူ နေကြာပန်းရနံ့က လတ်ဆတ်နေလေသည်။ ကျွန်ုပ် ငြိမ်သက်စွာ ငေးမောနေမိသည်။

သတို့သမီးများထားသော အဆောင်ဘက်မှ ခိုတစ်ကောင် လန့်ဖျပ်အတောင်ခတ်နေသံကို ကြားရ၏။ ကျွန်ုပ်၏ ထူးခြားသော အကျင့်စရိုက်တစ်ခု အဖြစ်ပြောစမှတ်ပြုကြလေသည်။

မှောင်ထဲတွင် ကျွန်ုပ်ပြုံးလိုက်မိ၏။

သတို့သမီးနှစ်ယောက် . . . ခိုသွေးအနည်းငယ် . . .

ဝရန်တာတံခါးကို ပိတ်ပစ်လိုက်ပြီး စိတ်နောက်ကျိစွာဖြင့် အခန်းထဲသို့ လှမ်းဝင်လာ၏။

သေရည်ခွက်ကို ကိုင်မိပြန်၏။ တစ်ခွက် . . . ပြီးတော့ နောက်တစ်ခွက် ဘယ်နှစ်ခွက်ရှိပြီ မသိတော့။

မဟာသရေအဖို့ ဘယ်နှစ်ခွက်သောက်သောက် ဘယ်နှစ်အိုးသောက်သောက် အကြောင်းမထူးဘိ။ ဤဝိသေသကြောင့်ပင် အရည်းမဟာသရေဘဝသို့ တစ်စုံတစ်ဦးက တွန်းပို့ခဲ့ခြင်းဖြစ်သည်။

မှန်သည် တစ်စုံတစ်ဦးက . . .

အတွေးနယ် လွန်သွားပြန်ပါသည်။

"သုမန . . ."

လှမ်းခေါ်လိုက်၏။ အပြေးအလွှားရောက်လာသော သုမန နောက်တွင် သတို့သမီးတစ်ယောက် ကပ်ပါလာ၏။

"အလှည့်ကျဖို့ စောင့်ဆိုင်းနေပါတယ် အရှင် . . ."

"သွားခေါ်လိုက်၊ ခိုလှောင်အိမ်ပါ ယူခဲ့ဘို့"

သုမန ထွက်သွားစဉ် ကျန်ရစ်သော သတို့သမီးအား ခြေဆုံး ခေါင်းဆုံးကြည့်လိုက်မိ၏။ လှပါ၏။ သို့သော် အိုပြည့်သင်ကို မမီပါ။ ချုပ်တည်းထားသင့်သော အမေးတစ်ခုကို ကျွန်ုပ်မေးလိုက်ပါသည်။

"အမိငယ် . . . သင်တို့ဟာ ဘာကြောင့် ပန်းဦးအလှူမှာ ရက်ရောကြဘိလဲ"

"ကာမဒါနဟာ ဒါနအမှုတွေထဲမှာ အမြတ်ဆုံးလို့ အရည်း ဆရာကြီးများ ဟောကြားတဲ့တရားမှာ အထင်အရှားပါနေသားပဲ အရှင်"

"ကျွန်ုပ် မဟာသရေကိုသာ လိုလားတောင့်တကြတာက တော"

သတို့သမီးက ကျုံ့ကျုံ့ထိုင်နေရာမှ ပြုံးစစဖြင့် မော့ကြည့် ၏။ အကြည့်တွင် စကားလုံးများစွာ ပါဝင်နေသည်။ သုမနနှင့် အတူ ကျန်သတို့သမီးရောက်လာသည်။ သူလည်း လှသည်ပင်။

သို့သော် အိုပြည့်သင်လို ယဉ်စစမရှိ။

အော . . . ခက်ဘိ၊ ဘောက်မဲ့ကြောင့် အိုပြည့်သင်နှင့် နှိုင်း ယှဉ်နေဘိသနည်း။

"သုမန ပြတင်းတွေအားလုံး ဖွင့်လိုက်၊ ပြီးတော့ သင်နေရမယ့် နေရာသွားနေပါဘိ"

နီလောင်အိမ်ကို အခန်းအလယ်၌ ချိတ်ဆွဲကာ ပြတင်းများကို လိုက်လံဖွင့်ပေးပြီး သုမန ပြန်ထွက်သွား၏။

လေအေးနှင့်အတူ အကြည့်များလည်း တိုးဝင်ထွင်းဖောက်လာ သည်ဟု ခံစားမိလာသည်။

"အကြည့် . . ."

မှန်၏။ သူတို့ ကြည့်နေကြချိမ့်မည်။ သုဒ္ဓိ၏ တပည့်များ သို့ မဟုတ်မူ ဂိုဏ်းထောက်၏ လူယုံအရည်းများ။

သူတို့ဘာကို ကြည့်လိုဘိသနည်း။

ကျွန်ုပ် မဟာသရေနှင့် သတို့သမီးများ၏ တစ်ညတာ ဇာတ်လမ်းကို လော. . .

သို့တည်း မဟုတ်. . .

မည်သို့ပင် ဖြစ်ဘိ အရာရာတွင် ကျွန်ုပ်သတိထားဖို့ လိုလာလေပြီ။ ပြီးတော့ အရာရာတွင် ပိရိရပေတော့မည်။ အခန်းအလယ်တွင် ရပ်လျက်ရှိသော သတို့သမီးနှစ်ယောက်ကို ကျွန်ုပ်ကြည့်လိုက်၏။ လင်းနေသော မီးတိုင် ပွင့်ဟနေသော ပြတင်းတံခါးများကို ကျွန်ုပ်ဂရုမစိုက်။ သေရည်တစ်ခွက် ငုံ့ယူလိုက်ပြီး သူမထံ လျှောက်သွားလိုက်၏။ တစ်ယောက်ကို ခါးမှ ဆွဲပွေ့ပြီး ပါးစပ်ထဲ သေရည်အတင်း လောင်းထည့်ပေးလိုက်၏။

"အို . . ခစ် . . . ခစ် . . . ခစ် . . . "

အဖိတ်ဖိတ် အစဉ်စဉ် ရယ်ရယ်မြူးမြူးဖြင့် သောက်နေသော သူမကို သေရည်ခွက်နှင့်အတူ ထားခဲ့၍ ကျန်တစ်ယောက်ကို ဆွဲဖက်ခေါ်လာခဲ့ပြန်သည်။ သေရည်အိုးကို မပြီး ပါးစပ်တွင် တပ်ပေးလိုက်၏။

"အို. . . အို. . . အရှင်ကလဲ"

တကောင်းအိုးထဲရှိ သေရည်လက်ကျန်များ ဖိတ်တစ်ဝက် စဉ်တစ်ဝက်ဖြင့် သူမဝမ်းထဲရောက်သွားလေသည်။

"ဟား. . . ဟား. . . ဟား"

ကျွန်ုပ် အော်ရယ်လိုက်သဖြင့် လှောင်အိမ်ထဲမှ ငှက်တစ်ကောင်တောင်ပံ ထခတ်လေသည်။ ကိုယ်ချပ်အင်္ကျီကို ချွတ်ပြီး လက်ဦးတည့်ရာ လွှင့်ပစ်လိုက်မိပြန်၏။ ခိုငှက် လန့်ပြီး တောင်ပံခတ်ပြန်သည်။ တစ်လန့်တည်း လန့်နေသော ခိုငှက်ကို ကြည့်၍ ရယ်မောလိုစိတ် ကျွန်ုပ်တွင် မရှိပါလေတော့။

ယခုတိုင် မစားရသေးသော ချေသားပေါင်ကင်တစ်ဖဲ့ကို ယူဝါးလိုက်ရင်း အခြေအနေကို အကဲခတ်၏။ မကြာမီ အခန်းအလယ်ကော်

အောပေါ်တွင် တစ်ယောက် . . .

ညောင်စောင်းထက်တွင် တစ်ယောက်။ ကျွန်ုပ် ခပ်လိုက်သော ဆေးစွမ်းပြနေပေပြီ။ တစ်ငြိမ့်ငြိမ့်မူးပြီး အိပ်ပျော်နေပေလိမ့်မည်။ တိမ် လွှာကို စီးလိုက် မြေပြင်ပေါ်သက်ဆင်းလိုက်နှင့် လှိုက်ဆွေးရင်ခုန်ရင်း လှပသော အပြာနုရောင် အိပ်မက်ကလေးများ မက်နေချိမ့်မည်။

ကြမ်းပေါ်မှ သတို့သမီးကို ပွေ့ချီပြီး ညောင်စောင်းပေါ်တင် လိုက်၏။ လေတိုးသဖြင့် ယိမ်းလှုပ်နေသော မီးတိုင်ကို မီးမှုတ်ငြိမ်းပစ် ၏။ အမှောင်က သိပ်သည်းလာ၏။ သို့စေကာမူ ကျွန်ုပ်သည် အမှောင် တမ်းပါးအထက်၌သာ ရှိဘိ၏။ ကျွန်ုပ်စိတ်ကို ကျွန်ုပ် နိုင်နင်းပါသည်။ ဤဝိသေသကြောင့်ပင် အရည်းမဟာသရောဝသို့ တစ်စုံတစ်ယောက် က ပို့ခဲ့ခြင်း ဖြစ်၏။

ကျွန်ုပ်တစ်ယောက်တည်း အတန်ကြာအောင် ကြမ်းပြင်၌ လူးလိမ့်လှုပ်ရှားပြီးနောက် မီးတိုင်ကို ပြန်လည်ထွန်းညှိလိုက်သည်။ ချွေး များ ရွှဲနစ်နေသဖြင့် ဝင်းစိုပြောင်လက်နေသော သဘာဝခန္ဓာကိုယ်ဖြင့် ပင် ကျွန်ုပ်သည် ဝရန်တာသို့ ထွက်ခဲ့၏။ လေနုအေးမှာ ကျွန်ုပ်၏ ပြောင်လက်သော ခန္ဓာကိုယ်အား ပွတ်တိုက်လျက် ဝေ့၍ ရှက်စနိုး လေးပြန်လည် ပြေးခွာသွားကြ၏။

လက်တွင် ကိုင်ဆွဲလာသည့် ခိုင်ငှက်လျှောင်အိမ်ကို ဖွင့်လွှတ် လိုက်သည်။

"သွားပေဦးတော့ ခိုကလေးရေ၊ ဒီညကစပြီး မင်းတို့လေး တွေရဲ့ သွေးအစား ငါ့လက်မောင်းကသွေးပဲ အသုံးပြုပါတော့မယ်လေ"

ရင်ထဲက ပြောလိုက်မိ၏။ ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ အမှောင်နှင့် အကြည့်များကို ကျွန်ုပ် အောင်ပွဲခံနိုင်လိုက်ပါသည်။

♛ ♛ ♛

အိုပြည့်သင်ကို မြိုင်သေလာမှာ နေ့စဉ်သွား၍စောင့်၏။ တစ်ရက် နှစ်ရက် သုံးရက် . . .

ရက်သတ္တပတ်ကျော်လွန်လာခဲ့ပေပြီ၊ အိုပြည့်သင်ကား ပေါ်မလာခဲ့ပါ။ ဖုမည်တစ်ခုသာသိ၍ ဘယ်ရွာဘယ်ဌာနက ဘယ်သူ့သမီးနည်း၊ ကျွန်ုပ် မမေးလိုက်မိပါ။ တစ်ခုတော့ ရှိဘိ၏။ သူမ၏ ဖခင်သည် ရှေးသမားကြီးဟု အိုပြည့်သင်က ပြောသွားသည်။ တစ်ရွာတွင် သမား သုံးလေးယောက် မရှိနိုင်ပါ။ ရှာရလွယ်ပါလိမ့်မည်။

ကျွန်ုပ် ရှာမည်၊ မတွေ့တွေ့အောင် ရှာရပါလိမ့်မည်။

အမှတ်အထင်တွေ့သော်လည်း အမှတ်ထင်ထင် ရင်ထဲစူးနစ်ဝင်ခဲ့ရသည့် ချစ်ခြင်းမေတ္တာ . . .

ယနေ့တော့ နွမ်းနယ်ညှိုးလျှစွာဖြင့် ပြန်ရပါဦးမည်။

"အချိန်းအချက် လုပ်ထားရင် ဖျက်သိမ်းလိုက်တော့ သူမနဲ့ ကျွန်ုပ် ပင်ပန်းနွမ်းနယ်လာတယ်၊ ဘယ်လုံမနဲ့မှ မတွေ့လိုဘိ"

သူရဇ္ဇ၏ ဇက်ကြိုးကို ဆီးကြိုယူငင်လာသော သုမနအား ကျွန်ုပ်တိုတောင်းစွာ ပြောလိုက်၏။

"ဒါပေမယ့် မနေ့ကတည်းက ရင်ခတ်ပန်းပေးထားပြီးတဲ့ အတွက် သတို့သမီးဟာ စောင့်ဆိုင်းရမယ့် ခန်းဆောင်ထဲတောင် ရောက် နေပါပြီ အရှင်"

သတို့သမီးတို့လာ၍ ကျွန်ုပ်နှင့်တွေ့မည် အစီအစဉ်တောင်းခံ လျှင် ရင်ခတ်ပန်းညွှန့်တစ်ခက်ပေးပြီး ချိန်းလိုက်ရစမြဲ။

ဤသည်ကား ကျွန်ုပ်၏ ထုံးစံဓလေ့။

အရည်းအဆက်ဆက် အသုံးပြုလာသည့် မဟာထုံးတမ်းစဉ် လာတစ်ခုတော့ မဟုတ်ပါ။ မဟာထုံးတမ်းစဉ်လာ၏ ဓလေ့မှာ များ ဇယောင်းတိုင်တစ်တိုင် ပေးခြင်းသာ ဖြစ်၏။

ကျွန်ုပ်က အရည်းအစဉ်အဆက် ထုံးစံထက် ကျွန်ုပ်၏ ခံယူ ချက် ထုံးစံကိုသာ အသုံးပြုခဲ့၏။ ထုံးစံအတိုင်း သုမနစီစဉ်ထားပြီးနေ ပေပြီ။ ကျွန်ုပ် ငြင်း၍မဖြစ်တော့။ အကယ်၍ ငြင်းလိုက်လျှင် သို့မဟုတ် အချိန်းအချက် ဖျက်ပစ်လိုက်လျှင် သတို့သမီးငယ်မှာ သုဒ္ဒိ၏ လက်တွင် ကံဆိုးမိုးမှောင်ကျပေတော့မည်။

"ကောင်းပြီ . . . သုမန"

ပန်းဦးအလှူခံ ပုဂ္ဂိုလ်ဦးစားပေး အဆင့်တစ်မှာ ဂိုဏ်းထောက် မဟာမတိမာသာလျှင်ဖြစ်၏။ ပုဂ္ဂိုလ်အမည်တပ်၍ တောင်းဆိုခြင်း အခံရ လျှင် ထိုသတို့သမီးများမှာ မဟာမတိမာအတွက်သာလျှင် ဖြစ်ပါသည်။ သို့သော် ဂိုဏ်းထောက်မှ ညာလက်ရုံးအား ထိုအထဲမှ နှစ်သက်ရာကို ရွေးချယ်ခွင့်ပေးထားသည်။ သို့မဟုတ် သူကိုယ်တိုင် ရွေးချယ်ပေးသည်။ ညာလက်ရုံးမှ အလိုမရှိဟု ငြင်းမှသာလျှင် သုဒ္ဒိနှင့်တကွ ကျန်အရည်း များက ရရှိကြ၏။

ရှေးအတိတ်တော နှစ်ပေါင်းများစွာကတည်းက အရည်းဆရာကြီး

များ ပြုလုပ်သွားသည့် သတ်မှတ်ချက် တစ်ချက်ဖြစ်၏။ ထုံးစံတစ်ခု''

''ထုံးစံတဲ့. . . ထွီ''

နာကြည်းစွာ တွေးရင်း တံတွေးထွေးလိုက်မိ၏။ ထိုထုံးစံကို ပင် အနီးပတ်ဝန်းကျင်မှ ရွာများက ပျော်ပျော်ပါးပါး လက်ခံလိုက်နာ ခဲ့ကြစေသည်။

စည်းခံ့လို မဟုတ်ပါချေ။ စည်းခံ့၍မှု ပန်းဦးအလှူခံမလေ့ ဖြစ်ပါသည်။ သတို့သမီးတိုင်း အရည်းကျောင်းတော်သို့ မျက်ရည်ဖြင့် လာကြရသည်။

''အင်း. . . တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းပါ တကား''

''အား. . . အရည်းမဟာသရေဘဝနဲ့ မလျော်ညီတဲ့ အတွေး တွေ ငါတွေးနေမိပါတကား''

စတုတ္ထမြောက်သေရည်ခွက် မကုန်မီ ခြေကျင်းသံတစ်ချင် ချင်ကို စတင်ကြားရ၏။ နောက်ရန့်သင်းသင်းလေးကပါ ထပ်ကြပ်ပါလာ သည်။ ငြီးငွေ့လှပြီဖြစ်၍ ကျွန်ုပ်လှည့်၍ပင် မကြည့်မိပါ။ လက်ကျန် မကုန်သေးသော သေရည်ခွက်အား ဖြူစင်ဝင်းမွတ်သည့် လက်ကလေး တစ်ဖက်က ရဲဟင်းစွာ လုယူလိုက်ခြင်းခံရ၏။ ဒေါသဖြင့် လှည့်အကြည့် ကျွန်ုပ်တစ်ကိုယ်လုံး တောင့်တင်းအေးခဲသွားရ၏။

''အမိ. . . အမိငယ်. . . အိုပြည့်သင်''

ချုပ်ထိန်းဟန်ဆောင်လိုစိတ် ကျွန်ုပ်တွင် မရှိပါချေတော့။

''လက်ထပ်တော့မယ်ပေါ့ ဟုတ်လား၊ အမိငယ် သင်လက် ထပ်တော့မယ်ပေါ့''

အထပ်ထပ် ဆွဲခါလှုပ်ယမ်းနေမှုကြောင့် ကျွန်ုပ်၏ လက်ကြမ်း ကြီးများထဲမှ အိုပြည့်သင်၏ ပခုံးသားနုနုသွေးခြည်ဥရတော့မည်။ ကျွန်ုပ် အလွန်အမင်း လှုပ်ရှားယိမ်းယိုင်နေမိသည်။ ပြန်လည်တည်ငြိမ်အောင်

ညည်သို့မှ ကြိုးစား၍မရ၊ ဆုံးရှုံးပြီဆိုသည့် အသိက နှလုံးသည်းပွတ်ကို ဆုပ်ညှစ်ချေမွခြင်း ခံနေရ၏။

"အိုပြည့်သင်က ကံဆိုးသူပါ အမောင်၊ ချစ်သူနဲ့လွဲပြီး မချစ်သူရဲ့ ရင်ခွင်မှာ တစ်ဘဝလုံး အပ်နှံရမည့် သူပါ အမောင်ရယ်"

ချစ်သူဆိုပါလား၊ ချစ်သူပါတဲ့၊ ချစ်သူနဲ့ လွဲခဲ့ရသူပါတဲ့။

အိုပြည့်သင်၏ ပခုံးပေါ်မှ ကျွန်ုပ်လက်များ ပြေလျော့ကျသွားရ၏။

"အိုပြည့်သင်အဖြစ်ကို ကြားနာကြည့်ပါဦး၊ အရှင် သူနဲ့ဆုံမိချိန်ဟာ တခဏလေးမျှရယ်ပါ၊ သူဘယ်သူလဲဆိုတာ အိုပြည့်သင် မသိပေမယ့် မြင်စဦးမှာပဲ ရင်ထဲမှာ သိမ့်သိမ့်တုန်အောင် စွဲငြိချစ်ခင်မိရပါဘိတယ်၊ ချစ်စိတ်ဖြစ်ထွန်းပြီးတဲ့နောက်မှာ သူဟာဘယ်သူဆိုတာ သိလိုက်ရတော့ အိုပြည့်သင်ရဲ့ နှလုံးသည်းပွတ်တွေ တစ်စစီလွင့်ထွက်ကြေမွသွားသလို ခံစားရပါတယ် အရှင်"

"သူက ဘယ်သူမို့လို့လဲ၊ ဘယ်ကာလဲ အမိငယ်"

ခြောက်ကပ်လေးတွဲသော အသံတစ်သံ ကျွန်ုပ်နှုတ်မှ ထွက်သွား၏။

"သတို့သမီးတွေရဲ့ ပန်းဦးကို ခူးပြီး ကာမဂုဏ်ကို အီအောင် ခံစားတတ်တဲ့ အရှင်းကိုယ်တော်ဖြစ်နေလို့ပေါ့ အရှင်ရယ်"

မျိုသိပ်နိုင်စွမ်း မရှိတော့သည့်အလား ပေါက်ကွဲသည်းထန်စွာ အိုပြည့်သင် ငိုပါလေတော့၏။

"ပန်းဦးလွှတ်ခလေ့ကို အိုပြည့်သင် မုန်းတီးရွံရှာပါတယ် အရှင်၊ အိုပြည့်သင် ချစ်မိ၊ စွဲလန်းမိတဲ့လူဟာ ပန်းဦးခူးစားနေတဲ့ လူစားမျိုးဖြစ်နေတာမို့ ပိုပြီး ရင်ကွဲရပါတယ် . . . "

"အရှင်းကိုယ်တော်လို့ မသိခင်က သိပ်ချစ်မိခဲ့ပေမယ့် သိလိုက်ရတဲ့အခါ သိပ်မုန်းတီးခဲ့မိပါတယ်၊ ကြားကာလကလေးဟာ သိပ်

ပြီး တိုဗောင်းလွန်းပါတယ်၊ အချစ်နဲ့အမုန်း အားပြိုင်လွန်ဆွဲနေတဲ့ ရင်ထဲက အသည်းဟာ ကြေမွလုပါပြီကော အရှင် . . .

"အခုတော့ အရှင့်ရဲ့ တွန်းအားကြောင့် အမုန်းဆုံးလုပ်ရပ် တစ်ခုကို အိုပြည့်သင် လုပ်လိုက်ပြီလေ၊ သူနဲ့ တစ်ဘဝတာ မဆုံဆည်း နိုင်တော့ပေမယ့် ခဏတာကလေး ဆုံနိုင်ခွင့်အရေးကို အိုပြည့်သင် ဖန်တီးယူလိုက်ရပြီလေ၊ ယောကျ်ားတစ်ယောက်ကို လက်ထပ်လိုက်ရင် ချစ်တဲ့လူဆီ တစ်ညတာရောက်ရမယ် မဟုတ်လား အရှင် . . . အို အမောင်ရယ် နားလည်လိုက်ပါဘိတော့"

"အိုပြည့်သင်ရယ်"

သူမ၏ နှုတ်ခမ်းကလေးကို ပါးဖြင့်အပ်၍ ပိတ်လိုက်မိ၏။ ကျွန်ုပ်အကြွင်းမဲ့ နားလည်လိုက်ပါသည်။

"မြင်စဦးကတည်းက အရှုံးအမှူး စွဲလမ်းတမ်းတခဲ့ရသူပါ ချစ်သူရယ်"

ရင်ထဲမှ ပြောမိ၏။ ဖွင့်ဟရန် သင့်တော်တော့သည့် အချိန် မဟုတ်ပါ။ အိုပြည့်သင်မှာ တစ်ညသာ ကျွန်ုပ်နှင့်အတူရှိ၍ နံနက်လင်း လျှင် သူမရွေးချယ်ထားသော ဘဝအဖော်ထံပြန်သွားရပါလိမ့်မည်။

တစ်ညတာ နာကြည်းစွာ ပြုံးလိုက်မိသည်။

စင်စစ် ထိုမည်သော တစ်ညတာကိုလည်း ကျွန်ုပ်ပိုင်ဆိုင်သည် မဟုတ်ပါချေ။ သို့သော် ချစ်သူကို ပိုင်ဆိုင်ရယူလိုပါသည်။ ယခုပင် ခိုးယူသွား၍ ရနိုင်ပါသည်။ သို့ဆိုလျှင် အရည်းမဟာသရေ၏ ဘဝကို စွန့်ရပေလိမ့်မည်။

မစွန့်နိုင်သေးပါ၊ စွန့်၍ မဖြစ်သေးပါ။

သတို့သမီးတွေရဲ့ ပန်းဦးကိုချူးပြီး ကာမဂုဏ်ကို ဝအီအောင် ခံစားတတ်တဲ့ အရည်းကိုယ်တော်ပါတဲ့။

နားတွင်းသို့ သံမှူရည်လောင်းချလိုက်သည့်နှယ်။

သို့စေကာမူ မချေပလိုတော့ပါ၊ မိမိကိုယ်သာလျှင် အသိဆုံး ဖြစ်ပါသည်။ သွေးစွန်းပေသော အဝတ်များ ခိုင့်ကြယ်မြား တွေးရင်း ဖြင့် လက်မောင်းမှ မားရာက နာကျင်လာရ၏။ သတို့သမီးနှစ်ယောက် ပြိုင်တူလာသောညက ခိုင့်က၏ သွေးအစား ကျွန်ုပ်၏ လက်မောင်း သွေးကို အသုံးပြုခဲ့ရသည်။

ဤအဖြစ်ကို မည်သူ သိပါမည်နည်း။ ကျွန်ုပ်အခလျှင် သိပါ သည်။ ပြီးတော့ လူယုံတော်ကြီး သုမန။

သုမနသည်လည်း ဘယ်သောအခါမှ ထုတ်ဖော်ပြောကြားလိမ့် မည် မဟုတ်ပါ။ အတွေးစကို ဖြတ်၍ အိုပြည့်သင်အား တင်းကျပ်စွာ ပွေ့ဖက်နမ်းရှိုက်လိုက်မိ၏။ တာဝန်နှင့် ချစ်ခြင်းမေတ္တာကြားတွင် နှလုံး သည်းပွတ်မှာ မြေဇာပင် ဖြစ်ရသည့် ကျွန်ုပ်။

ပေါက်ကွဲရွှေပြည် . . . ကျွန်ုပ်၏ အရှင်သခင်

မပြီးဆုံးသေးသော တာဝန်များ။ ထို့နောက် . . .

ကျွန်ုပ်ကား ထချည်ထိုင်ချည် လမ်းလျှောက်ချည်ဖြင့် ဆုံး ဖြတ်ချက် မပိုင်သေးပါ၊ အိုပြည့်သင်အား ကြည့်လိုက်၏။ နေရာတွင်ပင် ကျောက်ဆစ်ရုပ်ကလေး တစ်ရုပ်အလား ငြိမ်သက်စွာ ထိုင်လျက်ရှိ သည်။ တစ်ခါတစ်ရံ တောက်ပသော အကြည့် ကျွန်ုပ်ထံ လှမ်း၍လှမ်း ၍ ကြည့်တတ်၏။

ပင့်သက်ရှည်ကြီး ရှိုက်ချလိုက်မိပြန်သည်။ ခိုတစ်ကောင် စူးစူးဝါးဝါးအော်လိုက်သံက ကျွန်စ်အား ရုန့်ရင်းစွာ ရိုက်ပုတ်လာ၏။

"သုမန"

"အရှင်"

ထူးသံနှင့်အတူ သုမန မရှေးမနှောင်းရောက်လာသည်။

လည်ပြတ်လျက်ရှိသော ခိုတစ်ကောင်အား သွေးခံအင်တုံ နှင့်တကွ ယူဆောင်လာ၏။

"သုမနအနေနဲ့ အရှင့်လက်မောင်းသွေးတစ်စက် အကျမခံနိုင်ပါ။ ခိုအကောင်တစ်ထောင်သတ်လျှင် သတ်ရပါဘိ"

သုမနစကားကို ကျွန်ုပ်သာ နားလည်ပါသည်။ လက်မောင်းမှ စေးရာကို စမ်းကြည့်ရင်း ငယ်ကျွန်ကြီး၏ မျက်နှာကို ကျွန်ုပ်အတော်ကြာ ငေးနေမိ၏။

"မိုးသောက်ယံကို ကျူးလာပါပြီ အရှင်၊ ဆောင်ရွက်ဖွယ်ကိစ္စများ လုပ်ဆောင်ရန် အချိန်လဲ နည်းပါးလာပါပြီ"

"ကောင်းပြီ . . . သုမန"

ခိုသေကောင်ကိုယူ၍ သွေးအင်တုံကို ထားရစ်ခဲ့ကာ သုမနပြန်ထွက်သွားသည်။

"အိုပြည့်သင်"

"အရှင်"

ဆန့်တန်းပေးလိုက်သော လက်မောင်းများအကြားသို့ အိုပြည့်သင်တိုးဝင်လာ၏။ မြတ်နိုးစွာ ပွေ့ပိုက်၍ ကြင်နာစွာ နမ်းရှိုက်လိုက်မိသည်။

"နံနက်မိုးသောက်ရင် အမိငယ်တို့ရဲ့ လက်ထပ်ပွဲကျင်းပပြီ ဟုတ်စ"

အိုပြည့်သင်၏ မျက်လုံးအိမ်၌ မျက်ရည်များ အိုင်ဖွဲ့လာပြန်ပါသည်။

"အဘယ်ရွာမှာလဲ အမိငယ်"

"စည်သာ"

"ဩော် . . . ဝေးလံလှပါဘိ"

"သူတို့ အစောကြီးလာပြီး အိုပြည့်သင်ကို ခေါ်ဆောင်ကြပါလိမ့်မယ် အမောင်"

"အင်း . . . ဟုတ်တာပေါ့၊ ဝေးလံလှပေသကိုး"

''အမောင်''

ကျွန်ုပ် မထူးမိ၊ နူးမွတ်သန့်စင်သော အလှမျက်နှာ ကလေး အား ချစ်မက်စွာ ငုံ့စိုက်ကြည့်နေမိ၏။

''အိုပြည့်သင်ဟာ လွတ်လပ်သူအဖြစ်မှာသာ ရှိနေပါသေးတယ် အရှင့်၊ မနက်ဖြန်တစ်ည လွန်မြောက်ပြီးရင်တော့ . . .''

သူမ၏ နှုတ်ခမ်းကလေးများကို ကျွန်ုပ်၏ ပါးပြင်ဖြင့် ဖိကပ်၍ ပိတ်ပစ်လိုက်ရပါ၏။

သတို့သမီးလောင်းအားခိုးယူသွားသော မဟာသရေ။

အမိန့်အာဏာနှင့် တာဝန်ကို သွေဖီကျော်ခိုးသွားသော မဟာ သရေ၊ ချမှတ်ပေးသော စည်းဘောင်မှ မိုက်မဲစွာ ကျော်လွှားသွားသော မဟာသရေ။

စဉ်းစားကြည့်ရုံဖြင့်ပင် ခေါင်းကို သွက်သွက်ခါမျှ ယမ်းပစ်လိုက် မိသည်။

ထိုသို့ အဖြစ်မခံနိုင်ပါ။ အချစ်ထက် တာဝန်ကို အရေးပေး သူ မဟာသရေ။ အမိန့်အာဏာကို တိကျပြတ်သားစွာ လိုက်နာလုပ် ဆောင်သူ မဟာသရေ။

ချမှတ်ပေးလိုက်သော စည်းဘောင်အတွင်း၌ နှလုံးသည်းပွတ် ကို စတေးနိုင်သူ မဟာသရေ။

ထိုသို့သာ ဖြစ်ရပေလိမ့်မည်။

ကျွန်ုပ်၏ ရင်ထဲ၌ မွန်းကျပ်၍လာ၏။ ရင်ခွင်ထဲမှ အိုပြည့် သင်အား တင်းတင်းကျပ်ကျပ် ကျစ်ကျစ်ထွေးထွေးကြီး ဖက်ပွေ့ယူလိုက် ၏။ လည်တိုင်ကြော့ကြော့လေးအား တုန်ယင်စွာ နမ်းလိုက်မိပြီးနောက်–

ကျွန်ုပ်၏ လက်ချောင်းထိပ်ကလေးများက မေ့ကြောကို နှိပ် လိုက်၏။

''အိပ်ပေဦးတော့ ချစ်သူရယ်''

တီးတိုး ညည်းတွားရင်း သုမအား ညောင်စောင်းပေါ်တွင် ယုယစွာ သိပ်ထားလိုက်ပါသည်။ မွန်းကျပ်သော ဝေဒနာဖြင့် ကျွန်ုပ်၏ ရင်ပြင်ကြီးပေါ်မှာ နှိမ့်ချည်မြင့်ချည် ပင်ပန်းတကြီး လှုပ်ရှားလျက်ရှိနေပါသည်။ သေရည်တကောင်းကို ဆွဲအယူတွင် ခိုသွေးဇလုံကို တိုက်လိုက်မိ၏။

"ဂွမ်း . . ."

အင်တုံကျကွဲသံကြောင့် သုမနပြေးဝင်လာ၏။ ကြမ်းခင်းမွေးရှည်ကော်ဇော အနီရောင်မှာ ခိုသွေးများဖြင့် ညိုမှောင်ပေကျံသွားတော့သည်။

"သုမန . . . သေရည်"

အင်တုံအကွဲအစများကို ကောက်ယူပြီး သေရည်အိုးအသစ်ယူရန် သုမန ထွက်သွားရပြန်၏။ တစ်နေ့လုံး တစ်ညလုံး သောက်နေရမည်။

အိုပြည့်သင်ရယ် . . .

ချစ်သူပေးတဲ့ ဝေဒနာတွေရယ်လေ။

အရှေ့ဘက်မိုးကောင်းကင်က နေခြည်နုတမျှလောက် ဖြာဆင်းထိုးကျလာသည့် အချိန်မှာ ချစ်သူဟာ ငါ့ရဲ့ထံပါးက ထွက်ခွာသွားတော့မယ် မဟုတ်လား။ ငါ့ရဲ့စိတ်ဝိညာဉ်ကို အချစ်နဲ့ အတူ ထည့်ပေးလိုက်ပါ့မယ် ချစ်သူရယ်။

♛ ♛ ♛

နံနက်စာကို တို့ပင်မတို့မီ။

အေးစက်ဖျော့သော ထမင်းပွဲရှေ့တွင် ထိုင်လျက် ကျွန်ုပ်၏ စိတ်ဝိညာဉ်သည် အိုပြည့်သင်နောက်မှ တစ်ကောက်ကောက်လိုက်လျက် ရှိနေသည်။ နေလုံးနီနီကြီး တောင်စွယ်အခဆီးအတားကြားမှ ဘွားခနဲ ပြူထွက်အလာ ရောင်ခြည်ပိုက်ကွန်ဖြင့် လောကဓာတ်တစ်ခွင်လုံးအား အုပ်စိုးဖြန့်ကြက်ခိုက် ကွက်တိပင် သူတို့ရောက်လာကြပါ၏။

အိုပြည့်သင်အား ခေါ်ဆောင်သွားခဲ့ကြ၏။ ပန်းဦးလွှတ်မလေ့ကို သူတို့လိုက်နာပြီးခဲ့ကြပေပြီ။

ယနေ့ နေကုန်အောင် ကျွန်ုပ်မည်သို့ကြံဆောင်ရမည် မသိ။ တင်းကျပ်သော စိတ်ကို ဖြေလျှော့ဖောက်ခွဲပစ်လျှင် 'ဝေဒနာသက်သာ ညည်လား။

''အရှင် သေရည်ချည်းသောက်နေလျှင် အရှင့်ကျန်းမာရေး ဆိုးယွင်းပါလိမ့်မယ်၊ အသားကင်လေးမျှတော့ သုံးဆောင်သင့်ပါဘိ''

နီရဲကြွပ်ရွနေသည့် အသားကင်များကို စားပွဲပေါ်၌ ပြင်ဆင်ပေးရင်း သုမနက ပြောနေသည်။ သို့သော် ကျွန်ုပ်တွင် စားလိုစိတ်မရှိ။

"သုမန"

"အရှင်"

"ဟန်ဆောင်ရတာ ကျွန်ုပ် ပင်ပန်းလှပါပြီ"

"စာနာမိပါတယ် အရှင်"

"ကျွန်ုပ်ရဲ့ သွေးတွေဟာ ဘယ်အထိ အေးခဲနေနိုင်မှာလဲ၊ အမှောင်ချောက်ကမ်းပါး ဘယ်လောက်နက်သလဲဆိုတာ တစ်ခါတစ်လေ သိချင်စိတ်ပေါက်လာရင် မခက်ပေဘူးလား"

"မှန်ပါတယ် အရှင်"

"အကျွာဘာဏီတပ်နဲ့ တွေ့လိုက်ချင်ပါရဲ့၊ အခုဟာက"

ယုန်ပေါင်ကင်တစ်ခုကို ဆွဲယူပြီး ဒေါသတကြီး ဝါးချေနေမိပြန်သည်။ လျှာပေါ်တွင် ဘာအရသာမှ မတွေ့။ လည်ချောင်း၌ တစ်ဆို့နေသဖြင့် သေရည်နှင့် မျောချပစ်ရပြန်သည်။

"သုမန"

"အရှင်"

"ရမ္မက်ကတစ်ဆင့်အချစ်ဟာ မပေါက်ဖွားနိုင်ပေမယ့်၊ အချစ်ကတစ်ဆင့် ရမ္မက်ဟာ မွေးဖွားပေးနိုင်တယ်ဆိုတာ သင်သိရဲ့လား"

သုမန မဖြေပါ။ ငြိမ်သက်တိတ်ဆိတ်စွာရပ်လျက် ကျွန်ုပ်အား ကြည့်နေ၏။

"ပေါက္ကံရွှေပြည်ကို ကျွန်ုပ်သွားမယ်"

သုမန ထိတ်လန့်သွားဟန်ရှိ၏။

"ကျွန်ုပ် ရင်ထဲက အကြောင်းတွေကို ဖွင့်ပြောမယ်၊ အဲဒီတော့ ဘာဖြစ်လာမယ် ထင်သလဲ"

"တပ်မှူးကြီး သိဒ္ဓိဗလရဲ့ သမိုင်းဟာ ပေါက္ခရာဝဇ်မှာ အမည်းစက်ထင်သွားမှာပေါ့ အရှင်"

အသံကို နှိမ့်၍ သုမနကပြော၏။ ထိုအမည်က ကျွန်ုပ်ရင်ထဲမှ ကလေးဆန်သော အတွေးများ၊ တင်းကျပ်မှုများကို မောင်းနှင်ဖြေလျှော့ပစ်လိုက်လေပြီ။

ပင့်သက်ရှည်ကြီးနှင့်အတူ သေရည်တကောင်းကို ကျွန်ုပ်လွှတ်ချလိုက်သည်။

"ကျွန်ုပ် ကလေးဆန်သွားတယ် သုမန၊ အင်း. . . အချစ်ဆိုတာ ဒီလိုပါပဲလေ"

ငိုက်ကျနေသော ဆံပင်ရှည်များကို လက်ဖြင့် သပ်တင်ပြုပြင်လိုက်ပြီး ကိုယ်ရုံကို ပခုံးပေါ်တွင် လွှမ်းလိုက်သည်။ ဥယျာဉ်တစ်ဘက်ရှိ သုဒ္ဓိ၏ ကျောင်းဆောင်ဘက်သို့ မျှော်ကြည့်လိုက်သည်။ အိမ်မောင်းရေးကျင့်နေကြသော သူ့ဒ္ဓိနှင့် သူ့တပည့်များကို မြင်ရ၏။

"အင်း. . . သုဒ္ဓိကို ရန်သွားစရင် ပျော်စရာကောင်းမယ်ထင်တယ်"

"အပျင်းပြေသွားတာပေါ့ အရှင်"

"ပေးစမ်း"

ဆန့်တန်းလိုက်သော လက်ထဲသို့ သုမနက ကျွန်ုပ်၏ အဲမောင်းကိုလာ၍ ထည့်ပေး၏။ ဝိသာချိန် ငါးဆယ်လေးသော အဲမောင်းမှာ ကျွန်ုပ်၏ လက်ထဲတွင် သာမန်ဓားတစ်လက်သဖွယ် ရှိနေသည်။

"ဒီကနေ့ စံချိန်အတိုင်းသာ ဆက်လက်ပြီး သေရည်သောက်သုံးနေမယ်ဆိုရင် အရှင့်ရဲ့အဲမောင်းဟာ တစ်နေ့တစ်ခြား လေးလံလာပါလိမ့်မယ် အရှင်"

"မှန်တာပေါ့ သုမန၊ ဒါပေမယ့် ဒီကနေ့တော့ သေရည်ဟာငါ့အတွက် ဝေဒနာထွက်ပေါက်ဖြစ်ဘိ"

ပခုံးများကို ကျုံ့၍ သုမနအား ပြုံးပြလိုက်ပြီး ဝရန်တာမှ လှည့်ထွက်သွားခဲ့ခြင်း... 

သုဒ္ဓိကို ရန်စပြီး အဲမောင်းရေးလေ့ကျင့်ရမည်။

ကြားရသည့်ကို မယုံနိုင်လောက်အောင် ရင်တစ်ထိတ်ထိတ် ခုန်လာ၏။ ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လား မသိ။

"ပြန်ပြောစမ်း သုမန"

"အိုပြည့်သင်ရဲ့ မင်္ဂလာပွဲကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ရပါသတဲ့ အရှင်"

"ဘာကြောင့်တဲ့လဲ"

"သတို့သားမှာ ရုတ်တရက် ရောဂါဝေဒနာတစ်ခု ကပ်ငြိလာတဲ့အတွက်ကြောင့် ဖြစ်ပါတယ် အရှင်"

"ရောဂါဝေဒနာပျောက်ကင်းရင် သူတို့ လက်ထပ်မယ်ပေါ့"

"မှန်ပါတယ် အရှင်"

သက်ပြင်းမောကြီး ရှိုက်မိပြန်ပါသည်။ ရောဂါနှင့် ကျွန်ုပ်မှာ ဆန့်ကျင်ဘက်ပင်။ ရောဂါတွေ့လျှင် ကျွန်ုပ်တတ်ကျွမ်းသော ဆေးပညာ

ဖြင့် ကုသပေးချင်လာသည်က ကျွန်ုပ်၏ စေတနာအရင်းခံဖြစ်၏။ လူ
အပေါင်းအား ရောဂါဘယဘေးမှ ကယ်တင်လိုလှပါသည်။ အိုပြည့်သင်
၏ သတို့သားမှာ လူထဲက လူသားတစ်ယောက်သာလျှင် ဖြစ်သည်။

ချစ်သူ လက်မထပ်ဖြစ်သေးဟု ဆိုသဖြင့် အခိုက်အတန့်
တဒင်္ဂလေး ဝမ်းသာ ရင်ခုန်မိခြင်းဖြစ်၏။ သို့သော် လူတစ်ယောက်
ရောဂါရခြင်းအတွက်ကား ကျွန်ုပ်ဝမ်းမသာနိုင်ပါ။

"ဘာရောဂါတဲ့လဲ သုမန"

"ကွဲကွဲပြားပြား မသိရပါ အရှင်"

"ဘယ်သမားနဲ့ ကုနေသလဲ သုမန"

"အိုပြည့်သင်ရဲ့ အဖကိုယ်တိုင် ကြပ်မတ်ကုသပေးနေတယ်
လို့ ကြားရပါတယ် အရှင်"

"ဩော် . . . အင်း . . . ချမ်းသာကြပါစေလေ"

မြင်းခွာသံများ ကျွန်ုပ်ကျောင်းဆောင်သို့ ရှေးရှုလာနေ၏။
စိုးရိမ်ဟန်ဖြင့် သုမနနားစွင့်နေသည်။

"မကြောင့်ကြပါနဲ့ သုမန၊ မြင်းခြောက်ကောင်ကထားတဲ့
ရထားရဲ့ အသံပါ၊ ရှေ့မှ တစ်စုံတစ်ယောက်လဲ မြင်းတစ်ကောင်စီးပြီး
လိုက်ပါလာတယ်၊ အင်း . . . တန်တော့"

ပြောနေစဉ်မှာပင် ဥယျာဉ်အဝသို့ သူတို့ဆိုက်ရောက်လာကြ
၏။

"မြို့စားမင်း စံအိမ်က မြင်းရထားပါလား"

"မှန်တယ် သုမန၊ ဒါမြို့စားမင်းရဲ့ ရထားပဲ၊ ဟော . . ဟို
မှာ ဥယျာဉ်ကိုဖြတ်ပြီး ခြေလျှင်လျှောက်လာသူဟာ မြို့စားမင်းရဲ့သား
မဟုတ်လား"

"မှန်ပါတယ် အရှင်၊ အရှင့်အား ပင့်ရန် လာရောက်ပုံ ရပါ
တယ်"

သုမနအထင်မှာ မှန်နေ၏။ မြို့စားမင်း၏သားသည် ကျွန်ုပ်အား အရှိအသေပေးပြီးနောက် လာရင်းကိစ္စအား ပြော၏။

"အရှင်မဟာသရေ ကယ်တော်မူပါ၊ အဖမြို့စားကြီး ရောဂါတစ်စုံတစ်ခုနဲ့ မိန်းမောနေပါဘိတယ်၊ အရှင် အခုချက်ချင်းကြွမှ–"

"အချိန်ကုန်လိုက်တာကွယ်၊ သုမန ဆေးအိတ်ယူချေ"

ထို့နောက် . . .

မြင်းရထားကို လျင်မြန်စွာ မောင်းနှင်စေ၍ ကျွန်ုပ်တို့ မြို့စားစံအိမ်သို့ ထွက်ခဲ့ကြ၏။ လမ်းတွင် တွေ့ရသော နမိတ်များအရ မြို့စားကြီး၏ အသက်မှာ ငါးဆယ်ရာခိုင်နှုန်းသာ ကျွန်ုပ်လက်၌ရှိနေ၏။

"ဒီထက် မြန်မြန်မောင်းဘိ"

ရထားထိန်းက ရထားကို နှစ်ဆတိုး၍မြန်လိုက်၏။ မြို့စားကြီး၏ စံအိမ်နှင့် အရည်းကျောင်းမှာ ခရီးကွာလှမ်းလှ၏။

"ဂျိမ်း . . . ဂျလိမ်း"

မြင်းတစ်ကောင် ခွာလိပ်သွားသဖြင့် ရထားမှာ ယိမ်းယိုင်၍ ရထားကာ ကျောက်တောင်နံရံဖြင့် ပွတ်ဆွဲမိသွား၏။ ကျွန်ုပ် စိတ်မရှည်တော့။ ရထားကို ရပ်ခိုင်းလိုက်၏။ မြို့စားသား စီးလာသောမြင်းကို ပြောင်းစီးလိုက်သည်။ သူရဲနှင့်လာလျှင် သည်လို နှောင့်နှေးမည် မဟုတ်။

"သင့်တော်သလိုသာ လိုက်လာကြပေတော့၊ ကျွန်ုပ် မစောင့်နိုင်ဘူး ဟိုမှာ အရေးကြီးနေပြီ"

သုမန ချိတ်ပေးသော ဆေးအိတ်ကို မြင်းကုန်းနှီးတွင် နေသားတကျစစ်ဆေးပြီး မြင်းကိုဒုန်းစိုင်းခဲ့ပါသည်။ သေမင်းလက်တွင် ရောက်နေသော ရာခိုင်နှုန်းငါးဆယ်ကို ကျွန်ုပ် ရယူရပေလိမ့်မည်။ အချိန်သည် အရေးကြီးနေပါသည်။ မြင်းကို ကဆုန်စိုင်း၍ ဖြစ်ပေါ်လာသော ထောင်းမောက်ဝယ် စိတ်သည် လွင့်မြောသွားပြန်ပါသည်။

ပေါက္ကံ့ရွှေပြည်၏ လျှို့ဝှက်သမားတော်။

တပ်မှူးကြီး သိဒ္ဓိဗလ၊ အတုမဲ့ သိုင်းသမား။

မြို့စားကြီး၏ စံအိမ်ကို ကုန်းထိပ်တွင် ဘွားခနဲတွေ့လိုက်ရမှ နောက်ကြောင်းတွင် လွင့်ပြေးနေသော စိတ်အဟုန်ကိုလည်း ရပ်တန့်လိုက်ရသည်။ ကျောက်လှေကားထစ်များပေါ်သို့ မြင်းပေါ်မှ မဆင်းဘဲ ဝှားခနဲခုန်တက်လိုက်မိ၏။ ကြိုဆိုသူများကို တွန်းဖယ်ပစ်ကာ အတွင်းဆောင်သို့ ခြေလှမ်းကျဲကြီးများဖြင့် တောက်လျှောက်ဝင်ခဲ့၏။

"ကယ်မတော်မူပါ အရှင်"

ကျိတ်၍ ရှိုက်ငိုနေရာမှ မြို့စားကြီးကတော်က ဆီးကြိုတောင်းပန်၏။ ညောင်စောင်းပေါ်တွင် မြို့စားကြီး မေ့မြောနေရှာပါသည်။ လက်ကောက်ဝတ်သွေးကိုစမ်းရင်း မျက်ခွံများကို ဖြဲကြည့်လိုက်သောအခါ အခြေအနေမှာ မလွန်သေး။ တစ်စုံတစ်ယောက်က ဆေးအိတ်ကို ကျွန်ုပ်၏ လက်တစ်ကမ်းနေရာတွင် ထားပေးလာ၏။

ဆေးအိတ်ထဲမှ ရေကဲ့သို့ ကြည်လင်နေသော ဆေးပုလင်းကလေးကို ထုတ်ယူလိုက်သည်။ ထိုဆေးကို ကျွန်ုပ်က "အမတေ အမြိုက်ရေစင်"ဟု အမည်ပေးထား၏။

မြို့စားကြီး၏ ဦးခေါင်းကို ညင်သာစွာ မထူစေပြီး ကျွန်ုပ်လက်များဖြင့် ပါးနှစ်ဖက်ကို ညှပ်ဖွားလိုက်ပြီး ဖွင့်ဟလာသော ပါးစပ်ထဲသို့ အမတေ အမြိုက်ရေစင် သုံးစက်ချပေးလိုက်၏။ ခေတ္တမျှ စောင့်ကြည့်ပြီးနောက် ထပ်သုံးစက်ထပ်မံ ချပေးလိုက်ပြန်သည်။

ထို့နောက် . . .

နောက်ထပ် သုံးစက်။ မြို့စားကြီး သတိရလာ၏။ မျက်စိကောင်းစွာ ပွင့်လာ၏။ အိမ်သူအိမ်သားများကို ကြည့်၏။ ကျွန်ုပ်၏ မျက်နှာပေါ်သို့ မြို့စားကြီး၏အကြည့်များ ရောက်လာသည်။

ကျေးဇူးတင်မှုနှင့် အားကိုးမှု ရောနှောသောအကြည့်၊ အား

ဆေးသည့်အနေဖြင့် ကျွန်ုပ်ခေါင်းတစ်ချက် ညိတ်ပြလိုက်၏။ နောက် ဆေးတစ်မျိုးတိုက်လျှင် အခြေအနေမှာ စိတ်ချတန်သရွေ့ စိတ်ချရပေပြီ။

ကျောက်ပျဉ်တစ်ချပ်ယူခဲ့စေပြီး ကျွန်ုပ်ကိုယ်တိုင် ဆေးသွေးသည်။ အမတေအမြိုက်ရေစင်သုံးစက် ထပ်မံရောစပ်လိုက်သည်။ ပြီးလျှင် 'မဟာဗိသျှနု' ၏ နာမံတော်ကို သုံးကြိမ်ခေါ်ဆို တိုင်တည်၍ မန္တာန်တစ်ပုဒ်ကို သုံးခေါက်ရွတ်ဆိုသည်။

မြို့စားကြီးအား ဆေးတိုက်ပြီးနောက် အခြေအနေကို စောင့်ကြည့်နေစဉ် ကျွန်ုပ်ကိုယ်မှ ဖုန်မှုန့်များကို သတိပြုမိ၏။

"ရေမိုးသုံးသပ်ပြီး နားနေတော်မူပါ အရှင်၊ ယနေ့ ကျောင်းတော်သို့ ပြန်မကြွပါနဲ့ဦး၊ မြို့စားကြီး စိတ်ချရမှ . . ."

မြို့စားကြီးကတော်က မရဲတရဲလျှောက်သဖြင့် ခေါင်းညိတ်ပြလိုက်ရသည်။ အမှန်ပင် မြို့စားကြီး၏ အခြေအနေမှာ စောင့်ကြည့်ရန်လိုအပ်နေပေသည်။

"ဟယ် . . . သေမင်း၊ ဆုတ်လော့ . . . သင့်လဲ့ဂူတွင်းမှ ရာခိုင်းနှုန်းငါးဆယ်အား ကျွန်ုပ်ထံတွင် ထားခဲ့ဘိလော"

ကျွန်ုပ် ကြုံးဝါးနေမိသည်။

ထို့နောက် လူနာမြို့စားကြီးအား တစ်ချက်အကဲခတ်ပြီးနောက် ကျွန်ုပ် ရေမိုးသန့်စင်၍ နားနေခန်းအတွင်းဝင်၍ သလွန်တော်ပေါ်တွင် မှိန်းနေလိုက်သည်။

ခြေသံဖွဖွညင်ညင်ကလေးက ကျွန်ုပ်၏ ပိတ်ထားသော မျက်လွှာများကို ဆွဲဖွင့်လိုက်၏။ အလှအပများ စုဝေးနေသည့် မိန်းမချောတစ်ယောက် ဖြစ်နေ၏။ ကျွန်ုပ် မနှစ်မြို့ပါ။ ခက်ထန်သော ကျွန်ုပ်၏ အကြည့်အောက်တွင် မိန်းမချောမှာ တုန်ယင်နေလေသည်။

"သင် . . . ဘယ်သူလဲ"

"ဟိုး . . . ဟိုး . . . ဟိုး . . . သူတို့လွှတ် . . . "

စောင့်ရန် ကျွန်ုပ် စိတ်မရှည်။

"ဘယ်သူ လွှတ်လိုက်တာလဲ၊ ပြန်ထွက်သွားစမ်း"

"အရှင့်အတွက် . . . အရှင့်အတွက် အဖော်"

ကျွန်ုပ် နားလည်ပြီ၊ အညေးမဟာသရေအတွက် ညအဖော်ကို သူတို့စီစဉ် ရွေးချယ်လွှတ်လိုက်ခြင်းပင် ဖြစ်၏။

"အရှင့်ကို ဧည့်ခံပြုစုပေးဖို့"

ကျွန်ုပ် ခေါင်းယမ်းလိုက်၏။

"မလိုဘူးလို့ ပြောလိုက်ပါ"

ပြတ်တောင်းစွာပြောပြီး မျက်စိကို ကျွန်ုပ်ပြန်မှိတ်ထားလိုက်၏။ အတန်ကြာသည်အထိ ပြန်လည်ထွက်ခွာသွားသော ခြေသံကို မကြားရ။ နံ့သာနံ့မှာ သင်းပျံ့နေဆဲ ဖြစ်၏။ မျက်စိကို ပြန်ဖွင့်လိုက်မိသည်။ မိန်းမချောမှာ နေရာတွင် ရပ်လျက်ပင်ရှိနေ၏။

"သွားတော့"

အခန်းပေါက်သို့ လက်ညိုးညွှန်၍ တိုတောင်းစွာ အမိန့်ပေးလိုက်၏သည်။ မိန်းမချောလေး၏ မျက်လုံးများမှာ ကြောက်ရွံ့မှုကြောင့် ပြူးဝိုင်းနေသော်လည်း နေရာမှမူမရွေ့လျားသေး။

"ဟော့ . . . ငါ ဆွဲထုတ်ရမလား"

"ကြောက်လှပါတယ် အရှင်၊ မပြန်ဝံ့ပါ"

စိတ်တိုလာပြီဖြစ်သော ကျွန်ုပ်သည် တံခါးဆီသို့ ထသွားကာ ကြမ်းတမ်းစွာ တွန်းဖွင့်လိုက်သည်။

"ဟော့ . . . ဒီမှာ တစ်ယောက်လာစမ်း"

အသံကျယ်ကြီးဖြင့် အော်ခေါ်လိုက်မှ ဘယ်နေရာတွင် ပုန်းနေသည် မသိသော လူတစ်ယောက် အပြေးအလွှားထွက်လာသည်။

"သင်က ဘာလဲ"

• "တံခါးမှူးပါ အရှင်"

"ကောင်းပြီ တံခါးမှူး၊ သင်တို့ သခင်ရဲ့ ညွှန်ကြားမှုကို ဒါက အသိအမှတ်ပြုတယ်လို့ ပြောလိုက်၊ ပြီးတော့ ဟောဟိုက အမိ ယ်ကိုလဲ ပြန်ခေါ်သွားဘိ၊ ဘယ်အမိယေမှ ငါ့ထံမလွှတ်နဲ့ ကြားရဲ့ လား"

"ကောင်းပါပြီ . . . အရှင်"

"ငါ ဒီကိုလိုက်လာတာ မြို့စားကြီးရဲ့အသက်ကို ကယ်ဖို့ အခု မဟာဗိသျှနိုးရဲ့ မဟာကရုဏာတော်ကို ငါတောင်းဆိုနေခိုက် ဖြစ်တယ်၊ ငါ့ရဲ့စိတ်ပိညာဉ်ကို ဗိသျှနိုးထံမှောက် စေလွှတ်နေခိုက်ဖြစ်ဘိ၊ မြင်ပ အနှောင့်အယှက် မလိုချင်ဘူး။ ကြားရဲ့လား"

"သည်းခံတော်မူပါ အရှင်၊ မသိနားမလည်တဲ့အတွက် အမျက် ထားတော်မမူပါနဲ့ အရှင်"

"ကောင်းပြီ၊ ငါ ခွင့်လွှတ်တယ်"

မိန်းမချောအား ခပ်မြန်မြန်ခေါ်၍ တံခါးမှူးထွက်သွားမှ ကျွန်ုပ် သက်ပြင်းချနိုင်တော့၏။ သလွန်ပေါ်သို့ ပြန်ထိုင်လိုက်သည်။ စားပွဲ ပေါ်မှ အရာမယွင်းသေးသော စားစရာသောက်စရာများကို တစ်ချက် ဝေ့ကြည့်လိုက်၏။

ပထမတန်းစား သေရည်နှင့် အသားမျိုးစုံကင်များ၊ သစ်သီး များ ကျွန်ုပ် ဘာကိုမျှ မသောက်၊ မစားပါ။ နောက်ထပ် အနှောင့်အယှက် ထင်လာဦးမည်ကို မလိုလားသဖြင့် မြို့စား၏ ဘုရားဆောင်ထဲသို့ ကျွန်ုပ် ဝင်ခဲ့ပါသည်။ ခမ်းနားတောက်ပြောင်သော အမွှမ်းအမံပူဇော်မှုများဖြင့် ချပ်တုအသီးသီးရှိနေ၏။

အဝလောကိတေသွာပါ ဗောဓိသတ္တရုပ်တု။
ဗိသျှနိုး နတ်မင်းကြီး ရုပ်တု။
ဗိသျှနိုး၏ ကြင်ယာတော်ရုပ်တု။

---

စိတ်ကူးသစ်စာပေ

ဗိသျှနိုးအေ၏ စီးတော်ငှက် 'ဂဠုဒ' ရုပ်တု။

နဂါး ရုပ်တု။

ထိုအရာများကို ခေတ္တမျှ ငေးစိုက်ကြည့်နေမိခိုက် ကျွန်ုပ် ရင်သည့် လေးလံပင်ပန်းနေလေသည်။ ပင့်သက်မောကြီး အလိုလို ရှိုက်မိလျက်သား ဖြစ်နေ၏။

မြို့စား ဘုရားဆောင်၌ အရည်းသာသနာ ဝင်းလက်တောက်ပြောင်နေလေသည်ကို ကျွန်ုပ်အရှည်း မဟာသရေ ဝမ်းမြောက်ပီတိဖြစ်ဖို့ပင် မဟုတ်ပါလား။

သို့သော် . . .

ဒုတိယအကြိမ်မြောက် ပင့်သက်ကြီးကို ချမိပြီးနောက် ဗိသျှနိုး၏ ခြေရင်းဝယ် ကျွန်ုပ် ထိုင်လိုက်ပါသည်။

ဆေးဝါးမန္တန်များကို အစွမ်းထက်မြက်စေသော ဗိသျှနိုး။

♛ ♛ ♛

၁

သူရဇ္ဇ၏ ဖက်ကြီးကို သုမနထံမှ လှမ်းယူပြီးနောက် ကျော ပေါ်သို့ ကျွန်ုပ် ခုန်တက်လိုက်သည်။

"သတိတော့ထားပါ အရှင်"

"မြိုင်သေလာဟာ မဟာသရေရဲ့ အိမ်ပါ သုမန၊ မပူပါနဲ့"

ကျွန်ုပ်၏ နောက်တွင် တိတ်ဆိတ်စွာရပ်မျှော်ကြည့်ရင်း သုမန ကျန်ရစ်ခဲ့၏။ မြို့စားကြီးအတွက် ဆေးတစ်မျိုးဖော်စပ်ရန် သစ်မွေးနှင့် ကျားသွေးလိုနေသည်။ ကျားသွေးမှာ ပုံသဏ္ဍူဖြစ်ရမည်။ ကျားကို သတ်၍ မယူရ။ ဒေသခံ မုဆိုးကျော်များကို မှာကြားပါက မုချကျားကိုသတ်၍ ကျားသွေးယူကြပေလိမ့်မည်။ စိတ်မချရပေ။

ထို့ကြောင့် ကျွန်ုပ်ကိုယ်တိုင် ထွက်ခဲ့ရသည်။ ထိုဆေးဖက် ဝင် နှစ်မျိုးကို ယူသည့်အခိုက်တွင် နက္ခတ်ကိုလည်း သတိထား၍ စောင့် ကြည့်ရပါဦးမည်။ ထိုကိစ္စမှာ မုဆိုးများ၏ အလုပ်မဟုတ်။ ကျွန်ုပ် မဟာ သရေမှ တစ်ပါး တတ်နိုင်သူ မရှိပါချေ။

မြှုဝ်သေလာသည့် ထုံးစံအတိုင်း တိတ်ဆိတ်လျက်ရှိသည်။ မြိုင်နဒီသည် ကျွန်ုပ်အား သာယာငြိမ့်ညောင်းစွာ ဆီးကြိုသည်။ အမောအပန်းဟူသမျှ မြိုင်နဒီရင်ခွင်၌ ခဝါချပစ်ပြီးနောက် ကျွန်ုပ်လာရင်းကိစ္စကို စတင်ရသည်။

မြိုင်နဒီ၏အောက်ပိုင်းမှာ ရေစီးသန်၍ ကျောက်ဆောင်ရေတံခွန် ပေါများလှသော်လည်း အထက်ပိုင်း၌ မနေးမမြန်စီးလျက်ရှိပါသည်။ ကျောက်ဆောင်နည်းပါးသည့် မြိုင်နဒီအထက်ပိုင်း တစ်နေရာမှ သူရဇ္ဇနှင့်အတူ ဖြတ်ကျော်ခဲ့သည်။ မြိုင်နဒီ၏ အလျားကို မခန့်မှန်းနိုင်သကဲ့သို့ အနံမှာလည်း ကျယ်ပြန့်ပါသည်။ အထက်ဘက်မှ တစ်စုံတစ်ခု မျောပါလာနေသည်ကို တွေ့ရ၏။ သူရဇ္ဇကို ရပ်တန့်စေလျက် စောင့်ကြည့်နေမိသည်။

ကြည့်စမ်း. . .

ပန်းအပြည့်ဖြင့် ပန်းဖောင်တစ်ခု။ ပန်းများ၏ အလယ်တွင် လူ။ အဆုံးမတော့ ရေမှာမျောလိုက်သော အသုဘဖောင်တစ်ဖောင် ဖြစ်နေလေသည်။ ပန်းတွေနှင့် ဝေနေပုံထောက်လျှင် အမျိုးသမီး ဖြစ်ပုံရ၏။ ဖောင်မှာ တဖြည်းဖြည်း ကျွန်ုပ်နှင့် နီးကပ်လာသည်။ ကျွန်ုပ်ရှေ့မှ ဖြတ်ကျော်၍သွား၏။

"ဟာ. . ."

ဖောင်ပေါ်တွင် မိန်းမလှလေး၏ မလှုပ်မယှက်ကိုယ်ခန္ဓာက မျက်နှာကလေးသာပေါ်၍ တစ်ကိုယ်လုံး ပန်းတွေဖုံးနေ၏။

မျက်နှာကလေး. . . ထို မျက်နှာကလေး. . .

"အိုပြည့်သင်"

ပေါက်ကွဲ ကျယ်လောင်သော ကျွန်ုပ်အသံမှာ မြိုင်နဒီ တစ်ကြောခုန်ပေါက်မျောပါသွားလေတော့သည်။

ကျွန်ုပ်ကိုယ်တိုင် သတိမပြုမိမီမှာပင် သူရဇ္ဇပေါ်မှ ခုန်ဆင်း

၍ ဖောင်နောက်သို့ အပြင်းအထန်ကူးခတ်လိုက်ပါလျက် ရှိနေ၏။

ဖောင်မှာ ရေစီးကြောင်းတစ်လျှောက် လျင်မြန်စွာ ရွေ့လျားနေ၏။ မြို့င်နဒီအောက်ဘက်ရောက်သွားလျှင် ရေတံခွန်ထဲ ထိုးကျကွဲပျက်သွားမည်မှာ မုချဖြစ်၏။ ထိုအခါမှဆိုလျှင် ကျွန်ုပ်မည်သို့မျှ မတတ်နိုင်တော့ပါ။

သွေးရူးသွေးတမ်းဖြင့် မူလစွမ်းအားထက် နှစ်ဆပိုသော လျင်မြန်မှုကြောင့် ဖောင်သည် ကျွန်ုပ်ဆွဲယူရာသို့ တအိအိလိုက်ပါလျက်ရှိလာလေပြီ။ ဖောင်ထက်မှ ငြိမ်သက်စွာ ပါလာသော မိန်းမလှ။

အိုပြည့်သင်မှ . . . အိုပြည့်သင် ဖြစ်ပါ၏။ ဆွေးမြည့်ကြေကွဲစွာနှင့်ပင် ဖောင်နှင့်အတူ တစ်ဘက်ကမ်းသို့ ကျွန်ုပ်ရောက်ရှိသွား၏။ ပန်းများကို ဖယ်ရှား၍ သေသေချာချာ ကြည့်လိုက်သောအခါ အိုပြည့်သင်ပင်ဖြစ်နေ၏။ ကျွန်ုပ်၏ မျက်ရည်နှစ်စက်မှာ ခါထုတ်လိုက်သော ရေပေါက်များနှင့် ရောနှောလွင့်စင်၍ အိုပြည့်သင်၏ ပါးပြင်ပေါ်သို့ ကျရောက်သွားလေသည်။

"အိုပြည့်သင်"

ကျွန်ုပ်၏ အသည်းတွင် ခဏာချင်းမှာပင် ဒဏ်ရာဒဏ်ချက်ပေါင်းများစွာ ရလိုက်သလို အက်ကွဲ၍ သွားခဲ့ပါလေပြီ။

အခြေအနေကို သုံးသပ်ကြည့်သောအခါ မြွေပယောဂဟုအဖြေထွက်လာသည်။ လိုအပ်သော စမ်းသပ်မှုများ ပြုလုပ်ပြီးသည်နှင့်ကျွန်ုပ်တအားတက်လာ၏။ အပေါ်ယံအမြင်ဖြင့်ကား အိုပြည့်သင် သေပြီဖြစ်၏။ နက်ရှိုင်းစွာ ကြည့်တတ်သော သမားတစ်ဦး၏ အမြင်၌ မျှော်လင့်ချက်ရှိပေသေး၏။

သို့သော် ရာခိုင်နှုန်း နည်းပါးလှချေသည်။ ထို့အပြင် မြွေခဲ ရာ အရပ်ဌာနကလည်း ရှိနေသေး၏။

နတ်စင်နတ်ကွန်း၊ လမ်းလေးခွဆုံသော နေရာ၊ ညောင်ပင်

အောက်၊ သချိုင်းလုပ်တိုင်း။

ထိုနေရာများမှ လွှဲဖယ်ပါဓလော မသိ။ ထိုနေရာများမှ မြွေခဲသော် ကုသ၍မရတတ်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်ကြိုးစားရပါလိမ့်မည်။

အိုပြည့်သင်၏ အေးစက်နေသော ကိုယ်ကလေးကို ညင်သာစွာ မချီယူလိုက်ပြီး သူရဲ့ပေါ်သို့ တင်လိုက်သည်။

ပန်းတွေကြားမှ ပေရွက်တစ်ခု တွေ့ရ၏။

"အိုပြည့်သင် မြွေဖြင့် ဖန်တီး၍ သေသည်။ နေရာလေးခုမှ လွှဲဖယ်ပါဘိ၊ ကယ်နိုင်လျှင် ကယ်ပါ"

ပေရွက်တွင် ရေးထားသော စာဖြစ်သည်။

မျှော်လင့်ချက်ရောင်ခြည်ကလေး လင်းလက်တောက်ပလာသည်။

"သူရဲ့ရေ ဗျူဟသိကိုဟေ့"

သူရဲ့နားလည်ပါ၏။

"ဗျူဟ . . . ဗျူဟရေ"

ကျွန်ုပ်၏ ခေါ်သံက တောင်နံရံများဖြင့် ရိုက်ခတ်မိပြီးနောက် ပဲ့တင်သံအဖြစ် ပတ်ဝန်းကျင်အနှံ့ လိမ့်ကျဖြာဆင်းသွား၏။

"ဗျူဟ . . . ဗျူဟ"

"ဝိုး . . . ဘုတ်"

ဗျူဟ၏ ခန္ဓာကိုယ်ဖြူဖြူကြီး ကျွန်ုပ်ရှေ့သို့ ဘုတ်ခနဲ ကျလာသည်။ ခိုစီးလာသော နွယ်ကြိုးကို လွှတ်လိုက်ပြီးနောက် သူရဲ့၏ ဇက်ကြိုးကို ဗျူဟက ဆွဲယူ၏။

"မဟုတ်ဘူး ဗျူဟ ဂူဝက ကျောက်တုံးကို ဖယ်လိုက်"

ကြီးမားသော အင်အားကို ထုတ်၍ ကျွန်ုပ်ပိတ်ဆို့ထားခဲ့သော ဂူဝမှ ကျောက်တုံးကို ဗျူဟက ဖယ်ရှားပစ်လိုက်၏။

သူရဇ္ဇအား စီးလျက်နှင့် ဂူထဲသို့ ဝင်ခဲ့၏။ အတွင်း၌ အပြောင်းအလွဲမရှိ။ ကျွန်ုပ်တောပုန်း မဟာသရေအဖြစ်နေခဲ့စဉ်ကအတိုင်း ရှိနေသည်။ ကျောက်စားပွဲကြီးတစ်ခုပေါ်၌ အိုပြည့်သင်အား ဖြည်းညင်းစွာ တင်ထားလိုက်သည်။

ကုသမည်ဆိုသော်လည်း ကျွန်ုပ်၌ဖော်စပ်ပြီး ဆေးအဆင်သင့်မရှိ။ ဆေးမြစ်ရှာရပါဦးမည်။ မြစ်ချင်းပြီးဆေးလည်း ဖြစ်ရမည်။ ဂူနံရံတစ်နေရာမှ စိမ့်ယိုကျဆင်းနေသော ရေများကို ဝါးကျည်တောက်ဖြင့် ကျွန်ုပ်ခံယူလိုက်သည်။ ပြီးလျှင် မဟာဗိသျှနူအား တိုင်တည်၍ မန္တန်တစ်ပုဒ်ဖြင့် ရေများကို မန်းမှုတ်လိုက်သည်။ အိုပြည့်သင်ပတ်လည် ဂူကြမ်းပြင်တွင် ရေမန်းဖြင့် စည်းတားဝိုင်းပတ်လိုက်သည်။ ရေစည်းပြီးသောအခါ ခါးစီးထဲမှ ပုလင်းတစ်လုံးကို ထုတ်ယူ၍ အတွင်းထဲသို့ လက်ခလယ်ဖြင့် ထိုးနှစ်လိုက်သည်။ လက်ခလယ်တွင် ပေလူးလာသော ဆီဖြင့် ရေစည်းအပြင်မှ ဝိုင်းပတ်လိမ်းသုတ်လိုက်ပြန်သည်။

ပြီးမှ မီးစည်းအဖြစ် တစ်နေရာမှစ၍ စတီမီးရှို့လိုက်ရသည်။

ဤသို့ ရေစည်း၊ မီးစည်းများ စီရင်ပြီး ဗျူဟကို ဂူဝတွင် အစောင့်ထားခဲ့ကာ ကျွန်ုပ်ဆေးမြစ်အရှာထွက်ခဲ့၏။ တစ်ခေါ်ခန့်အရောက်တွင် ကျားဟိန်းသံကြားရသည်။ တောပုန်းကြီး မဟာသရေဘဝက ကိုင်ဆောင်ခဲ့သော လေးမှာ ကျွန်ုပ်လက်တွင်းတွင် ရှိနေပါသည်။

နောက်ထပ်တစ်ခေါ်ခန့် ရောက်လာပြန်သည်။ ကျားဟိန်းသံကြားရပြန်၏။ သို့နှင့်တစ်ခေါ်ခန့် ရောက်တိုင်းရောက်တိုင်း ကျားဟိန်းသံကို ကျွန်ုပ်ရှေ့မှ ကြားကြားနေရသည်။

မည်သို့ပါနည်း။

ဟိန်းသည်ဆိုခြင်းထက် ညည်းညူသံဟုဆိုလျှင် ပို၍ နီးစပ်မည်ဟုထင်ပါ၏။ ကျွန်ုပ်စဉ်းစားရင်း နောက်တစ်ခေါ်ခန့် ထပ်မံလျှောက်လာပြန်သည်။ မြေပြင်ထက်၌လည်းကောင်း၊ သစ်ရွက်ခြောက်များပေါ်၌

လည်းကောင်း သွေးစက်များကို တွေ့လာရ၏။ ကျားသွေးအရှာလာသော ကျွန်ုပ်အတွက် ရေကန်အသင့်ကြာအသင့်ဟု ဆိုရလေမည်လား မသိ။

သို့သော် မသေချာ၊ သစ်ရွက်ခြောက်ပေါ်မှ သွေးစက်များကို လက်ညှိုးဖြင့် တို့ယူကြည့်လိုက်သည်။ သွေးအမျိုးအစားကိုမူ ကျွန်ုပ် မခွဲခြားတတ်ပါ။ ကျားနောက်လိုက်ရမည်လား၊ မြွေနိုင်ဆေးမြစ် အရင် ရှာရမည်လား။ တွေဝေနေရန် အချိန်မရှိပါ။ မြို့စားကြီးမှာ သေတွင်းမှ လွတ်ကင်းနေပါပြီ။ ရောဂါရှင်းရှင်းပျောက်ရန်ကိုသာ ဆက်လက်ဆေးကု ရမည်ဖြစ်၏။ လောလောလတ်လတ် သေတွင်းထဲ ရောက်နေသူမှာ အို ပြည့်သင်ဖြစ်၏။

ထို့ကြောင့် မြွေနိုင်ဆေးမြစ်ရှာရေးသာ အဓိကဖြစ်သင့်သည်။ သွေးစက်များမှာ ဆေးမြစ်ရှိသော အရပ်မျက်နှာနှင့် ဆန့်ကျင်ဘက်သို့ ဦးတည်နေခြင်းကို ကျွန်ုပ် မနှစ်မြို့ပါ။ သွေးစက်များကို ကျောခိုင်းလိုက် သည်။ ရယ်မောသံသဲ့သဲ့ကြားရသလိုရှိသဖြင့် နောက်သို့လှည့်ကြည့် မိသည်။ သွေးစက်များတင်နေသည့် သစ်ရွက်များလေနှင့်အတူ လွင့်ဝဲ ခြောက်တက်လျက်ရှိ၏။ လေသည် ထိုတစ်နေရာတည်းတွင် ပတ်လှည့် တိုက်ခတ်နေသည်။

ခဏကြာသောအခါ ငြိမ်သွား၏။ သစ်ရွက်များ မြေပြင်ပေါ် ပြန့်ကျပြန့်ကျဲသွားသည်။ ကျွန်ုပ် အပြေးသွားကြည့်မိ၏။ မည်သည့် သစ်ရွက်များပေါ်တွင် သွေးစက်များ ရှိမနေပါ။

ထိုနေရာမှ ကျွန်ုပ်လျင်မြန်စွာ ထွက်ခွာခဲ့သည်။ မြိုင်သေလာ သည် တစ်ရံတခါ ဤကဲ့သို့လည်း မာယာများတတ်ပါလေသည်။

♛ ♛ ♛

အချိန်မီရုံကလေးဖြစ်၏။ ဗျူဂ္ဂသည် တစ်စုံတစ်ဦးနှင့် အပြင်း
အထန်တိုက်ခိုက် သတ်ပုတ်နေသည်။ ထိုတစ်စုံတစ်ဦးမှာ ပီပီပြင်ပြင်
ပြင်ချင်း မရှိပါ။ ရိပ်ခနဲ ရိပ်ခနဲ လျင်မြန်စွာ လှုပ်ရှားတိုက်ခိုက်နေသော
ငြိမ်။

ကျွန်ုပ်၏ ကိုယ်ရုံကို ချွတ်၍ ထိုမပီပြင်သော သတ္တဝါအား
ချယ်အုပ်ချလိုက်သည်။ ပြီးမှ လက်ဝါးစောင်းဖြင့် အချက်ပေါင်းများ
ာ ခုတ်ပစ်လိုက်ရ၏။ ကိုယ်ရုံထဲမှ သတ္တဝါ လူးလွန့်ညည်းတွားနေစဉ်
လက်ထဲသို့ အပ်လိုက်သည်။

အချိန်ကုန် မခံနိုင်ပါ။ တစ်ခုတည်းသော အာရုံသာရှိနေ၏။
အိုပြည့်သင် . . .

မီးစည်းသည့်လည်းကောင်း ရေစည်းသည့်လည်းကောင်း
ယွင်းပါ။ ပကတိအတိုင်း ရှိ၏။ ကျွန်ုပ်မရှိခိုက် အနှောင့်အယှက်

ဝင်လျှင် မီးစည်းလောင်မြိုက်ပတ်ဝိုင်းနေမည်။ အကယ်၍ ထိုစည်းကို ကျော်နိုင်သည်ထားဘိဦးတော့ တဝေါဝေါတဟဲဟဲနှင့် လှည့်ပတ်အော် မြည်နေမည်ဖြစ်သော ရေစည်းကို ကျော်လွှားရန် ဘယ်လိုမှ မဖြစ်နိုင်ပါ။

ယခုစည်းအားလုံး ပကတိအတိုင်း ရှိနေ၏။ ဖည်သည့် အနှောင့် အယှက်မှ မဝင်သေးပါ။ ဆေးမြစ်ကို သွေး၍ အိုပြည့်သင်ပါးစပ်ထဲသို့ ခက်ခဲစွာ အစက်ချပေးနေရသည်။ လူနာမှာ မျိုချနိုင်သော အနေအထား မဟုတ်။ ပကတိ လူသေ။

ကိုယ်အထက်ပိုင်းကို ပွေ့ယူ၍ ဦးခေါင်းမော့ ပါးစပ်ဖြဲပြီး အစာ အိမ်ထဲရောက်အောင် စိတ်ရှည်လက်ရှည် အစက်ချပေးနေရ၏။ ခြေ ဖမိုး မြွေစွယ်ရာမှ အဆိပ်များ ထွက်ကျစပြုလာသည်။ ကျွန်ုပ် စိတ် မရှည်တော့ပြီ။ ပါးစပ်တွင်လည်း ပေါက်ပြဲသည့် အနာတစ်စုံတစ်ရာမရှိ။ အိုပြည့်သင်အား ကျောက်စားပွဲထက်တွင် ပြန်ချထားလိုက်ပြီးနောက် ဒဏ်ရာမှ အဆိပ်များကို ပါးစပ်ဖြင့် စုပ်ယူထွေးထုတ်ပစ်လိုက်ပါသည်။ သည်နည်းက မြန်ဆန်ထိရောက်၏။

တစ်ကြိမ် . . . နှစ်ကြိမ် . . .

သုံးကြိမ် . . .

လေးကြိမ်မြောက်တွင် အဆိပ်များအစား သွေးစများပါ၍ လာ လေသည်။ စိတ်ချရပေပြီ။ အိုပြည့်သင်၏ မျက်နှာကလေးတွင်လည်း သွေးရောင်လွှမ်းစပြုလာ၏။ အေးစက်နေသော ခန္ဓာကိုယ်တွင် အနွေး ဓာတ်များ ဝင်ရောက်လာ၏။ ဆေးမြစ်ကို ပါးပါးလွှာ၍ အနာဝတွင် ကပ်စည်းပေးပြီးသောအခါ လူးလွန့်လာတော့သည်။

"ရေ . . . ရေ . . . ပေးပါ"

ကျောက်စက်ရေအေးအေးကို သောက်အပြီး၌ မျက်လုံးများ ပွင့်၍လာသည်။

"ဟင် . . ."

အာမေဋိတ်အဆုံးတွင် ဝုန်းခနဲကျုံးထပါလေတော့သည်။ ကျွန်ုပ်က ကပျာကယာ ပွေ့ယူလိုက်ရ၏။

"အိုပြည့်သင်. . . "

"အို. . . အရှင်ရယ်. . . "

အားကိုးတကြီးဖြင့် ကျွန်ုပ်အား တင်းကျပ်စွာ ဖက်တွယ်ထားလေသည်။

"ကြောက်တယ်. . . အမောင်ရယ်"

"မကြောက်ပါနဲ့ အမိငယ်၊ ငါ့ရဲ့ ရင်ခွင်မှာ စိတ်ချလက်ချနေနိုင်ပါတယ်"

"အိုပြည့်သင်ဟာ သေဆုံးခဲ့ပြီးပြီ မဟုတ်လား အရှင်"

"မသေပါဘူးကွယ်. . . "

မြိုင်နဒီတစ်ကြော မျောလာသော အသုဘပန်းဖောင်အကြောင်း ပြောပြလိုက်ရာ တအံ့တဩ နားထောင်အပြီး တအိအိငိုရှာလေသည်။

"အရှင်နဲ့ သာ မတွေ့ရင် အိုပြည့်သင်တော့ ရေတံခွန်ချောက်ထဲ ထိုးကျပြီး တကယ်သေသွားမှာပဲနော်"

"မိုက်လိုက်တဲ့ အမိငယ်၊ ဘာကြောင့် ကိုယ့်ကိုယ်ကို လုပ်ကြံတာလဲ"

"အို. . . "

ထိတ်လန့် အံ့ဩနေသည့် မျက်နှာကလေးရှေ့တွင် ဖောင်ပေါ်မှ ရခဲ့သော ပေရွက်ကို ဝှေ့ယမ်းပြလိုက်မိ၏။

"ဖတ်ကြည့်စမ်းပါ အိုပြည့်သင်"

"အို. . . ဒါ အဖရဲ့ လက်ရေးပါလား"

"ဟုတ်လား. . . မြွေဆိပ်ကို သူမနိုင်ရှာလို့ ကယ်သူတွေ တွေ့ကြား ရေးထည့်လိုက်ရှာပုံရတယ်"

ဗျူဂ္ဂက ကျွန်ုပ်၏ ဝတ်ရုံကိုလာ၍ပေး၏။ အံထဲမှ သတ္တဂါ

ဘယ်ရောက်သွားသနည်းဟု ကျွန်ုပ်မမေးပါ။ ဗျူဟာ၏ အကျင့်ကို ကျွန်ုပ် သိပြီးဖြစ်၏။ ပျားရည်နှင့် သစ်သီးဝလံများသာ မှီဝဲသော ဝံဖြူကြီး ဗျူဟာဘယ်တော့မှ သူ့အသက်မသတ်တတ်ပေ။

"အို . . . အရှင်ရယ်၊ အိုပြည့်သင်ရဲ့ အသက်သခင်ရယ်"

အိုပြည့်သင်၏ အနမ်းကို ကျွန်ုပ် မငြင်းဆန်မိ။

"အဝတ်ရေစိုတွေချွတ်ပြီး ဟောဒီဝတ်ရုံကြီး ဝတ်ထားလိုက် ရော့ . . ."

"အိုပြည့်သင်မှာ အဝတ်တွေ ချွတ်နိုင်လောက်တဲ့ အင်အား မရှိသေးတာ အရှင်မေ့နေသလားဟင်"

ယခုတော့လည်း အငိုမျက်ဝန်းလေးက ပြုံးစွဲစွဲနှင့်–

"ငါမလဲပေးရင် မင်းအဝတ်တွေ မလဲဘူးပေါ့၊ ဟုတ်ဘိ"

"အင်း . . ."

"အအေးမိပြီး သေလိမ့်မယ်ကွ၊ နားလည်အုံးနိုး"

"သေသေလေ၊ မြွေတောင်မကြောက်တဲ့ အိုပြည့်သင်ရယ်ပါ"

ပြုံးစွဲစွဲ မှုန်တေတေဖြစ်လာသော သူမမျက်နှာကလေးကို သတိလက်လွတ် ကျွန်ုပ် ငေးစိုက်ကြည့်နေမိပါသည်။

"အိုပြည့်သင်ကံကိုက ဆိုးပါတယ်လေ၊ ချစ်တဲ့လူကသဲ ထုံးစံ ကို လက်မခံပဲ ပြန်လွှတ်ခဲ့ဘိတယ်၊ မိန်းမတစ်ယောက်အတွက် ဒါဟာ ရှက်စရာအကောင်းဆုံး ဖြစ်ရပ်ပါ"

"ဒီအကြောင်းကို အမိရဲ့မိဘမောင်ဘွားတွေ သိသွားပြီလား"

ကျွန်ုပ် စိုးရွံ့စွာ မေးမိ၏။ ဆွေးမြည့်သော မျက်ဝန်းများဖြင့် မော်ကြည့်လျက်က အိုပြည့်သင် ခေါင်းခါပြသည်။

"ပန်းဦးပူဇော်လာတဲ့ သတို့သမီးကို အပျိုစင်အဖြစ် ပြန်လွှတ် တဲ့ အရည်းကိုယ်တော်ဟာ လောကမှာ အရှင်တစ်ပါးပဲ ရှိလိမ့်မယ် ထင်ပါရဲ့"

"အင်း. . . ဟုတ်မှာပေါ့"

"အရည်းကိုယ်တော်တွေဟာ ဘယ်သတို့သမီးလောင်းကိုမှ ချမ်းသာပေးရိုး ထုံးစံမရှိခဲ့ပါဘူး၊ အရှင်"

"မင်းကတော့ ချမ်းသာပေးလိုက်တဲ့အတွက် မကျေမနပ် ဖြစ်နေတယ်ပေါ့၊ ဟုတ်ဘိ"

ချစ်ရိပ်ဝေနေသော အိုပြည့်သင်၏ မျက်ဝန်းများထဲတွင် မာန ယောင်ယောင်ကလေး ဖြတ်ပြေးသွား၏။

"အရှင့်ကို မုန်းတယ်"

ပြင်းထန်သော စကားလက်နက်ဖြင့်ပစ်ခတ်ခဲ့ပြီးနောက် ကျွန်ုပ် အားဆောင့်တွန်း၍ လှစ်ခနဲ ထပြေးပါလေတော့သည်။

"ဟေး. . . ဟေး မပြေးနဲ့လေ၊ ရပ်စမ်း. . . ရပ်လိုက် စမ်း"

သမင်နှင့် အပြေးပြိုင်လာသော မဟာသရေ၏ ခြေကို သူမ မတုနိုင်ပါ။ အလွယ်တကူပင် ကျွန်ုပ်၏ လက်မောင်းများအကြား၌ ယက်ကန်ယက်ကန်ဖြင့် ပြန်ပါလာသည်။

"ဘာဖြစ်လို့ ထွက်ပြေးရတာလဲ၊ ဒါဟာ မြိုင်နဒီအနောက် ခြမ်းမဟုတ်ဘူး၊ အရှေ့ခြမ်း ကျားရဲတော ဖြစ်ဘိတယ်"

"အဲဒီ ကျားရဲတောထဲကိုပဲ အိုပြည့်သင် သွားပါရစေအမောင်၊ ချစ်မနှစ်သက်သူရဲ့ ရှေ့မှောက်မှာ မနေပါရစေနဲ့"

"ဘယ်သူက မချစ်ဘူးလို့ ပြောပါဘိ"

"ဟင်"

အိုပြည့်သင် ကျွန်ုပ်ကိုကြည့်၏။ ဇဝေဇဝါကြည့်နေသော မျက် ဝန်း။

"ပြောလေ၊ မဟာသရေက အမိငယ်ကို မချစ်ဘူးလို့ ပြောဘိ သလား"

"အို. . ."

"အချိန်မတန်သေးဖါဘူး အမိငယ်၊ အဲဒါကိုတော့ နားလည်
ထားပေးပါ"

ကျွန်ုပ်ကို အိုပြည့်သင် အကြာကြီး ကြည့်နေ၏။ အဖြေရှာ
နေသော အကြည့်။

ကြိုးစား၍ ကျွန်ုပ်မျက်နှာလွှဲလိုက်ရသည်။ နှလုံးအိမ်တံခါးကို
လည်း လုံခြုံစွာ ပိတ်ထားလိုက်ပါသည်။ မျက်လုံးအိမ်သည် နှလုံးအိမ်
၏ တံခါးဝဖြစ်သည်။ ထိုနေရာမှ ချောင်းကြည့်လျှင် နှလုံးအိမ်အတွင်း
ဖြစ်ပျက်နေသည်ကို မြင်နိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏ မျက်လုံးများ
ကို အိုပြည့်သင် မမြင်အောင် ဖုံးကွယ်လိုက်ရပါလေသည်။

"အရှင်. . . အိုပြည့်သင်ကို ကြည့်ဘိ"

"ထပ်မံကြည့်ဖို့ မလိုတော့အောင် မှတ်မိနေပါပြီ အမိငယ်၊
နှလုံးသားရဲ့ အနက်ရှိုင်းဆုံးအပိုင်းမှာ အမိငယ်ရဲ့ပုံရိပ်ကို ငါသိမ်းဆည်း
ထားပါဘိ၊ ကျေနပ်ပါစ"

"အို. . . အရှင်ရယ်၊ အိုပြည့်သင် ဘယ်လို နားလည်ရပါ
စ"

"နားလည်ချင်သလိုသာ နားလည်ထားလိုက်ပါတော့ကွယ်"

"ရေအဆုံး ကုန်းတစ်ဝက်တဲ့အရှင်၊ ချစ်သည်ဖြစ်စေ မုန်းသည်
ဖြစ်စေ အိုပြည့်သင်ကို အရှင်ပိုင်ဆိုင်ပါပြီ"

ကျွန်ုပ်ရှေ့သို့ မျှော်လင့်ချက်ရောင်ခြည်တန်းကြီး ထိုးကျလာ
သော်လည်း ကျွန်ုပ်စကားလမ်းကြောင်း ပြောင်းလိုက်ရ၏။

"ပြောစမ်းပါဦး အမိငယ်၊ မြွေနဲ့သေရတဲ့ အကြောင်းက—"

"အချစ်ကြောင့်ပဲ ဖြစ်ပါဘိ၊ အမုန်းကြောင့်လဲ ဖြစ်ပါဘိအရှင်"

ကျွန်ုပ် နားထွေးသွား၏။ အိုပြည့်သင်အဖြေမှာ ပဋ္ဌိပက္ခအဖြေ

"တစ်ခုတည်းသာ ဖြစ်ရမှာပေါ့ အိုပြည့်သင်. . ."

"နှစ်ခုစလုံး ဖြစ်ခဲ့ပါတယ် အရှင် . . ."

ပိုင်ပိုင်နိုင်နိုင် ခေါင်းယမ်းပြီး ခိုင်ခိုင်မာမာပြောလိုက်သော အဖြေ။

"မဟုတ်သေးပါဘူးလေ . . ."

"ဟုတ်ပါတယ် အရှင်၊ အိုပြည့်သင်က ကိုယ်တိုင်ခံစားခဲ့ရသူပါ . . ."

"တစ်ခုက အမုန်း၊ တစ်ခုက အချစ်ဟုတ်လား . . ."

"အဲဒီနှစ်ခုမှာ အရှက်က ထပ်ပေါင်းလိုက်တော့ အဖမွေးထားတဲ့ မြွေနဲ့ကစားပြီး တမင်မြွေပေါက်ခံလိုက်တယ်လေ၊ အဟင်း အဟင်း ပျော်ပျော်ကြီး အိုပြည့်သင် သေခဲ့တယ်လေ . . ."

"မိုက်လိုက်ပါဘိ အိုပြည့်သင်ငယ် . . ."

"အိုပြည့်သင်ဘာသာ မြွေနဲ့သေသေ၊ ရေနဲ့သေသေ အရှင်နဲ့ ဘာဆိုင်သလဲဟင် . . ."

"ရော . . . ခက်ပါပကော"

"ပျော်ပျော်ကြီး သေနေတဲ့လူကို အရှင်ဟာ ပြန်ရှင်အောင်လုပ်ပြီး ဝေဒနာပေးနေတာပဲ . . ."

"စေတနာ . . . ဝေဒနာဖြစ်ဆိုတာ ဒါပဲထင်ပါရဲ့ ဟားဟား"

အုလိုက်သည်းလှိုက် ကျွန်ုပ်ရယ်လိုက်မိ၏။

"အိုပြည့်သင်အဖြစ်ဟာ အရှင့်အတွက် ရယ်စရာကောင်းနေပြီလား . . ."

မော့ကြည့်လာသည့် မျက်နှာကလေးမှာ မျက်ရည်စက်များဖြင့် စိုလူးနေသည်။ ကျွန်ုပ်မရယ်နိုင်တော့။

"အရှင့်အသည်းဟာ သံတွေသံခဲလားဟင် . . ."

"မဟုတ်ပါဘူးကွယ် . . . မဟုတ်ပါဘူး"

သံတွေ သံခဲမဟုတ်လို့လဲ ငါ့အသည်းဟာ အရည်ပျော်လု နေပါပြီ ချစ်သူရယ်။

စိတ်ထဲမှာ ညည်းတွားနေမိ၏။ ရင်ထဲက အကြောင်းတွေကို ချပြ၍မရသည့်မရေရာသော အရည်းမဟာသရောဝ။

"အိုပြည့်သင် . . ."

"အရှင် . . ."

"စံပယ်ပန်းကြိုက်သလား ဟင် . . ."

"အိုပြည့်သင် အနှစ်သက်ဆုံးပန်းပါ အရှင်ရယ် . . ."

ရှိက်သံတစ်ဝက်ဖြင့် ဖြေ၏။

"ဟုတ်ပြီ . . . ဒီလိုဆိုရှင်းပြမယ်၊ စံပယ်ပန်းဆိုတာ ပွင့်တဲ့ ရာသီ အချိန်အခါ မရောက်သေးရင် ရေဘယ်လောက်လောင်းသော် လည်း မပွင့်ဘူးကွဲ့၊ ပွင့်ရမယ့် ရာသီအခါရောက်ရင်တော့ ရေမှုန်တစ် စက်မှ မပက်ဖျန်းပေမယ့် အလိုအလျှောက်ပွင့်တာကိုကော သိသလား"

"အိုပြည့်သင်ဟာ ကျေးတောသူပါ အရှင်၊ အသွယ်အဝိုက် အကွေ့အကောက်တွေ နားမလည်ပါ"

"ချစ်သူနဲ့ ပတ်သက်လာရင် အလိုလို နားလည်လာပါလိမ့် မယ်ကွယ်"

မျက်ရည်များ ခြောက်သွေ့နေပြီဖြစ်သော အိုပြည့်သင်၏ ပါးပြင်ကလေးများအား လက်ဖမိုးဖြင့် ယုယစွာ ပွတ်ပေးနေမိ၏။

"ဘာဖြစ်လို့ သွယ်ဝိုက်နေရတာလဲ အရှင်ရယ်"

စံပယ်လို အချစ်မျိုးမို့ပေါ့ ပွင့်ချိန်မတန်သေးဘူးကွယ်။

အသံတိတ်ပြောနေမိ၏။ တကယ်တမ်း နှုတ်ကမူ–

"မင်းကလေး စည်သာကို ပြန်ရလိမ့်မယ်"

"မပြန်ချင်ပါဘူး အရှင်"

"မပြန်လို့ မဖြစ်ဘူး ဖြိန်ရမယ်"

ခိုင်ခံ့မြဲမြံသော အသံဖြင့် အမိန့်ဆန်စွာ ပြောလိုက်မိသည်။

"အိုပြည့်သင် လက်မထပ်ချင်ပါဘူး အရှင်"

"မင်းရဲ့ သတို့သားဟာ လက်ထပ်နိုင်တဲ့ အခြေအနေကို ရောက်ပြီလား"

"အိုပြည့်သင် ဘာမှမသိဘူး အရှင်"

"နောက်တစ်ကြိမ် လက်ထပ်ပွဲကို မလွဲမသွေ ဆင်နွှဲရမှာပဲ အမိငယ်"

"ရေထဲက အိုပြည့်သင်ဟာ ဆယ်ယူသူရဲ့ အလုပ်အကျွေးသာ ဖြစ်ပါတယ် အရှင်"

"အရည်းကိုယ်တော်တွေဟာ ဘယ်တော့မှ အိမ်ထောင်သားမွေးမပြုလုပ်ရဘူး အမိငယ်"

"အဲဒီအဆင့်ကို အိုပြည့်သင် မမျှော်လင့်ရဲပါဘူး အရှင်"

ဪ. . . ချစ်စိတ်ကို ရင်ထဲတွင် သိုဝှက်မထားတတ်ရှာသော အရိုးခံကျေးတောသူ။

"အရှင့်အနီးမှာသာ နေရရင် ဘယ်လိုပဲနေရနေရ နေလိုတဲ့ ဆန္ဒတွေ အခုတော့ ရင်ထဲမှာ ပြည့်သိပ်နေပြီလေ"

"ဘယ်လိုပဲ နေရနေရ ဟုတ်လား"

အိုပြည့်သင် စကားကို ပဲ့တင်လိုက်ရင်း ရင်ထဲမှာ နာကျင်သွားမိသည်။

"ဟုတ်ပါတယ် အရှင်ရယ်၊ အရည်းကိုယ်တော်တစ်ယောက်ဟာ သူနှစ်သက်တဲ့ မိန်းမတစ်ယောက်ကို အနီးမှာ ခေါ်ထားနိုင်တယ် ဟုတ်လား"

"အဲဒီအဆင့်က နိမ့်ကျလွန်းပါတယ် အိုပြည့်သင်၊ အဲဒီအနေအထားမျိုးမှာ မင်းကလေးကို ဘယ်လိုမှ မထားရက်ပါဘူး အမိငယ်ရယ်"

မှော်လင့်ခိုးကလေးဖြင့် စောက်လက်သွားသော မျက်ဝန်းများမှာ လှပလွန်းပါသည်။ ဖမ်းစားနိုင်လွန်းပါသည်။

"အရှင်ဟာ ကြင်နာတတ်တာတော့ အမှန်ပါပဲလေ၊ ချစ်တတ်တဲ့အသည်းကတော့ မရှိဘူးထင်ပါရဲ့"

ခနိုးခနဲ့ အပြောကလေးကြောင့် ကျွန်ုပ် မချင့်မရဲဖြစ်လာပြီး လက်များက အိုပြည့်သင်၏ ပခုံးဝင်းဝင်းကလေးကို ဆုပ်ကိုင်မိလျက်သား ဖြစ်သွား၏။

"သိပ်ချစ်တာပေါ့ အမိငဖယ်ရယ်၊ ဒါပေမယ့် ငါ့အချစ်က အချိန်အခါမသင့်ဘဲ မပွင့်တဲ့ စံပယ်လို အချစ်မျိုး၊ နားလည်လား"

ပွင့်ဟင့်လင့်နေသော နှုတ်ခမ်းကလေးများကို ခက်ခဲစွာ လျစ်လျူရှုနေရ၏။

"ကဲ . . . ဆေးတစ်ခွက်လောက် သောက်ကြရအောင်"

အိုပြည့်သင် ခေါင်းခါ၏။

"ဘာဖြစ်လို့ ခေါင်းခါနေတာလဲ၊ ဒီဆေးကို သုံးရက်ဆက်တိုက်သောက်ရမယ်လို့ ပြောထားတယ် မဟုတ်လား"

"မလိုတော့ပါဘူး . . . အရှင်"

"လိုတာပေါ့ . . . မင်းရဲ့အခြေအနေက စိတ်မချရသေးဘူး"

"ပြန်လည် သေဆုံးသွားနိုင်တယ်ပေါ့ ဟုတ်လား အရှင်"

"ဟုတ်တယ်"

"အဲဒီလိုဆိုရင် ကောင်းသားပဲလေ၊ ပစ်ပယ်ခံဘဝက လွတ်မြောက်သွားတာပေါ့"

"ဘာ . . ."

ကျွန်ုပ် ပေါက်ကွဲလုနီးနီးဖြစ်သွား၏။

"မင်းက သေချင်ပေမယ့် ငါက သေခွင့်မပေးနိုင်ဘူး"

ပခုံးများတွန့်လျက် စွေကြည့်နေသော အမူအရာကလေးက မထီတရီ စိတ်ကိုပင်ပန်းကြီးစွာ ချုပ်တည်းထားရပါသည်။

"အား . . ."

နာသွားပါလေပြီ၊ စိတ်ဆိုးမာန်ဆိုးအသံကလေးကြောင့် ပါးစပ်ဖွင့်ဟသွားသည်။ ဆေးစက်များကို လျှင်မြန်စွာ လောင်းထည့်လိုက်တော့ မျိုမချပဲ ငုံထားပြန်၏။

"မျိုချလေ"

သွားကို စေ့ထားလျက်က ခေါင်းခါသည်။ ကျွန်ုပ်၏ ဒေါသအိုးပေါက်ကွဲလာသည်နှင့် သူမ၏ ကိုယ်ကလေးကို မလှုပ်နိုင်အောင် ရင်ခွင်ထဲ ဖမ်းချုပ်လိုက်၏။ ပွင့်အာ့နေသည့် နှုတ်ခမ်းနှင်းဆီ ဝတ်လွှာနှစ်ခုအား လက်ချောင်းများဖြင့် ခပ်ကြမ်းကြမ်း ညှပ်ယူပိတ်ပစ်လိုက်ပြီးနောက် . . .

ထိုအပေါ်ကမှ ကျွန်ုပ်၏ နှုတ်ခမ်းများဖြင့် တင်းကျပ်စွာ ဖိကပ်ပိတ်ဆို့ထားလိုက်ပြန်၏။ မလှုပ်သာအောင် အချုပ်ခံရသဖြင့်လည်းကောင်း၊ အသက်ရှုမရအောင် မွန်းကျပ်နေသဖြင့်လည်းကောင်း၊ အိုပြည့်သင်မှာ ဆေးကိုလည်ချောင်းထဲ၌ ကြာရှည်ငုံမထားနိုင်တော့ချေ။

ဂလုခနဲ မျိုချလိုက်သံ ကြားသည်နှင့် ကျွန်ုပ်၏ နှုတ်ခမ်းများကို သူမ၏ နှုတ်ခမ်းများပေါ်မှ လွှဲဖယ်ရုပ်သိမ်းဖို့ ကြိုးစားရသည်။

တုန်လှုပ်ချောက်ချားရပါ၏။ ဦးနှောက်မှလာသော အမိန့်ကို နားလုံးသားသည် မနာခံ။ ကျွန်ုပ်၏ နှုတ်ခမ်းကလည်း မနာခံ။ စိတ်ကို ဆီးသလို ထိန်းချုပ်ကွပ်ကဲနိုင်ခဲ့သော မဟာသရေ အိုပြည့်သင်၏ နှုတ်ခမ်းများအား ဖိကပ်ပိတ်ဆို့ထား နေမိပါလေသည်။

"ဘာဖြစ်လို့ ဟန်ဆောင်နေရတာလဲ အရှင်ရယ်၊ အရှင်ဟာ အိုပြည့်သင်ကို ချစ်ပါတယ်လေ"

ကျွန်ုပ်၏ နှုတ်ခမ်းများအောက်မှ လွတ်ချော်ကျသွားသည်နှင့် သူမက ပိုင်ပိုင်နိုင်နိုင်ပြော၏။

ခိုးထုပ်ခိုးထည်နှင့် မိသွားသဖြင့် ရှက်လည်းရှက်၊ စိတ်လည်း တိုမိ၏။ ကြည့်စမ်း . . . .ကဝေမလေး။

မှန်ပါသည်။ အရည်းမဟာသရေအား အိုပြည့်သင်ကဝေမ သည် ဖမ်းစားလိုက်နိုင်ပါလေသတည်း။

"အရှင့်အတွက် သေရည်လဲ မရှိဘူး"

"ဖျားရည် ရှိသားပဲကွယ်"

"အသားဟင်းလဲ မရှိ"

"သစ်သီးတွေ အများကြီးပဲ မဟုတ်လား"

သစ်သီးစား၊ ဖျားရည်သောက်ပြီး ကာမအရှက်ရှောင်သည့် အရည်းကိုယ်တော်အား အိုပြည့်သင် အံ့ဩစွာ ကြည့်နေလေသည်။

"ကျောင်းတော်မှာတော့ သေရည်ဆိုတာ တစ်အိုးပြီးတစ်အိုး အသားမျိုးစုံ အကြော်အလှော်၊ အဖုတ်အကင်တွေဆိုတာလဲ မစားချင် အဆုံး"

"အိုပြည့်သင် ဒီသစ်သီးတွေနဲ့ သေရည်ဖောက်မယ်နော်"

"သေရည်ဖြစ်ဖို့ အနည်းဆုံး ရက်သတ္တတစ်ပတ်လိုတယ်၊ အဲဒီလောက် ကာလကြာအောင် မြိုင်သေလာမှာ မနေနိုင်ပါဘူး အမိ ရယ်"

"ကျောင်းတော်ကို ပြန်ရမယ်ပေါ့ ဟုတ်လား အရှင်"

"ဟုတ်တယ် . . . မင်းကလေးကတော့ စည်သာကို ပြန်ရမယ်"

"ဟင့်အင်း . . . မပြန်ချင်ပါဘူး၊ အရှင်လဲ ကျောင်းတော်ကို မပြန်နဲ့၊ အိုပြည့်သင်လဲ စည်သာကို မပြန်ဘူး"

"တောပုန်းမောင်နဲ့ လုပ်ကြမယ်ပေါ့ ဟုတ်လား"

"အင်း . . ."

"ကလေးဆန်လိုက်တာ အမိငယ်ရယ်"

ညည်းညည်းတွားတွားဖြင့် နဖူးကလေးကို ငုံ့နမ်းနေမိ၏။

"တောပုန်းကြီး မဟာသရေဇာဝတုန်းကတော့ မင်းကလေးနဲ့ ဘာဖြစ်လို့ မဆုံစည်းရသလဲဟင်"

"အဲဒီတုန်းက အိုပြည့်သင်က စည်သာကို မရောက်သေးလို့ ဖြစ်မှာပေါ့ အရှင်"

"စည်သာဇာတိ မဟုတ်ဘဲ"

"ပေါက္ကံရွှေပြည်ကပါ"

"ကြည့်စမ်း . . . ကျေးတောသူဆို"

"လက်ရှိအနေအထားက ကျေးတောသူပဲ မဟုတ်ပါလား အရှင်"

"ဘာဖြစ်လို့ စည်သာမှာ လာနေရတာလဲ ပေါက္ကံရွှေပြည်မှာဆိုရင် အရည်းကိုယ်တော်တွေရဲ့ ရန်က ဒီလောက် မကြီးဘူး"

အံ့ဩတွေဝေသည့်အကြည့်ဖြင့် အိုပြည့်သင် ကြည့်ပြန်၏။

"ပေါက္ကံဘုရင်မင်းမြတ် လက်လှမ်းမီတဲ့နေရာတွေမှာ သမထီးဂိုဏ်းဟာ သောင်းကျန်းလွန်းတယ် အမိငယ်"

"အရှင့်ကို ဘယ်လို နားလည်ရမလဲဟင်၊ အရှင်ဟာ အရည်းကိုယ်တော်တစ်ပါးပဲ မဟုတ်လား၊ သမထီးဂိုဏ်းဝင်တစ်ယောက်ပဲ မဟုတ်လား"

"ဟုတ်တာပေါ့ အမိငယ်"

နှင်းသီးတစ်ကိုက်ကိုက်၍ ပါးစပ်တွင် ကိုက်လျက်သားနှင့် ကျွန်ုပ်အား အိုပြည့်သင်က ကျွေးလာသည်။ နှင်းသီးရော သူမ၏ နှုတ်ခမ်းကလေးပါ ကျွန်ုပ်က ကိုက်ပစ်လိုက်ရာ တခစ်ခစ်ရယ်မော၏။ အပျော်ရက်ကလေးများ ကုန်ဆုံးတော့မည်ကို မသိရှာပါလေ။

သုံးရက် ဆေးသောက်ပြီးလျှင် သူမ၏ အခြေအနေမှာ စိတ်ချရပြီဖြစ်၏။ စည်သာပြန်ပို့ပြီး ဆေးမြစ်ပေးခဲ့၍မရပါ။ ကလေးဆန်၍ ထင်မိထင်ရာလည်း လုပ်တတ်သော အိုပြည့်သင်က သောက်လိမ့်မည် မဟုတ်။

ဤမြွေနိုင်ဆေးမြစ်သည် မသုံးတတ်လျှင် ဘေး၊ သုံးတတ်လျှင် ဆေး။ တစ်ကျပ်သားခန့် သောက်မိလျှင် အဆိပ်ကျ၏။ နှစ်ကျပ်သားခန့် သောက်မိပါက နှစ်ရက်ခန့် မနိုးတမ်းအိပ်ပျော်နေပေလိမ့်မည်။ အကယ်၍ လေးကျပ်သားခန့် သောက်မိလျှင်မူ အဆိပ်ဖြစ်သွားတော့၏။ လူနာအား ယုံကြည်စိတ်ချစွာ ပေးထား၍မရ။ သမားကိုယ်တိုင် ကိုင်တွယ်ပြီး အတိုင်းအဆအတိအကျ တိုက်ကျွေးရသော ဆေးမျိုးဖြစ်သည်။ ထို့ကြောင့် သုံးရက်စေ့အောင် စောင့်၍ အိုပြည့်သင်အား ကိုယ်တိုင် ကြပ်မတ်နေရခြင်း ဖြစ်ပါသည်။

မနက်ဖြန် ရက်စေ့ပါပြီ။ အိုပြည့်သင်အား ကြင်နာစွာ ကြည့်နေမိသည်။ ကျွန်ုပ်၏ ဝတ်ရုံဖားဖားကြီးကို အလယ်က အပေါက်ဖောက်၍ ခေါင်းမှစွပ်ကာ ခါးနေရာမှ ကျွန်ုပ်ခါးစည်းဖြင့် ချည်နှောင်ထားခြင်း ရယ်စရာဖြစ်သော်လည်း သူမနှင့်လှပလိုက်ဖက်နေသည်။

"ဘာဖြစ်လို့ စည်သာမှာ လာနေရသလဲကွယ်၊ ပေါက္ကံကို ပြန်ပါသလား"

"အဖက စည်သာ သားဖြစ်ပါတယ် အရှင်၊ ဇာတိမြေမှာ ခေါင်းချလိုတဲ့ အဖကို အိုပြည့်သင် မလွန်ဆန်ရက်ပါဘူး"

"အမိကကော"

"အမိမရှိတာ အိုပြည့်သင် ငယ်စဉ်ကတည်းကပါ"

"အိုပြည့်သင်ရဲ့ သတို့သားက ဘယ်ကလဲ"

တော်တော်နှင့် မဖြေ၊ ဖြေချင်ပုံမရ၊ ကျွန်ုပ်ရင်ခွင်ကိုသာ ခေါင်းဖြင့် ဖေ့နေတော့သည်။

"ဘာဖြစ်လို့ ဖုံးကွယ်ချင်ရတာလဲ အမိငယ်"

"အို . . . အရှင် ဖုံးကွယ်တာ မဟုတ်ရပါ အရှင်ရယ်၊ အိုပြည့်သင်နဲ့ အရှင်ရဲ့ ကာလတိုတိုကလေးမှာ အနှောင့်အယှက် အဟန့်အတားဖြစ်တဲ့ အမည်နာမတွေ သူတို့အကြောင်းတွေကိုပါ မပြောချင်လို့ပါ"

"ပြောပါ အမိငယ် ငါသိလိုတယ်"

"သူက စည်သာမြို့စားရဲ့သားပါ အရှင်၊ ဒါပေမယ့် စည်သာဟာ မြို့ငယ်ကလေးရယ်ပါ"

"ကိုးကွယ်မှု အပိုင်းကကော"

"နဂါးနဲ့ လိင်ပူဇာပါပဲ အရှင်"

ကျွန်ုပ်သိပြီးသား ဖြစ်ပါ၏။ ပေါက္ကံရာမနှင့် အလှမ်းဝေးကွာသော မြို့ငယ်ကလေးတိုင်းမှာပင် အရည်းသာသနာ ထွန်းတောက်လျက်ရှိနေခဲ့၏။

"ဒီနေ့တော့ အမိငယ် ဗျူဟ်နဲ့ နေခဲ့လေဦး၊ သစ်မွှေးနဲ့ ကျားသွေး ရှာရမယ့် ကိစ္စက ရှိသေးတယ်"

"ဟင့်အင်း . . . အိုပြည့်သင် လိုက်မှာပဲ"

"သစ်မွှေးရှိတဲ့နေရာက သိပ်ဝေးတယ်"

"ဘယ်လောက်ဝေးဝေး လိုက်မှာပဲ"

စင်စစ် ကျွန်ုပ်ကိုယ်တိုင် မထားခဲ့လိုပါ၊ ဖဝါးခြေထပ်ခေါ်သွားလိုသည့် ဆန္ဒကို ချိုးနှိမ်နေရသဖြင့် စိတ်မှာ နွမ်းနယ်နေပါသည်။

"လိုက်လေ . . . ဗျူဂွလဲ ခေါ်သွားမယ်"

အပျော်မျက်နှာကလေး ကျွန်ုပ်၏မျက်နှာအနီး တိုးကပ်လာ၏။ ကျွန်ုပ်က နဖူးချင်းတိုက်ပစ်လိုက်ပါသည်။ အပျော်ရက်ကလေး မကုန်ဆုံးစေချင်ပါ။ သို့သော် . . .

ထိုနောက် ကျွန်ုပ်၏နောက်မှ အရိပ်ပမာကပ်လျက် လိုက်နေသည့်သာဖြစ်သည်။ ကိုယ်ပိုင်ဆန္ဒနှင့် လွတ်လပ်စွာ မလှုပ်ရှားနိုင်သော အညည်းမဟာသရေ။

"မင်းကလေး . . . ဘာမှ မသိပါဘူးကွယ်"

ကိုယ်ပိုင်ဆန္ဒ၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်၊ ကိုယ်ပိုင်လှုပ်ရှားမှု၊ အဲဒါတွေအားလုံးထက် အရေးကြီးတဲ့ကိစ္စ၊ ရှေ့တန်းတင်ရမယ့်ကိစ္စ၊ မဟာသရေမှာ ရှိနေတယ်ဆိုတာ ချစ်သူ မသိနိုင်ပါဘူးကွယ်"

ပင့်သက်ရှိုက်ရင်း အိုပြည့်သင်၏ ကိုယ်ကလေးကို ဈေး့ခနဲ ဖွေ့ချီလိုက်ပါသည်။

"အို . . . အရှင်ကလဲ"

"သွားကြမယ်လေ"

"အိုပြည့်သင်ဘာသာ လမ်းလျှောက်မှာပေါ့"

"ဟိုတစ်ဘက် ဂူပေါက်ကထွက်မှာ၊ ဂူကြမ်းပြင်မှာ ကျောက်ချွန်တွေချည်းပဲ၊ အမိငယ်ရဲ့ ခြေဖဝါးတော်နုနုလေး စူးကုန်မှာပေါ့၊ ပခုံးပေါ်ကပဲ ငြိမ်ငြိမ်လေး လိုက်ခဲ့စမ်းပါ"

"အရှင် . . . "

"ဘာပြောဦးမလို့လဲ"

"ချစ်တယ်"

နုညက်အိထွေးသည့် နှုတ်ခမ်းကလေးဖြင့် ကျွန်ုပ်၏ပါးပြင်တစ်ဘက်အား မမိမကမ်းမော့၍နမ်းရင်း လှိုက်လှဲလေးနက်စွာ အိုပြည့်သင်ပြောနေ၏။

---

စိတ်ကူးသစ်စာပေ

ကျွန်ုပ် အကြွင်းမဲ့ ယုံကြည်ပါတယ်။

သစ်မွှေးရှာသည့် ကိစ္စသည် ကျွန်ုပ်အတွက် လွယ်ကူပါသည် လွန်ပူနှင့်ဖောက်ရှာစရာမလို။ သစ်ပင်ကို အပိုင်းပိုင်းဖြတ်၍ရှာစရာလည် မလိုပါ။ သာမန်လူတို့ထက်သာသော ကျွန်ုပ်၏ အရည်အချင်းမှာအန ကို လေထဲ၌ ရှာဖွေဖမ်းယူနိုင်ခြင်းဖြစ်၏။ လေကို ရှူရှိုက်ကြည့်ခြင်းဖြ သစ်မွှေးရှိသောအပင်ကို ကျွန်ုပ်အတပ်ပြောနိုင်သည်။ အရှေ့အနောက် တောင်မြောက်နှင့် အထက်ကောင်းကင်သို့မော့၍ လေထဲမှာ သစ်မွှေ နံ့ကို ကျွန်ုပ်အာရုံခံဖမ်းယူနေသည်။

ဤနေရာသို့မရောက်မီကပင် လေသည် ကျွန်ုပ်အား သစ်မွှေ ရှိသောတောကို သဲလွန်စချပေးသွားခဲ့ပြီ ဖြစ်၏။ ယခု ကျွန်ုပ်အပင်က ရှာဖွေနေပါသည်။ သိပ်မကြာပါ။ တွေ့၏။

"ဗျူဟ . . . ဗျူဟ"

ဗျူဟ ခေါင်းညိတ်၏။ သူ့ပခုံးပေါ်တွင်မူ ကျွန်ုပ်ထံမှ လက်ပြောင် ယူထားသော အိုပြည့်သင်။ အိုပြည့်သင်ကို ကျွန်ုပ်က လက်ပြောင်းယ လိုက်ပြီး ကြီးမားသော သစ်ငုတ်တိုကြီးပေါ်တွင် ထိုင်စေလိုက်သည်။

"ဗျူဟ . . . ဟိုမှာ"

ညွှန်ပြသော သစ်ပင်ကြီး၏ အခေါက်များကို ဗျူဟက ခွာထုတ် နေသည်။ ကွာထွက်သွားသော သစ်ခေါက်များကို ကျွန်ုပ်က ကောက်ယ နမ်းကြည့်လိုက်၏။ ပို၍သေချာသွားပါပြီ။

"အိုပြည့်သင် ဟောဒီမှာ မွှေးကြည့်စမ်း ဘာနံ့ရသလဲ"

"သစ်ခေါက်နံ့ပေါ့ အရှင်"

"နည်းနည်းမှ မမွှေးဘူးလား"

"ဟင့်အင်း"

"ခေါင်းကလေးမော့ပြီး လေထဲမှာ အနံ့ခံကြည့်စမ်း"

"သစ်ခေါက်နံ့ပဲ ရပါတယ် အရှင်"

ကျေနပ်စွာ ရယ်လိုက်မိ၏။ ကျယ်ပြန့်သော လေထုထဲ၌ သစ်ရွက်ရနံ့စီးကြောင်းသည် အပ်ချည်မျှင်ခန့်သာ ရှိလိမ့်မည် ထင်ပါသည်။

"ကဲ. . . အမိငယ် နေရာရွေ့ကြရအောင် ဇူဠှက သစ်ပင်ထဲ့တော့မယ်"

အံ့ဩအလင်ကြီးသော အကြည့်ကို မသိကျိုးကျွန်ပြု၍ သူမအား ပွေ့ထူလိုက်ပါသည်။

"အိုပြည့်သင် လမ်းလျှောက်ပါ့မယ် အရှင်ရယ်"

"ခြေနင်းမပါ၊ ဘာမပါနဲ့ ဆူးတွေ စူးကုန်ပါ့မယ် အမိငယ်ရယ်၊ သူရဇ္ဇဘေးမှ ခဏလေးနေလိုက်ဦး ကြားလား"

သစ်တုံးဖြတ်ရန် ကိရိယာများကို သူရဇ္ဇ၏ ကုန်နှီးနံဘေးမှ ဖြုတ်ယူခဲ့ပြီးနောက် ဇူဠှအကူအညီဖြင့် ကျွန်ုပ်အလုပ်လုပ်ရသည်။ မကြာသော အိုပြည့်သင်ရှိရာ လှမ်းလှမ်းကြည့်မိ၏။ လမ်းတစ်လျှောက်လုံး ဇူဠှခူးဆွတ်ပေးသော သစ်သီးများကို ဓားငယ်ကလေးဖြင့် ခွဲစိတ်၍လည်းကောင်း၊ အခွံသင်အလှခွာခြင်းဖြင့်လည်းကောင်း အိုပြည့်သင် အလုပ်ရှုပ်နေပါသည်။

"ကြည့်စမ်း. . . ဆူးစူးမယ်လို့ ပြောထားတယ်. . မဟုတ်သား"

ဖက်ရွက်ကြီးတစ်ရွက်ပေါ်တွင် ခွဲစိတ်ထားသော သစ်သီးစိတ်များကိုထည့်လျက် နီးသို့ရောက်လာသည့် အိုပြည့်သင်အား ကျွန်ုပ်ကဆီး၍ငေါက်မိ၏။ အိုပြည့်သင် အပြုံးမပျက်ပါ။

"ပါးစပ်ဟ. . . "

ကျွန်ုပ်ပါးစပ်ထဲသို့ သစ်သီးတစ်စိတ်ထည့်ပေးသည်။ ဇူဠှကလည်း ပါးစပ်ဟပြလေသည်။

"ကျွေးမှာပေါ့၊ ဇူဠှဖို့လဲ ပါတယ်လေ"

သစ်သီးစိတ်များ ထည့်ထားသော အပေါ်မှ သစ်ရွက်ကို ဖယ်

လိုက်သောအခါ အောက်က သစ်ရွက်ပေါ်တွင် ဖွဲထားသည့် ပျားသ
လက်များ။

"ရော့ . . . စား"

ပျားသလက်များမြင်မှ ဇျူဂွလိုရ၍ ဆာလာသည်ထင်ပါသည်
အလုပ်ကိုပစ်၍ အငမ်းမရစားလေတော့သည်။

"ဇျူဂွသိပ်ဆာနေပြီ အရှင်၊ အရှင်လဲ အလုပ်ကို ရပ်ပြီး စားချိ
တန်ပါပြီ"

"ဟုတ်ပေတယ် အမိငယ်"

တောတွင်းစားသောက်ပွဲကလေးမှာ သေရည်မပါ၊ အသားမပ
သော်လည်း စားဖွယ်အားလုံး အနံ့အရသာဖြင့် ပြည့်စုံနေပါလေသည်

စားသောက်ပြီး ကျွန်ုပ်ဇျူဂွနှင့်အတူ သစ်မွှေးပင်ဆက်လှဲသည်
ခုက်ပိုင်း ဖြတ်တောက်ကြရ၏။ နောက်ဆုံးတွင် လိုချင်သော သစ်မွှေ
ကို ရရှိပါလေသည်။

ကျားသွေးရရန်သာ လိုတော့၏။ သို့သော် ကျားသွေးရရ
ကား ရက်အကန့်အသတ်မရှိ။ မြိုင်သေလာမှာ ကျားများပေါများပါ
ပုံ့သကူ ရရန်မှာ မလွယ်ကူ။

မြို့စားကြီး၏ ကံကိုသာကိုးစားရတော့မည်။ ကျောပြင်ကြ
တစ်လျှောက် အေးခနဲစိမ့်တက်သွား၏။ ရေတွေ ဖြာခနဲရှေ့သို့ လ
ကျလာသည်။ နောက်သို့ ဆတ်ခနဲလှည့်ကြည့်လိုက်တော့ လက်ခ
ထဲတွင် ရေအပြည့်နှင့် နောက်တစ်ကြိမ်ပက်ရန် ဟန်ပြင်နေသော
ပြည့်သင်။ သည်တစ်ခါ ရေတွေက မျက်နှာထဲသို့ တန်းတန်းမတ်မ
ဝင်လာသည်။ တခစ်ခစ်ရယ်သံကလေးက ရေစီးနှင့်အတူ မျောပါသွ
၏။

"ကြည့်စမ်း . . . သိမယ် အမိငယ်"

ကျောက်တုံးတစ်ဘက်သို့ ဝုန်းခနဲ ခုန်ချပြီး ရေထဲ၌ ငုပ်

ိုက်သည်။ ရေငုပ်လျက်ဖြင့် အိုပြည့်သင်ရေချိုးသည့်နေရာသို့ ကူးယက်သွားသည်။ သူမ ခြေထောက်ကလေးကို မထိတထိဆွဲလိုက် လွှတ်လိုက်ဖြင့် ကျီစယ်နေမိသည်။ ထိုနေရာမှ ရေနက်သည့် နေရာသို့ မသိမသာဆွဲခေါ်သွားလိုက်သည်။

အိုပြည့်သင် အလန့်တကြားရန်း၏။ ထိုမှာတင် ပြဿနာစလေတော့သည်။ ဗူးဗူးဝါးဝါးဖြင့် ရေပေါ်သို့ အိုပြည့်သင်ထိုးတက်သွား၏။

"ဟင်. . ."

ရေပြင်ကို ထိုးခွဲခေါင်းဖော်ပြီး အထိတ်တလန့်ဖြင့် အိုပြည့်သင်အား ရှာရတော့သည်။ ရေမကူးတတ်ရှာသော အိုပြည့်သင်၏ ကိုယ်ကလေးမှာ နေရာတွင် နစ်မြုပ်သွားပြန်၏။ ကျွန်ုပ်မျက်လုံးတွေ ပြာဝေသွား၏။ ခဏချင်းပင် ဆယ်ယူလိုက်မိသော်လည်း ရေမွန်းနေရှာလေသည်။

"ခွင့်လွှတ်ပါဘိ၊ အကျီစားလွန်နိုး သွားပါဘိ"

သူမ၏ ကိုယ်မှ ရေများကို ယုယစွာ သုတ်ပေးရင်း တောင်းပန်မိသည်။

"အို. . ."

ရှက်လန့်တကြား တွန်းလိုက်သော လက်ဖနောင့်များကြောင့် ကျွန်ုပ်ဖင်ထိုင်ကျသွားသည်။ အိုပြည့်သင်၏မျက်နှာကလေးမှာ ရှက်သွေးဖြင့် ရွှေးရွှေးနီနေလေသည်။

"မရှက်ပါနဲ့ အမိငယ်ရယ်၊ ပြီးတော့ တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပါ ဟုတ်လား. . ."

"သွားဘိ. . ."

စိတ်ဆိုးမာန်ဆိုးဖြင့် အိုပြည့်သင်က နှင်၏။ ကျွန်ုပ်က နေရာမရွေ့။ သူမကိုသာ စိုက်ကြည့်နေမိ၏။

"အို. . ."

မကျေနပ်သံကလေး ထပ်ဆင့်လာပြန်၏။

"အရှင့်မျက်လုံးတွေက စူးရဲလွန်းလှဘိ"

"အရည်းမဟာသရေ၊ ဟားဟား . . . အဲဒီအတွက် တောင်းပန်ပါဘိ အမိငယ်၊ ငါ သတိလွတ်သွားပါဘိ၊ အမိငယ်က လှလွန်းတယ်ကော"

အိုပြည့်သင်အား ကျောခိုင်း၍ ကျွန်ုပ်တစ်ဘက်သို့ လှည့်လိုက်သည်။

သူရဇ္ဇဟီလိုက်၏။ စွင့်နေထောင်နေသော သူရဇ္ဇ၏နားရွက်များကိုကြည့်၍ကျွန်ုပ်ဘဝင်မကျ။ မြောက်လေသည် မသန့်စင်တော့။ ကျားရဲနံ့ပါလာလေပြီ။ သွေးညှီနံ့လည်း ရောယှက်ပါဝင်နေသည်။

ဒဏ်ရာရ ကျားရဲတစ်ကောင်။

ဒီဘက်သို့ လာနေပါ၏။ လေထဲမှ သဲလွန်စကို ကျွန်ုပ်ဆုပ်ကိုင်မိထား၏။ မြို့စားကြီးအတွက် လိုအပ်နေသော ကျားသွေးပုံသကာ ရနိုင်မည့် လမ်းစ၊ သို့သော် အန္တရာယ်။

ဒဏ်ရာရကျားနာသည် ပို၍ဆိုးသွမ်းကြမ်းတမ်းတတ်ပါ၏။

"ဗျူဟ . . . ဗျူဟ"

"ဗိုး . . . ဘုတ် . . ."

သစ်ပင်ထက်တွင် ပျားအုံတက်ရှာနေသော ဗျူဟ နွယ်ကြိုးဖြင့် လွှဲဆင်းလာသည်။

"အိုပြည့်သင် . . ."

ခေါ်လည်းခေါ် ပြေးလည်းပြေး၊ ပွေ့လည်း ပွေ့ရင်း . . .

"မကြောက်နဲ့ ကြားလား၊ ဗျူဟနဲ့ သစ်ပင်ပေါ်မှာ တက်နေ"

အိုပြည့်သင်နှင့် ဗျူဟသစ်ပင်ပေါ် ကောင်းစွာရောက်မရောက် စောင့်ကြည့်နေစဉ်မှာပင် တူရူမှ ကိုင်းတောဟိုဘက်အစသည် လေ မသုတ်ပဲ လှုပ်၍လာလေသည်။ လှုပ်ရှားမှုမှာ ကိုင်းတောဒီဘက်အစသို့

ဆိုင်ရောက်မလာ။ အလယ်လောက်ဆီတွင် ငြိမ်သက်၍သွားကာ နာကျင်စွာ ဟိန်းလိုက်သော ကျားရဲတစ်ကောင်၏ အသံသာ ထွက်ပေါ်လာခဲ့သည်။

အို . . . ဒဏ်ရာအနာတရနှင့် သက်ရှိသတ္တဝါပါလား။

ကျွန်ုပ်၏ စိတ်ထဲတွင် သတ္တဝါတုသော အမှတ်ပြုမိ၏။ ဂရုဏာတရားက ကျွန်ုပ်အား ကိုင်းတောထဲသို့ တွန်းပို့လိုက်၏။ ဆေးသမားဟူသည် ဒဏ်ရာအနာတရနှင့် ရောဂါများအား လစ်လျူရှုမနေတတ်ပါ။

ညှောင့်တန်းလန်းနှင့် ကျားနာကြီးအား တွေ့ပါလေပြီ။ ကိုးတောင်ကျားကြီးဖြစ်၏။ ညှောင့်ကျင်းထဲကျပြီးမှ ပြန်ခုန်တက်လာပုံရသည်။

ကျွန်ုပ်သည် ဦးစွာမြိုင်သေလာရှိ နတ်ဒေဝတာအပေါင်းတို့အား တိုင်တည်ပန်ကြားလိုက်၏။ ထို့နောက် မဟာဗိသျှုနိုး နတ်မင်းအား တိုင်တည်လိုက်ပြန်ပါသည်။ ပြီးမှ ဒဏ်ရာရ ကျားကြီး၏ မျက်လုံးအိမ်အား စေ့စေ့ကြည့်၍ . . .

"မစိုးရိမ်ပါနဲ့ ကွယ်၊ မင်းကို ရန်ပြုဖို့ လာတာ မဟုတ်ပါဘူး"

ဝေဒနာဆင်းရဲကြောင့် အလူးအလဲခံစားနေရသော ကျားကြီး၏ မျက်လုံးများထဲတွင် အန္တရာယ်အရိပ်ကို မတွေ့မိပါ။ ထို့ကြောင့် ရေဆိပ်သို့ ကျွန်ုပ်ပြေးဆင်းလာခဲ့၏။ ပြန့်ပြူးညီညာသော ကျောက်တုံးတစ်ခုပေါ်တွင် သစ်မွှေးကို သွေးလိုက်၏။ ဝါးဆစ်ကို ခုတ်ဖြတ်၍ ခွက်လုပ်ပြီး သစ်မွှေးသွေးရည်ကို ထည့်၏။ လုံလောက်သောအခါ ကိုင်းတောထဲသို့ ပြန်ပြေးဝင်လာ၏။ အကူအညီတောင်းခံနေသော ကျားကြီး၏ မျက်လုံးထဲသို့ စိုက်ကြည့်လိုက်ပြီး အလေးအနက်တစ်လုံးချင်း ပြောလိုက်သည်။

"ငါဟာ ဆေးအတတ်ကို တစ်ဖက်ကမ်းခတ်တတ်တဲ့ အရည်းမဟာသရေဖြစ်တယ်၊ သင့်ဒဏ်ရာကို ကုပေးချင်တယ်၊ သင့်ကို အုပ်

ချုပ်တဲ့ လမိုင်းနတ်ဒေဝတာများကိုလဲ ငါပန်ကြားတိုင်တည်ထားပြီး ဖြစ်တယ်၊ အန္တရာယ် မပြုပါလေနဲ့ အခွေကျား"

ကျားကြီးငြိမ်သက်စွာ ကြည့်နေ၏။ အန္တရာယ်အရိပ်ကို မည်သို့မျှ မပြပေ။

"ကဲ"

ညှောင့်ကို အားကုန်ဆွဲထုတ်လိုက်၏။ နာကျင်ဆင်းရဲစွာ တဝေါင်းဝေါင်း အော်ပါလေတော့သည်။ ဒဏ်ရာအပေါက်ဝမှ သစ်မွေးသွေးရေများ လောင်းထည့်သုတ်လိမ်းသည့်အလုပ်ကို ခဲယဉ်းစွာ လုပ်ရ၏။ ကျွန်ုပ်၏ ဝတ်ရုံအောက်နားကို ဆုတ်ဖြဲပစ်ပြီး ပတ်တီးစည်းပေးလိုက်ရပါ၏။

"တစ်ပတ်ကြာရင် ပတ်တီးစည်းထားတာ ဖြေရမယ်၊ ဒါပေမယ့် မင်းကို ငါဘယ်လို ရှာရမလဲ"

လူသားချင်းပြောသလို ပြောသောအခါ ကျွန်ုပ်လက်ခုံကို လျှာဖြင့်လျက်ပြီး ကြောင်ကလေးတစ်ကောင်သဖွယ် သနားစရာ မော့ကြည့်နေသည်။

"မင်းကို စောင့်ကြည့်ဖို့ တစ်ရက်တော့ အချိန်ရပါသေးတယ်ကွယ်၊ အားမငယ်ပါနဲ့"

ထိုနေရာတွင်ပင် ကျွန်ုပ်အိပ်စက်ရန် ဆုံးဖြတ်လိုက်သည်။ မီးပုံပတ်လည်ထားပြီး အိပ်ရမည်မို့ ထင်းများများရှာဖို့ ဗျဂ္ဃကို တာဝန်ပေးရ၏။

♛ ♛ ♛

ကျွန်ုပ်အား ကြည့်လျက်ရှိသော ဝေပုလ္လ၏ မျက်လုံးများထဲမှ ဝေ့တက်နေသည့် အရာများကို မျက်ရည်ဟု အတပ်ဆိုချင်ပါသည်။

ဝေပုလ္လ . . . ကျွန်ုပ်ပေးထားသော နာမည်။ ထိုဝေပုလ္လသည် ကျွန်ုပ်အား မျက်ရည်ဖြင့် ကြည့်နေရှာပါ၏။

''သွားမယ် ဝေပုလ္လ၊ နောက်တွေ့ရင် မင်းငါ့ကို မှတ်မိမယ် မဟုတ်လား''

သူ့ခေါင်းကိုပွတ်၍ ကျွန်ုပ်က နှုတ်ဆက်၏။ ခပ်လှမ်းလှမ်းတွင် အိုပြည့်သင်၊ သူ့ရဖွားနှင့် ဗျူဟတို့ ကျွန်ုပ်အား စောင့်ဆိုင်းနေကြသည်။

ယနေ့ စည်သာသို့ အိုပြည့်သင်အား ပြန်ပို့မည်ဖြစ်၏။ ကျွန်ုပ်ဝေပုလ္လအား နောက်တွင် ထားခဲ့လိုက်သည်။

''ဗျူဟရေ မင်းလဲပြန်တော့၊ တို့ဒီနေရာကပဲ လမ်းခွဲကြစို့''

သူရဇ္ဇပေါ်သို့ အိုပြည့်သင်နောက်မှ ကပ်၍ ကျွန်ုပ်တက်လိုက်၏။ ဗျူဂွချက်ချင်း လှည့်မပြန်ပါ။ အတော်ဝေးဝေးအထိ လိုက်လာသည်။ တောပါးသည့် လွင်ပြင်ရောက်အောင် ကျွန်ုပ်တို့အား ပို့ဆောင်ပြီးမှ လွင်ပြင်အစပ်မှ မျှော်လျက်ကျန်ခဲ့သည်။

"ဝေပုလ္လကို ကျေးဇူးတင်ရမယ်"

လမ်းတွင် အိုပြည့်သင်က ပြော၏။

"ဘာဖြစ်လို့လဲ အမိငယ်"

"သူ့ကြောင့် အိုပြည့်သင် အရှင်နဲ့ သုံးရက်ပိုပြီးနေရတယ်လေ"

"အင်း . . ."

"ဝေပုလ္လကလေ အရှင့်လက်ထဲမှာ ကြောင်ကလေးတစ်ကောင်လိုပဲ"

"ဒဏ်ရာရနေတာကိုး"

"ကျားသွေးယူခဲ့သေးလား"

"အင်း . . ."

"မရှာရပဲ ကြုံကြုံဖွန့်ဖန် ပုံသကူရလိုက်တာ သိပ်အံ့သြဖို့ကောင်းတာပဲ"

"လူနာရဲ့ကံပေါ့ အမိငယ်"

"အရှင် . . ."

"အိုပြည့်သင်"

"လမ်းမှာ ညအိပ်ဦးမှာလားဟင်"

"မအိပ်တော့ပါဘူးကွယ်၊ မှောင်တရီမှာ စည်သာရောက်အောင် ခရီးနှင်ရမယ်၊ မြို့စားကြီးရဲ့ကိစ္စက ရှိသေးတယ် အမိငယ်"

"အိုပြည့်သင်တို့ ဆေးမြစ်လာရှာရင် လမ်းမှာ တစ်ညအိပ်တယ်၊ တောင်ကပန်းမှာ အိပ်ပြီးမှ အေးအေးဆေးဆေး ရှာတာ"

"အဲဒါက တစ်လမ်းကွယ်၊ အခု သွားမယ့်လမ်းက လူသူနဲ့ဝေးတယ်၊ ခရီးလဲ ပိုဝေးသွားတာပေါ့၊ ငါက အမိဖယ်ကို လူမမြင်စေချင်ဘူး"

"ဟိုရောက်ရင် ဘာတွေဖြစ်မလဲ မသိဘူးနော်"

"အမိငယ်ရဲ့ အဖက သိပ်ဝမ်းသာမှာပေါ့"

"အဲ့ဒီထက်ပိုပြီး ဝမ်းသာမယ့် လူရှိနေတာ အရှင်မေ့နေရော့သလား"

"မမေ့ပါဘူး မိငယ်ရယ်၊ သူလဲ ဝမ်းသာပါစေကွယ်"

ဇက်ကြိုးကိုင်ထားသော ကျွန်ုပ်လက်ချောင်းများပေါ်သို့ မျက်ရည်စက်များ ခုန်ဆင်းလာ၏။

"မငိုပါနဲ့ အမိငယ်ရယ်၊ အိမ်ထောင်သားမွေးလုပ်ခွင့်မရှိတဲ့ အရည်းကိုယ်တော်အနေနဲ့ အမိငယ်ကို ဘာကူတီမှ မပေးနိုင်တာ ခွင့်လွှတ်ပါကွယ်"

"ဒါပေမယ့် အရှင်တို့ဟာ ကာမဂုဏ်ကိုတော့ ဝအီအောင်ခံစားတတ်ကြတယ် မဟုတ်လား"

အိုပြည့်သင်အသံက နာကြည်းသံ သရော်လှောင်ပြောင်သံ။

"မင်းကို ငါချစ်တယ် အိုပြည့်သင်၊ မင်းကို ပေးအပ်လိုတာက ငါ့ရဲ့ အချစ်၊ ငါ့ရဲ့ဘဝဖြစ်တယ်၊ ကာမဂုဏ်ခံစားဖို့ အနေနဲ့တော့ ငါ့အနားမှာ မထားလိုဘူး"

"အရှင့်အပါးမှာ ဝိုင်းဝိုင်းလည်နေတဲ့ မိန်းမတွေလောက်မှ အိုပြည့်သင်ဟာ အခွင့်အရေးမရပါလား အရှင်"

"အခွင့်အရေး ဟုတ်လား. . ."

အပ်ကြောင်း ထပ်လာသည့် အကြောင်းများမှာ ကျွန်ုပ်၏ ဆန္ဒနှင့် ကိုက်ညီခြင်း မရှိပါ။

"ဒီမှာ အမိငယ်၊ မင်းမြဲမြဲမှတ်ထားပါဘီ၊ မဟာသရေဟာ

ဘယ် မိန်းမကိုမှ ရင်ခွင်ထဲမှာ ဟောဒီလို မြတ်မြတ်နိုးနိုး မပွေ့ပိုက်ဖူးဘူးဆိုတာပဲ''

လက်မောင်းအကျယ်အဝန်းကို ကျဉ်းမြလိုက်သောအခါ အိုပြည့်သင် အသက်ရှုကျပ်နေလေသည်။

''အမိငယ်ပြောနေတဲ့ အခွင့်အရေးဆိုတာကို ငါသဘောမပေါက်ဘူး''

''အရှင့်ထံ ပန်းဦးအပူဇော်လာပြတဲ့ သတို့သမီးတွေကို အရှင်ဟာ အပျိုစင်အဖြစ် ပြန်လွှတ်သလားဟင် . . .''

အဖြေရခက်သော မေးခွန်းဖြစ်သော်လည်း မဖြေ၍မဖြစ်ပါ။

''အဲဒါဟာ အခွင့်အရေးတဲ့လား အမိငယ်ရယ်''

''အိုပြည့်သင်က အရှင့်ကိုယ်ပွားကို ရယူချင်သူပါ အရှင်''

ကျွန်ုပ်တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းများ ထအောင် တုန်လှုပ်သွား၏။ အိုပြည့်သင်စကားက နက်ရှိုင်းလေးနက်လွန်းပါ၏။

''အိုပြည့်သင်''

''အရှင်''

''အမိငယ် နောက်တစ်ကြိမ် မလွဲမသွေလက်ထပ်ရဦးမယ်လေ၊ အဲဒီတော့မှ . . .''

''အို . . .''

ရွှန်းလက်သွားသော မျက်လုံး၊ ကြည်လင်သွားသော မျက်နှာ၊ ပြီးတော့ ပွင့်လင်းပျော်ရွှင်စွာ ရယ်မောသံ . . .။

''စည်သာကို ပြန်ရမှာ ပျော်သွားပြီ မဟုတ်လား အမိငယ်''

''ပျော်တာပေါ့ အရှင်၊ အရှင်နဲ့ ပြန်ဆုံဖို့ လမ်းစဟာ စည်သာမှာပဲ ရှိတယ် မဟုတ်လား''

''ဟုတ်တာပေါ့ အမိငယ်''

''အို . . . ဟိုမှာ ပန်းတွေပါလား၊ အိုပြည့်သင် ခူးချင်

လိုက်တာ၊ သူရဇ္ဇကို ရပ်ပေးပါလား အရှင်''

သူမပြောသော ပန်းများက လမ်းနှင့်အတော်ပင် ဝေးနေ၏။ ပန်းနုရောင်အပွင့်များဖြင့် အဆုပ်လိုက်အခဲလိုက် လှပစွာ ပွင့်နေသည်။

''အဲဒီရောက်အောင် ပို့ပေးပါ့မယ်ကွယ်၊ သူရဇ္ဇပေါ်ကပဲ ရှုပါ။ အောက်မဆင်းပါနဲ့''

ထိုနေရာရောက်တော့ အောက်မဆင်းပဲ အိုပြည့်သင် မနေနိုင်တော့ပါ။ ပန်းချုံများ နောက်ဘက်တွင် စမ်းချောင်းလေးတစ်ခုရစ်ခွေစီးဆင်းနေ၏။

ရေကြည်၏။ အေးမြ၏။ အရိပ်အာဝါသကောင်းပါ၏။ အိုပြည့်သင်ရော ကျွန်ုပ်ပါ ရေချိုးကြ၏။ လူထောက်မိုရှုံသော နက်သော စမ်းချောင်းမို့ အိုပြည့်သင်ရေနစ်မှာ မပူရ။ သူမ စိတ်ကြိုက် လွှတ်ထားလိုက်သည်။ အောက်ခံသဲများကို မြင်ရလောက်အောင် ရေကြည်လင်သော စမ်းချောင်း။

ငါးကလေးတွေ ဖမ်း၊ ပန်းလှေလုပ်၍ မျှောနှင့် အိုပြည့်သင် ပျော်နေ၏။ ကျွန်ုပ်လည်း ပျော်ပါ၏။ စည်သာကို ယနေ့မရောက်နိုင်တော့ပေ။ ရှေ့တွင် ယွန်းကလေးရှိ၏။ ယွန်းကလေးပြီးမှ စည်သာဖြစ်၏။ ယွန်းကလေးရောက်လျှင် မှောင်စပျိုးပြီ။

မှောင်ပါစေတော့။ ယွန်းကလေးမှာ အိပ်ရုံရှိတော့၏။ နှစ်ဦးသား သူရဇ္ဇနှင့် ထွက်ခဲ့ကြ၏။ ပုံသံများကို အဝေးကပင် ကြားရ၏။

''ယွန်းကလေးမှာ နဂါးပူဇော်ပွဲ ရှိတယ် ထင်ပါရဲ့ အရှင်''

''အဲဒီမှာ အိပ်ရလိမ့်မယ် အိုပြည့်သင်''

''ကလန်ကြီးသမီးနဲ့ အိုပြည့်သင်သိပါတယ် အရှင်''

''ဩော် . . . ဩော် . . . ကောင်းပါဘိ''

''ပွဲခင်းဘက် ခဏလျှောက်ကြည့်ချင်တယ် အရှင်ရယ်''

''ကြည့်တာပေါ့ အမိငယ်''

အိုပြည့်သင်ရော ကျွန်ုပ်ဝါ ကိုယ်ပိုင်ဝတ်စုံများ ပြန်လည်ဝတ်ဆင်ထားသဖြင့် အတော်အသင့် သပ်ရပ်နေပါသည်။ အိုပြည့်သင်အား သူရဇ္ဇပေါ်မှ မဆင်းစေဘဲ ကျွန်ုပ်သာ ဆင်း၍လမ်းလျှောက်လာသည်။ မီးတိုင်များ စိုက်ထူထားသည့်အတွင်းသို့ ရောက်လာ၏။ မြေညီတလင်းပြင်ကြီးတွင် ကြီးမားသော နဂါးကြီးက ပါးပျဉ်းထောင်နေသည်။ တစ်ဘက်တစ်ချက်တွင် ကုတ္တိလိင်၊ ပုရိသလိင်ဖြင့် ရုပ်ထုလုပ်၍ မှုဖော်ထား၏။ တစ်နည်း ဆိုရပါမူ လိင်္ဂပူဇာ။

မြင်ကွင်းကို မြင်လိုက်သည်နှင့် ကျွန်ုပ်၏ သွေးများက နားထင်သို့လာ၍ တစ်ဒိတ်ဒိတ်ခုန်ဆောင့်တက်လာတော့၏။

"ထွီ"

ဒေါသမှာ တံတွေးအဖြစ် ပြောင်းလဲ၍မြေပြင်ပေါ် ရောက်သွားရသည်။

ကျွန်ုပ်ကိုယ်ကို ထိန်းချုပ်လိုက်၏။ မဟာသရေ သတိထား။ သင်အရည်း ကိုယ်တော်ဆိုတာ မမေ့နဲ့။

သတိတရားနှင့် ကိုယ်အမူအရာကို ခဏချင်းပြန်လည်ချုပ်ကိုင်လိုက်နိုင်သည်။

"မဟာသရေဟေ့. . . အရည်းကိုယ်တော် မဟာသရေ"

တစ်စုံတစ်ယောက်၏ အသံနှင့်အတူ ချက်ချင်းပင် ကျွန်ုပ်ပတ်လည်တွင် လူအုပ်ကြီးဖြစ်သွားသည်။

"သင်က ဘယ်သူလဲ"

ရှေ့ဆုံးမှ အရိုအသေပေးနေသော ဦးကြီးအရွယ် လူကြီးတစ်ယောက်အား ကျွန်ုပ်က မေးလိုက်သည်။

"ယွန်းကလေး ကုလန်ကြီး ပြည့်စင်သင်ဖြစ်ပါတယ် အရှင်၊ အရှင်ဘယ်ကို ကြွမလို့လဲ၊ အငိုရှိရာ စေတော်မူပါ"

"စည်သာကို သွားလိုတယ်၊ ဒီည ယွန်းကလေးမှာ အိပ်မယ်"

"ကျွန်တော်မျိုး ပြေည့်စင်သင်ရဲ့ အိမ်မှာ ချီးမြှင့်တည်းခိုပါ အရှင်"

"ကောင်းပြီ ကာလန်ကြီး"

"ဟေး . . . လမ်းဖယ်ကြ၊ မဟာသရေအရည်း ကိုယ်တော် ဟာ ငါတို့ဆီမှာ ချီးမြှင့်တည်းခို လိမ့်မယ်"

လူအုပ်ကြီး ရှဲသွား၏။ လမ်းဖယ်ပေးကြ၏။ ဗုံသံများဖြင့် ဆူ ညံလှုပ်ရှားနေသော ပွဲခင်းထဲမှ ထွက်လာကြပြီးနောက် ကာလန်ကြီး ပြေည့်စင်သင်၏ အိမ်သို့ ရောက်လာကြ၏။ ကာလန်ကြီး ပြေည့်စင်သင် ၏ အိမ်မှာ မြို့စားငယ်တစ်ဦး၏ နေအိမ်အလား သားနားကျယ်ဝန်းလေ သည်။

"အိုပြည့်သင်"

ရွယ်တူမိန်းမငယ် တစ်ဦးထွက်လာကာ ဝမ်းသာအဲလဲ ဆီးကြို သည်။

"အို . . . ခက်ရှင်"

"ဘယ်က ပေါ်လာတာလဲ၊ အိုပြည့်သင်ရယ် မြွေခဲသေလို့ ရေမှာ မျောလိုက်ရတယ်ဆို၊ ရွာနီးချုပ်စပ်သတင်းဖြစ်နေတာ မဟုတ် ဘူးပေါ့"

"ဟုတ်ပါတယ် အိုခက်ရှင်ရယ်၊ အရည်းကိုယ်တော် မဟာ သရေနဲ့သာမတွေ့ရင် အိုပြည့်သင် သေပြီပေါ့"

"အို . . . အဲဒီလူချောကြီးဟာ မဟာသရေအရည်း ကိုယ် တော်လား"

"ဟုတ်တယ် အိုခက်ရှင်"

"ချောလိုက်တာနော်၊ အိုခက်ရှင်တို့ ကြားထားတဲ့ သတင်း စကားထက်တောင် ချောနေသေးတယ်"

"သိပ် မချီးမွမ်းနဲ့ သူ့ချစ်သူက သဝန်တိုတတ်တယ်တဲ့"

"အို . . . အရှည်းကိုယ်တော်ဆိုတာ ဘယ်ကချစ်သူရှိနိုင်မှာလဲ၊ သူ့မှာ ပန်းဦးပူဇော်မယ့် သတို့သမီးတွေ အပုံကြီး မဟုတ်လား"

"အချစ်နဲ့ ကာမဂုဏ်ရောမ မပစ်လိုက်ပါနဲ့ကွယ်"

"အရှည်းကိုယ်တော်တွေမှာ အချစ်ဆိုတာ မရှိနိုင်ပါဘူး၊ ကာမဂုဏ်ကိုသာ ရွေးချယ်ခံစားတတ်တဲ့ ကိုယ်တော်တွေပါ၊ ပူဇော်သူကလဲ ကာမဒါနပြုတာ အချစ်ကို ဒါနပြုတာမှ မဟုတ်ပဲ။ အိုပြည့်သင်ရယ်"

"မပြောပါနဲ့ အိုခက်ရှင်ရယ်"

"အိုခက်ရှင် လက်ထပ်ရင်လဲ မဟာသရေကိုယ်တော်ကိုပဲ ပန်းဦးပူဇော်မယ်သိလား အိုပြည့်သင်"

"အို . . . "

မိန်းမငယ်နှစ်ယောက်၏ စကားသံမှာ မကျယ်သော်လည်း ကျွန်ုပ်ကောင်းစွာ ကြားနေရ၏။ အနီးတွင် ကလန်ကြီးမရှိပါ။ စားသောက်ဖွယ်ရာများ သွားရောက်စီမံနေပါသည်။

"ဘာလဲ အိုပြည့်သင် . . . မနာလိုဘူးလား၊ လက်မထပ်ခင် မဟာသရေကိုယ်တော် ကျောင်းတော်ကို အိုပြည့်သင်သွားတယ်၊ ဟုတ်လား။ အတွေ့အကြုံလေးများ ဖောက်သည်ချစမ်းပါဦး ခစ် ခစ် ခစ်"

"အိုဟယ် . . . မဟုတ်က ဟုတ်က"

"တော်ပါ၊ မပြောချင်လဲ နေပေါ့၊ အိုခက်ရှင်လဲ မကြာခင် ကိုယ်တွေ့ကြုံရတော့မှာပေါ့"

"အို . . . လက်ထပ်တော့မယ်ပေါ့၊ ဘယ်တော့လဲဟင်"

"ရှေ့လ"

"ပန်းဦးပူဇော်တော့ကော၊ ဘယ်သူ့ကို ပူဇော်မလဲဟင်"

"အစကတော့ ပုဂ္ဂိုလ်မရွေး၊ သင့်တော်သလိုပဲ ပူဇော်ဖို့ပါ၊ အခုတော့ . . . "

"မဟာသရေကိုယ်တော်ကိုပေါ့၊ ဟုတ်လား အိုခက်ရှင်"

"ဟုတ်တယ် အိုပြည့်သင် မဟာသရေကိုယ်တော်ရဲ့ ရင်ခွင်မှာ တစ်ညခိုလှုံရရင် တစ်ဘဝတော ပြည့်စုံသွားပါပြီကွယ်"

စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ရာမှ ထလိုက်မိ၏။ စကားသံနှင့်ဝေးရာ ဝရန်တာသို့ ရှောင်ထွက်လာလိုက်သည်။ အိုပြည့်သင်၏ အိုနေသည့်မျက်နှာကလေးကို မြင်ယောင်မိ၏။ မျက်ဝန်းများတွင်လည်း မျက်ရည်များ လည်နေပါလိမ့်မည်။

♛ ♛ ♛

နာဂပူဇာအက။ အမည်ပေးထားပုံကလေးက လှပပါ၏။ ကချေသည်၏ အကသည်လည်း ညက်ညောလှပပါ၏။ မျက်နှာဖုံးတပ်ထား၍ မျက်နှာအလှကို မမြင်ရသော်လည်း ခန္ဓာကိုယ်ကောက်ကြောင်းအလှမှာ ထင်းခနဲပေါ်လွင်နေပါသည်။

ရွှေခြည်ထိုး နဂါးရုပ်ကြီး ရစ်ပတ်ခွေယှိမ်တက်နေသော ပိုးသားကိုယ်ကြပ်အင်္ကျီအဖြူမှာ ကချေသည်၏ ခန္ဓာကိုယ်အား တင်းကျပ်စွာစည်းနှောင်ထားသည်။ လှုပ်ရှားကခုန်လိုက်တိုင်း အင်္ကျီမှ နဂါးရုပ်ကြီးမှာလည်း ကချေသည်၏ အလှအပများအား ပတ်ခွေဆုပ်နယ်သည်သို့ အသည်းယားစဖွယ် တွေ့မြင်နေရ၏။

"အဲဒါ နဂါးနဲ့ချစ်တမ်း ကစားနေတဲ့ ကကြိုးဟန်လေး သိပ်တော်တာပဲနော်"

"လိဂ်ပူဇာအကကို ဘယ်သူကမှာလဲ"

"သူပဲလေ၊ သူဒီလောက် ကတတ်မှန်းတို့လဲ မသိပါဘူး"

"ခါတိုင်းကနေကျ အိုချစ်ဖွယ်က ကောက်ခါငင်ကာ ဖျားလို့ဆို . . ."

"ဟုတ်တယ် . . . အိုချစ်ဖွယ်ဖျားပြီး မကာနိုင်တော့လို့ ကလန်ကြီး ခေါင်းခဲနေတာ၊ ဒီညမှပဲ သံပျင်ကြီးကလည်း ကြွလာရှုစားမလို့တဲ့လေ"

"တော်သေးတာပေါ့ဟယ်၊ ကတတ်တဲ့ လူရောက်လာလို့"

"ခမျာမှာ မကာချင်ရှာပါဘူး။ တို့က အတင်းအကူအညီတောင်းပြီး အတင်းအခွမ္ပ ဝိုင်းဝန်းပြင်ဆင်ပေးပြီး လွှတ်ရတာ"

"သိပ်တော်တာပဲနော်၊ ငါ့အထင်တော့ အိုချစ်ဖွယ်ထက်တောင် ပိုပြီး အကာညက်သေးတယ်"

"ညက်မှာပေါ့ အိုမြတ်လှရဲ့၊ သူက ပေါက္ကံရွှေပြည်မှာ မွေးတာ၊ တို့လို ကျေးတောသူမှ မဟုတ်ဘဲ"

"ဩော် . . . ဩော် . . . ဒါကြောင့် ထင်ပါရဲ့၊ လှူလဲလှ၊ အကာလဲလှ"

ကျွန်ုပ်၏ နောက်အကပ်တွင် နေရာယူထားသော အိုခက်ရှင်တို့ တစ်သိုက်မှ တီးတိုးစကားသံများ၊ ချီးကျူးအားကျသံများ ဖြစ်၏။ သို့သော် အိုပြည့်သင်အသံကို မကြားရ၊ ဘယ်ရောက်နေသနည်း။ လှည့်ကြည့်လိုစိတ်ကို ချုပ်တီးထားရ၏။

"မဟာသရေကိုယ်တော်က ပါးမြိုင်မွေး၊ မုတ်ဆိတ်မွေးတွေနဲ့ ပေမယ့် သိပ်ချောတာပဲနော်"

ကျိတ်ရယ်သံကလေးများ ထွက်ပေါ်လာပြန်၏။ ပြောနေကြသည်က တီးတိုးတီးတိုးဖြစ်သော်လည်း ကျွန်ုပ်မဟာသရေက ကြားနေရလေသည်။

ပေါက္ကံရွှေပြည်က . . .

ကတတ်တဲ့ လူရောက်လာလို့ . . .

ကျေးဇောသူ မဟုတ်။

မိန်းမငယ်များ၏ တီးတိုးသံထဲမှ ကောက်နုတ်ယူထားမိသော အချက်အလက်သုံးချက်။ မျက်စိကို စုံမှိတ်၍ ခေတ္တစဉ်းစားနေမိ၏။

"ဟော . . .လိဂ်ပူဇာအက ကတော့မယ်၊ ကြည့်ကြ ကြည့်ကြ"

အိုခက်ရှင်၏ အသံဖြစ်၏။ မျက်စိကို ပြန်ဖွင့်လိုက်၏။

"ဟင် . . ."

လက်ခုပ်သြဘာသံများ ဘဝင်ညံသွား၏။ စတင်၍က နေလေပြီ၊ မျက်နှာဖုံးကို မချွတ်သဖြင့် ကျွန်ုပ်၏ သံသယမှာ မသေချာ။

ပုံသံနှင့် လိုက်ဖက်ညီစွာ နှေးလိုက်မြန်လိုက် ရမ်းလိုက်၊ ခါလိုက်ဖြင့် ရင်ခုန်စရာ ကကွက်များ၊ ရင်ညွန့်ရှိ ပန်းကုံးများမှလည်းကောင်း၊ ပန်းတစ်ပွင့်စ၊ နှစ်ပွင့်စ ဖြုတ်ယူပြီး ပရိသတ်ထဲသို့ ပစ်ပေါက်ကြလွှင့်နေသည်။ လွင့်ပျံ့ကျလာသော ပန်းပွင့်များကို လူငယ်ပရိသတ်သည် အလုအယက် ကောက်ယူလျက်ရှိသည်။

တစ်ကြိမ်တွင် ပန်းတစ်ပွင့် ကျွန်ုပ်၏ ရင်ခွင်တွင်းသို့ ကျဆင်းလာ၏။

"သွားစမ်း"

စိတ်တိုစွာ ပုတ်ထုတ်လိုက်မိသည်။ ဘာကို စိတ်တိုနေသည်ကို မတွေးတတ်။ ကချေသည်ကို သေသေချာချာ စူးစိုက်ကြည့်နေမိပြန်သည်။ ကျွန်ုပ်၏ သံသယမှာ ပိုမိုကြီးထွားလာလေတော့သည်။

"အဲဒီပန်းတွေကုန်အောင် ပစ်ပေါက်ပြီး နဂါးကို ပူဇော်ရလိမ့်မယ်"

"အသည်းယားလိုက်တာဟယ်၊ အိုချစ်ဖွယ်ရဲ့ ကကွက်ထက်တောင် ဆန်းနေသေးတယ်နော်"

"အဲဒါ ပေါက္ကံရွှေပြည်မှာ ဘုရင်မင်းမြတ်မသိအောင် ကျိတ်ပြီး

နဂါးပူဇော်တဲ့ပွဲတွေမှာ ကတဲ့အကပေါ့''

ကျွန်ုပ် သည်းမခံနိုင်တော့ပါ။ နောက်သို့ ဆတ်ခနဲလှည့်ကြည့်လိုက်မိသည်။ အိုခက်ရှင်တို့ အုပ်စုထဲတွင် အိုပြည့်သင်ကို မတွေ့ရ။ ဝုန်းခနဲ ထရပ်လိုက်သည်။ ကွက်လပ်ထဲသို့ လှွားခနဲခုန်ဆင်းလိုက်သည်။ ကချေသည်အား ခါးမှကိုင်၍ ဖမ်းလိုက်၏။ ပြီး မျက်နှာဖုံးကို လျင်မြန်စွာ ဆွဲချွတ်ပစ်လိုက်သည်။

''ဟင် . . . အိုပြည့်သင်''

ယမ်းပုံမီးကျသွားရသည်။ အရှိန်ပြင်းစွာ ပေါက်ကွဲသွားရသည်။ ကျွန်ုပ် တစ်ကိုယ်လုံး ဒေါသဖြင့် ဆူဝေတုန်ယင်နေ၏။

''ဖြန်း . . .''

အိုပြည့်သင် ပါးတစ်ဘက်ပေါ်သို့ ကျွန်ုပ်၏ လက်ဝါးကြမ်းကြီး ကျရောက်သွားသည်။

''သည်းခံတော်မူပါ အရှင်''

ကလန်ကြီး ငပြည့်စင်သင် မျက်ကလဲဆန်ပျာ တောင်းပန်၏။ ပွဲခင်းမှာ ရုတ်ရုတ်သဲသဲ ဖြစ်စပြုနေပေပြီ။

''ပွဲကိုထိန်းပါ ကလန်ကြီး''

ခွေခွေကလေး လဲကျကာ ရှိုက်ငိုနေသည့် အိုပြည့်သင်ပေါ်သို့ ကျွန်ုပ်၏ ဝတ်ရုံကို လွှမ်းပေးပြီး ပွေ့ထူလိုက်၏။ ထို့နောက် တရကြမ်း ဆွဲခေါ်ခဲ့သည်။

''တက်စမ်း''

သူရဇ္ဇပေါ်သို့ တွန်းတင်လိုက်၏။ ကပျာကယာလိုက်လာသည့် ကလန်ကြီး ငပြည့်စင်သင်အား ထားခဲ့ကာ သူရဇ္ဇကို စိုင်းခဲ့သည်။ ရှိုက်ကြီးတငင်ငိုနေသဖြင့် အိုပြည့်သင် ကိုယ်ကလေး သိမ့်သိမ့်တုန်နေ၏။

ချော့လိုက်ချင်စိတ်ကို မျိုသိပ်နေရသည်။

ကလန်ကြီး အိမ်သို့ ပြန်ရောက်လာ၏။

"ဆင်းစမ်း . . ."

ခပ်ကြမ်းကြမ်း ပွေ့ချလိုက်သောအခါ အိုပြည့်သင် အိမ်ပေါ်ပြေးတက်သွား၏။

"တိတ်စမ်းပါ အမိငယ်ရယ်"

မတိတ်ပါချေ။ တိုး၍သာ ရှိုက်ငိုနေပါသည်။ ကျွန်ုပ်ဒေါသကို အရည်ပျော်စပြုပါလေပြီ။

"ပြစမ်း . . ."

မျက်နှာကလေးကို ဆွဲမော့ကြည့်လိုက်၏။ ပါးပြင်နုနုမှာ လက်ချောင်းရာကြီးက အထင်းသားနှင့် ယောင်တက်လာ၏။ ရင်ထဲတွင် ကျင်ခဲသွားရ၏။

"လူပုံအလယ်မှာ လျှို့ဝှက်အပ်တဲ့အရာတွေ ဖွင့်ပြတဲ့အကကို ဘယ်လိုပဲ နာမည်လှလှတပ်ထားပေမယ့် ဒါဟာ မြူဆွယ်ခြင်းဖြစ်တယ် အမိငယ်"

"အရှင်တို့ အရည်းကိုယ်တော်တွေ အကြိုက်ကပြရတဲ့ ကကွက်တွေပဲ မဟုတ်လား အရှင်"

"မငြင်းလိုပါဘူး အမိငယ်၊ ဒါပေမယ့် ငါမနှစ်သက်ဘူး"

မျက်ရည်စက်များ သီးနေသည့် မျက်ဝန်းကလေးတွင် အံ့ဩရိပ်က အချိန်ကြာမြင့်စွာ တွဲခိုနေပါသည်။

"ချစ်သူရဲ့ အလှအပ၊ အသီအကတွေကို ငါတစ်ယောက်တည်း ခံစားလိုတယ်၊ မျက်လုံးပေါင်း ထောင်သောင်းအောက်မှာ မိမိရဲ့အလှအပတွေကို ရက်ရက်ရောရော ချပြနေတဲ့ အမိငယ်ကို ငါဘယ်လို ခွင့်လွှတ်ရမှာလဲ"

"အို . . . အရှင်ရယ်"

အိုပြည့်သင် အငိုတိတ်သွား၏။ ကျွန်ုပ်၏ နှလုံးသားကို သူမ ကောင်းစွာ နားလည်သွားလေသည်။

သည်းထန်သော ချစ်စိတ်မှ ဝန်တိုမှုသည် ပေါက်ဖွား၍ လာ ခဲ့ရသည်။

ထို့အတူ . . .

စည်သာမြို့စား၏ သားလက်ထဲသို့ အိုပြည့်သင်အား ထည့် နိုင်ပါမည်လား။ စဉ်းစားစရာ ဖြစ်လာသည်။

မြင်းခွာသံများ ကြားရ၏။ ကာလန်ကြီးနှင့် အိုခက်ရှင်တို့ သားအဖဖြစ်၏။ လူစိမ်းတစ်ဦးလည်း ပါလာသည်။

"အလို . . . အိုပြည့်သင်ပါလား"

လူစိမ်း၏ အံ့မေဋ္ဌိတ်သံက ကျယ်လောင်လွန်းလှ၏။

"ဟင် . . . ဝရီစည်သင်ကြဲ"

"မွေ့ခဲ့သေလို့ ရေမျောလိုက်ပါပကော၊ အခု အသက်မသေ ဘူးပေါ့၊ အို . . . မဟာသရေအရှည်း ကိုယ်တော်ပါလား၊ ကိုယ်တော် က ကယ်လိုက်တယ်ပေါ့၊ ဟုတ်ဘိ . . ."

ထိုလူစိမ်းက ကျွန်ုပ်အား ကောင်းစွာသိနေသော်လည်း ကျွန်ုပ် ကမူ မသိပါ။

"ဟုတ်ပါတယ် ဝရီး၊ အခု ဝရီး ညကြီးမင်းကြီးဘယ်ကို သွားမလို့လဲ၊ နဂါးပူဇာပွဲကို လာတာတော့ မဟုတ်တန်ကောင်းဘိ"

"ဘယ် ဟုတ်လိမ့်မလဲ အိုပြည့်သင်ရဲ့၊ မြို့စားသားကိစ္စနဲ့ လာရတာ၊ မဟာသရေ အရှည်းကိုယ်တော်ကျောင်းကို ပင့်ဖို့ ခရီးထွက် လာတာ၊ ဒီမှာ တည်းနေတယ် သတင်းကြားလို့"

ထို့နောက် ကျွန်ုပ်ကို ဝတ်ပြုအရိုအသေပေးပြီး စည်သာသို့ ကြွပါမည့်အကြောင်း တောင်းပန်လေသည်။

"မဖြစ်ဘူး ကိုရင်စည်သင်ကြဲ၊ ကိုယ်တော်ဟာ ညဦးကမှ

ယွန်းကလေးက ရောက်လာတာ၊ ခရီးပန်းနွမ်းနယ်နေပြီပေါ့၊ ဒီညတော့ လိုက်မဖြစ်ဘိ၊ နံနက်မိုးသောက်မှ သွားကြပါဘိ''

ကလန်ကြီးက ဝင်ပြော၏။

''ကျွန်တော်မျိုး စည်သာမြို့ကောင်ချမ်းရွာ ကလန်ကြီး စေည် သင်ကြပါ၊ အကြောင်းကတော့ စောစောက လျှောက်ထားသလိုပါဘဲ၊ ကိုယ်တော်ကယ်မှသာ မြို့စားသားမှာ မျှော်လင့်ချက် ရှိမှာပါဘုရား''

''အိုပြည့်သင်အဖ သမားတော်ကြီး လက်လွှတ်လိုက်ပြီလား''

''မှန်ပါ၊ လက်လွှတ်လိုက်ပါဓိ၊ ကိုယ်တော့ကို ပင့်ဖို့ သူကပဲ စေလွှတ်လိုက်ပါဓိ''

ကျွန်ုပ်ခေတ္တစဉ်းစား၏။ သို့သော် မတွေဝေပါ။ လူနာအား ကယ်တင်ရန်မှာ သမားကောင်းတို့၏ ဝန်တာသာဖြစ်၏။

''ကောင်းပြီ ကလန်ကြီး၊ မြင်းတွေ အသင့်ဖြစ်ပါစေ၊ ဒီညပဲ ထွက်ကြမယ်''

♛ ♛ ♛

အိုပြည့်သင်၏ သတို့သားလောင်း၊ စည်သာမြို့စားသား မြေင်သင်၊ ကျွန်ုပ်အား ကိုးစားရိုကျိုးစွာ ကြည့်နေရှာသည်။

သတို့သမီး၏ ပန်းဦးကို ကျွန်ုပ်အား အလှူပေးရန် ရက်ရောလေသူ။

''အရှင် . . . မြေင်သင်ရဲ့ အခြေအနေမှန်ကို ကျွန်တော်မျိုး သိပါရစေ''

စည်သာမြို့စားက နှစ်ယောက်ချင်း တီးတိုးမေး၏။

''သိပ်တော့ မလွယ်ဘူး၊ သူ့အတွက် တစ်စုံတစ်ယောက်ဟာ အသက်ကို ရင်းပြီးစွန့်စားရလိမ့်မယ်''

''ဘယ်လိုကြောင့်ပါလဲ အရှင်''

''သာမန်ရောဂါ မဟုတ်ဘူး မြို့စား၊ ဒါကြောင့် အိုပြည့်သင်အဖ လက်လွှတ်ရတာပေါ့''

''အသက်ကို ရင်းပြီး စွန့်စားရမယ့်လူဟာ ဘယ်သူပါလဲ အရှင်''

"ကျွန်ုပ်ကိုယ်တိုင်ပဲ"

မြို့စားက မယုံနိုင်စွာ ကြည့်နေ၏။

"ကျွန်တော်မျိုးကိုယ်တိုင်နဲ့ တပည့်တပန်းလုလင်ကျော်တွေ ရှိပါတယ် အရှင်၊ ငမြင်သင်အတွက် အသေခံစွန့်စားမယ့်သူတွေ ဖြစ်ပါတယ်၊ အရှင် စေလိုရာ စေတော်မူပါ"

"ယခုကိစ္စက တစ်မျိုးဖြစ်နေဘိတယ် မြို့စား၊ သင်တို့ နား မလည်နိုင်တဲ့ ကိစ္စ၊ ကျွန်ုပ်မှတစ်ပါး အခြားလူနဲ့မဖြစ်ဘူး၊ အင်မတန် အန္တရာယ်များလိမ့်မယ်"

မြို့စား သက်ပြင်းချပြီး ငြိမ်သွား၏။

"အိုပြည့်သင်"

သတို့သားအနီးတွင် ကျောက်ဆစ်ရုပ်လို ထိုင်နေသော အို ပြည့်သင်က ညိုးလျော်စွာ ကြည့်နေ၏။

"ငါ့ကို ကတိနှစ်ခုပေးရမယ်၊ ဘယ်လို အခြေအနေမျိုးပဲ ဖြစ် ဘိ၊ အမိကိုယ်အမိ မလုပ်ကြံရဘူး။ ယွန်းကလေးမှာကတဲ့ အကမျိုး ဘယ်အကြောင်းကြောင့်ပဲ ဖြစ်ဖြစ်၊ ဘယ်သူ့ကြောင့်ပဲဖြစ်ဖြစ် ဘယ် သောအခါမှ မင်းမကရဘူး၊ အဲဒီနှစ်ခုပဲ။ ကဲ . . . ဘယ်လိုလဲ"

"ဒုတိယအချက်ကိုတော့ ကတိပေးနိုင်ပါတယ် အရှင်"

"ဒါဖြင့် . . . ပထမအချက်ကိုတော့ ကတိမပေးနိုင်ဘိ ဆိုပါ ၀ှ၊ ဟုတ်နိုး အမိငယ် . . ."

ကျွန်ုပ် စိတ်တိုလာမိ၏။

"သည်းခံပါ အရှင်၊ အိုပြည့်သင် နောက်တစ်ကြိမ် သူ့ကိုယ် သူ မလုပ်ကြံနိုင်အောင် ကျွန်တော်မျိုး အစောင့်အကြပ်မလပ်အောင် ချထားပါ့မယ်၊ အဲဒီအရေးကို စိုးနှောင့်တော်မမူပါနဲ့ အရှင်"

"ကောင်းပြီ မြို့စား၊ အခါမလပ် စောင့်ကြည့်ဖို့ အထူးလို တယ်"

လူနာ မြေ့ငြင်သင်ဘက်လှည့်လိုက်၏။ ရောက်စကပင် ရေစည်းမီးစည်းများကို ကျွန်ုပ်ချပြီးပြီ။

ကာလအပိုင်းအခြားတစ်ခုထိတော့ စိတ်ချရပြီဖြစ်၏။ သို့သော် ထာဝရမဟုတ်။ ထာဝရအတွက် ဆိုပါမူ ရန်သူကို အပြီးတိုင်သုတ်သင်ရမည်။ မြေ့ငြင်သင်၏ အဖြစ်ကလည်းဆန်း၏။ နာဖျားခြင်းအလျှင်းမရှိဘဲ ခန္ဓာကိုယ်၏ ဟိုနေရာသည်နေရာမှ ဒဏ်ရာဒဏ်ချက်များ ပေါ်ပေါ်လာတတ်ခြင်းပင်။

ချွန်ထက်သည့်အရာ ပြတ်ရှသည့်လက်နက်မျိုးဖြင့် ထိုးဆွပွတ်ဆွဲခံနေရသည့်အလား။ တစ်နေရာမှ ဒဏ်ရာပေါ်ပေါက်လာတိုင်း မေ့မြောမတတ် နာကျင်စူးရှ၏။ ညိုမည်းရောင်ကိုင်းလာ၏။ သည့်လိုနှင့် ဒဏ်ရာတွေ ထပ်လာ၏။ လူလည်း ပိန်ချုံးချည့်နဲ့လျက်။ လူမတွဲလျှင် မထနိုင်တော့သည့် အခြေ။

"အိုပြည့်သင် . . . ကိုရင်မရှိရင် စည်သာမှာ မနေပါနဲ့ ပေါက္ကံကိုပြန်ဘိ"

"နေကောင်းလာမှာပါ ကိုရင်ရယ်၊ မဟာသရေကုလို့ မနိုင်ဘဲ့ ရောဂါရှိမယ် မထင်ပါဘူး"

"မထင်ပါဘူးကွယ်၊ ခံစားနေရတဲ့ ဝေဒနာက ထူးဆန်းလှဘိတယ်၊ မမြင်ရတဲ့ အရာတစ်ခုက ကိုရင့်ကို ထိုးဆွပွတ်လှီးနေသလိုဘဲ၊ အိပ်မက်ထဲမှာ . . ."

ကျွန်ုပ်ကြည့်နေသည်ကို မြင်သဖြင့် မြေ့ငြင်သင်က စကားကို မဆက်ပဲ ဖြတ်ထားလိုက်၏။

"ဟုတ်ပြီ . . . ဆက်ပြောစမ်း၊ မြေ့ငြင်သင် အိပ်မက်ထဲမှာ ဘာဖြစ်သလဲ၊ ဘာတွေ့သလဲ"

"အိပ်မက်ထဲမှာ လူမည်းမည်းတစ်ယောက်၊ ကျွန်တော်မျိုးကို ဓားနဲ့လာလာဆွပါတယ် အရှင်၊ အဲဒီနေရာတွေမှာ ဒဏ်ရာ ပေါ်

ပေါ်လာပြီး အင်မတန်နာကျင်ဆင်းရဲလှပါတယ်၊ ဒါကြောင့် ကျွန်တော်မျိုး အိပ်ရမှာကို ကြောက်ရွံ့နေပါတယ် အရှင်''

''မကြောက်နဲ့တော့ မြေမြင်သင်၊ စိတ်ချလက်ချ အိပ်လိုက်ဘိ၊ ငါ့ရဲ့ ရေစည်းမီးစည်းကို သင်းမကျော်နိုင်ဘူး''

''မအိပ်ဝံ့ပါ အရှင်''

''အိပ်စမ်းပါလေ၊ ငါ့တာဝန်ထားဘိ''

ကျွန်ုပ်၏စကားကို မလွန်ဆန်ဝံ့သဖြင့် မြေမြင်သင်ခမျာ လှဲအိပ်လိုက်ရသော်လည်း ကြောက်ရွံ့နေမှုကြောင့် အိပ်ပျော်၍မသွားပါ။ ကျွန်ုပ်မြွေနိုင်ဆေးမြစ်ကိုသွေး၍ နှစ်ဆတိုက်လိုက်သောအခါမှ လုံးဝအိပ်ပျော်သွားရှာလေသည်။

''မြို့စား . . . သင့်ရဲ့ ဆောင်ဓားပေးစမ်း''

''ကိုးသချိုင်း သံဓားဖြစ်ပါတယ် အရှင်''

''အဲဒီက ပစ်ပေးလိုက်၊ စည်းထဲ မဝင်နဲ့''

မီးခိုးရောင်အသွားရှိ ဓားတစ်လက် ကျွန်ုပ်လက်ထဲ ရောက်လာ၏။

''ဓားက ဓားကောင်းပေပဲ၊ ကိုးသချိုင်းသံဓားရဲ့ အစွမ်းသတ္တိကို သင်အသုံးမချဘူး ထင်တယ်''

လေထဲတွင် ဇေ့ယမ်းခုတ်ပိုင်းကြည့်ပြီး ဓားကို ကျွန်ုပ် သဘောကျသွား၏။

''အပြင်မီးစည်းမှ မီးတောက်များ ရုတ်တရက် ထလာသည်၊ စည်းဝိုင်းတစ်ခုလုံး ဝိုင်းပတ်တောက်လောင်နေ၏။

မကြာမီ မီးများငြိမ်းသေသွားသည်။ ဆက်လက်၍ ထူးခြားမလာပေ။

''အရည်းကိုယ်တော် သုမန ရောက်လာပါပြီ အရှင်''

''ကောင်းပြီ၊ အခုပဲ ငါ့ထဲ လွှတ်လိုက် . . . ''

မနေ့ကပင် သုမနအား ကျွန်ုပ်မှာကြားလိုက်၏။ ဆေးအိတ်နှင့် အဲမောင်းကိုယူ၍ ချက်ချင်းလိုက်လာရန်ဖြစ်၏။

''ကျွန်တော်မျိုးရောက်ပါပြီ အရှင်''

လူနာ၏ အခြေအနေကို ကျွန်ုပ်က တိုတိုတုတ်တုတ်ပြောပြပြီး ကုသရမည့် ကိစ္စကိုပါ အသိပေးလိုက်၏။

''ရေမိုးသန့်စင်စားသောက်ပြီး နားလိုက်ဦး သုမန၊ ညဦးမှာ အလုပ်စမယ်၊ ကျွန်ုပ်ကို သင်ကောင်းစွာ စောင့်ရှောက်ရစ်ပါဘိ''

''ခေတ္တသည်းခံပါဦး အရှင်၊ ကျွန်တော်မျိုးတော့ သဘောမတူနိုင်ပါ၊ အဲဒီကိစ္စကို ကျွန်တော်မျိုး ဆောင်ရွက်ပါရစေ အရှင်''

''အန္တရာယ်ကြီးမားတယ် သုမန၊ ဓားရေး လှံရေး ကျွမ်းရုံနဲ့ မဖြစ်ဘိ။ ငါ့မှာတာသာ သင်သေသေချာချာ ဂရုစိုက်ပါ။ ငါ့ကို ပုရွတ် တစ်ကောင်တောင် မကိုက်ပါစေနဲ့၊ အမြင့်ရန်ဖြေးလုံးက သင့်တာဝန်ပဲ၊ ရှင်းရဲ့လား''

''ကောင်းပါပြီ အရှင်၊ အရှင်က အဲမောင်းသာမှာပေမယ့် အရှင့်ရဲ့ လေးတော်ကြီးကို ယူဆောင်လာခဲ့ပါတယ်။ အဲဒါပါ အရှင်နဲ့ မကွာရှိစေချင်ပါတယ်''

ခက်လည်း ခက်သည့် သုမန၊ ကျွန်ုပ်၏ စွမ်းရည်ကို သိလျက်နှင့် အလွန်စိတ်ပူတတ်သူ၊ အခုလည်း အပူလွန်ပြီး ကျွန်ုပ်သိမ်းဝှက်ထားသည့် လေကြီးကို ထုတ်ယူလာပြန်သည်။

''ခက်တဲ့ သုမနပါလား၊ ဒီလေးတော်ကြီးကို မြင်ရင် လေးပိုင်ရှင် ဘယ်သူလဲဆိုတာ ဆက်စပ်မိသွားကြပေမယ့် အရေးကို သင်မတွေးဘူးလား သုမန''

''စိတ်ချတော်မူပါ အရှင်၊ စည်သာဟာ ပေါက်နဲ့ အဝေးကြီးပါ၊ ပြီးတော့လဲ ဒီလေးကြီးကို ကျွန်တော်မျိုး လျှို့ဝှက်ယူဆောင်လာခြင်းသာဖြစ်ပါတယ်။ ဘယ်အရည်းကိုယ်တော်မှ မမြင်စေခဲ့ပါ''

ကျွန်ုပ်သက်ပြင်းချမိသည်နှင့်အတူ စိတ်သည် ပေါက္ကံရွှေပြည်သို့ ရုတ်ခြည်း လွင့်ပြေးသွားသည်။

ဘုရင်မင်းမြတ်၏ လေးတင်ပွဲ။

ဘွဲ့မည်ရည်နှင်းအပ်ပွဲ။

တပ်မှူးကြီး သိဒ္ဓိဗလ။

"စဉ်းစားပါဦး အရှင်၊ မြို့စားရဲ့သား ကျန်းမာလာရင် အိုပြည့်သင်နဲ့ မလွဲမသွေ လက်ထပ်တော့မယ်ဆိုတာ အရှင် သတိပြုမိစေလိုပါတယ်"

သုမန၏ အသံက ကျွန်ုပ်၏ စိတ်အာရုံအား ပစ္စုပ္ပန်သို့ ဆွဲခေါ်လိုက်၏။

"တော်တော့ သုမန၊ ငါဟာ တပ်မှူးကောင်းတစ်ယောက်ဖြစ်သလို ဆေးသမားကောင်းတစ်ယောက် ဖြစ်တယ်ဆိုတာလဲ၊ သင်သတိရစမ်းပါဘိ၊ မိန်းမတစ်ယောက်ကို ပြိုင်လုဖို့ ငါ့အခြေအနေ၊ ငါ့ဘဝက အရေးမသာဘူး၊ အချစ်ထက် အရေးကြီးတာတွေ ရှိသေးတယ်။ သင်အားလုံး သိပါတယ်လေ. . . "

"သိတာပေါ့ အရှင်၊ အရှင့်နှလုံးသည်းပွတ် ကြေမွလွင့်စင်ကျန်ရစ်မယ့် အရေးကိုလဲ ကျွန်တော်မျိုး သိနေပါတယ်"

မချိပြုံးဖြင့် သုမနအား ကြည့်နေမိ၏။ ကရုဏာနှင့် ဒေါသကို သုမန မျက်လုံးများထဲတွင် တွေ့ရ၏။

"ကျေးဇူးတင်ပါဘိ သုမနရယ်၊ သင့် စေတနာကို နားလည်ပါတယ်၊ ကျွန်ုပ်ကိုချစ်ရင် ပြောသလိုသာ ဆောင်ရွက်ပေးပါ၊ ကျွန်ုပ်ပဲ အောင်နိုင်ပါလိမ့်မယ်၊ မစိုးရိမ်ပါနဲ့. . . ကဲ. . . စလိုက်ကြရအောင် သုမန. . . "

သုမန အဆင်သင့်ဖြစ်သည်နှင့် ကျွန်ုပ်အတွက် ပြင်ဆင်ထားသောနေရာ၌ ကျွန်ုပ်လည်း အသင့်ဖြစ်စေလိုက်၏။ မကြာပါ သင်းရောက်

ဘာလေတော့သည်။

သို့သော် မီးစည်းကို သင်းမကျော်နိုင်။ ဝတ်ရုံမည်းကြီးတွင် မီးစွဲ၍ ခုန်ဆုတ်ပြေးရ၏။ နှင်းရည်စက်များ စွဲနစ်သော မြက်ခင်းပေါ်သို့ လှဲချလူးလိမ့်လိုက်သောအခါ ဝတ်ရုံမှ မီးငြိမ်းသေသွားသည်။

ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်သည် မှောင်၍မနေချေ။ အလင်းတန်းများ ထိုးကျလာလိုက်၊ ပတ်ဝိုင်းသွားလိုက်ဖြင့် ရှိနေသည်။

ဓားနှစ်လက်ဆုံအခတ်၌ သံသံချင်း ထိခိုက်သံမှာ ကျယ်လောင်စွာ ထွက်၍လာသည်။ စည်သာမြို့စား၏ ကိုးသချိုင်းသံဓားမှာ ကျွန်ုပ်ထက်တွင်း၌ သမန်းမြက်အလားပေါ့ပါးထက်မြက်စွာ မိုးဖြတ်ပင့်ထိုးခုတ်ပိုင်းလျက်ရှိနေဘိငြား သင်းကား ဓားရေး၌ကျွမ်းလွန်းလှဘိ၏။

ယခုလည်း ကျွန်ုပ်၏ မိုးဓားချက်ကို အလွယ်တကူပင် လှန်ခုတ်၍ နောက်ကျောဘက်တောင်ကမူပေါ်သို့ ခုန်တက်သွား၏။ ပေါ့ပါးလှ၏။ ဖက်တစ်ရွက် လေလွင့်သလို လွင့်ဝဲမြောက်တက်သွားပုံက သပ်ရပ်လှပနေပေသည်။

"သင်ဟာ ကိုယ်နဲ့မဆိုင်တာကို ဝင်ရှုပ်နေတာပဲ မဟာသရေ"

သင်းစကား စပြောပါလေသည်။ အသံမှာ ကျွန်ုပ်နှင့်တာဝန်ထမ်းဆောင်ဘက်တစ်ယောက်၏ အသံ။

ဖြစ်နိုင်ပါ့မလား . . . ကျွန်ုပ်မယုံနိုင်၊ အသံတူသည်လည်း ဖြစ်နိုင်ပါသည်။ တာဝန်ထမ်းဘက်ထက် သင်းက ပိုပြီး တုတ်ခိုင်နေသည်။

"မြေင်သင်ဟာ ကျွန်ုပ်ရဲ့ လူနာဖြစ်ဘိ၊ ဆေးသမားဟာ လူနာရဲ့ အသက်ကို ကာယ်တင်နေခြင်းဖြစ်ဘိ၊ သင်ပြန်သွားပါ"

"ဟား . . . ဟား . . . ဟား . . . ပြန်ရမယ်လား မဟာသရေ၊ ကျလဲကျတဲ့ မဟာသရေရယ်၊ သင်သာပြန်ပါ၊ ငါ့ကိစ္စထဲ ဝင်မပါစမ်းပါနဲ့"

"အေးအေးချမ်းချမ်း ပြောလို့မရတော့လဲ ကြမ်းကြမ်းတမ်းတမ်းပလေ၊ ရပါဘီတယ်၊ ရော. . . လာပြီ"

ကျွန်ုပ်၏ သတ္တုရုဇယလေးတော်ကြီးမှ မြားတံတစ်ချောင်း ပြေးထွက်သွားသည်။

"ဖြောင်း. . ."

မြားတံကို ဓားဖြင့် ဆီးခံလိုက်၏။

"ဟား. . . ဟား. . . ဟား"

ဟနေသော သင်း၏ ပါးစပ်ကြီးထဲသို့ နောက်ထပ်မြားတစ်စင်း လွှတ်လိုက်၏။ သင်းက ဓားဖြင့် ဆီးခံ၍ ပုတ်ထုတ်လိုက်ပြန်သည်။ မြားတံလွင့်သွားပြန်၏။

ကျွန်ုပ်အနည်းငယ် ဒေါသထွက်၍ လာသည်။ မြားပြသဒ် ဆင်၍လွှတ်သော် သင်းခံနိုင်မည်လော။ သို့သော် ထိုသို့လုပ်ရန်အခါ မဟုတ်သေး။

'သင်း' ဘယ်သူလဲ၊ မှန်းကြည့်၏။

တိကျသော အဖြေမပေါ်ပါ။ အလုံးအရပ်ထွားကျိုင်းမြင့်မား၏။ အခုန်အပျံပေါ့ပါး ဖျတ်လတ်၏။ အတိုက်အခိုက် အရှောင်အတိမ်း သပ်ရပ်ကျွမ်းကျင်၏။

သည်တိုက်ကွက်မျိုး မြင်ဖူး၏။

'သင်း'သည်အရပ်မှ မဟုတ်နိုင်။

'သမထီး'အရပ်ကလော။

"မဟာသရေ. . ."

အပေါ်စီးမှ ငုံ့ကြည့်နေသော သင်းကခေါ်၏။ အင်း သင်းကတော့ ငါ့ကို ကောင်းကောင်း သိနေပါလား။

"အသင် ဘယ်သူလဲ"

"ဟား. . . ဟား. . . ဟား"

"ဘာကြောင့် နှောင့်ယှက်နေတာလဲ"

အရယ်ရပ်သွားပြီး လဲပွင့်တစ်ပွင့်လို ကျွန်ုပ်ရှေ့သို့ ကျလာသည်။

"ငါ ဘယ်သူလဲဆိုတာ သင်သိဖို့ မလိုဘူး၊ သင်မယှဉ်နိုင်အောင် အဆင့်မြင့်တဲ့ လူဆိုတာသာ နားလည်ထားပါ"

"ထားပါတော့လေ၊ သင်ဟာ မဟာသရေထက် အဆင့်မြင့်သူပဲ ထားလိုက်ပါတော့ ဘာကြောင့် မြေသင်ကို ဒုက္ခပေးနေတာလဲ၊ အဲဒါတော့ ကျွန်ုပ်သိလိုတယ်"

"ဒုက္ခတင် ဘယ်ကမလဲ၊ မြေသင်ဟာ အိုပြည့်သင်ကို လက်ထပ်တဲ့အတွက် တဖြည်းဖြည်းတရိရိသေပေးရမယ် နားလည်လား"

"ဘာကြောင့် ဒီလောက် အငြိုးကြီးနေတာလဲ"

"အိုပြည့်သင်ဟာ လာမယ့် ဝါတွင်းတစ်တွင်းလုံး ငါ့အလုပ်အကျွေးဖြစ်ရပါဝ့်"

စကားထဲက ဇာတိပြလာသည်။ သင်းလည်း အရည်းကိုယ်တော်ပေပဲကိုး။

"မနှစ်ဝါမဝင်ခင်ကတည်းက ငါရွေးချယ်ထားခဲ့တယ်"

တိကျသော အဖြေပေါ်မလာ။ အရည်းကျောင်းတိုက်တစ်တိုက်နှင့် တစ်တိုက်အလေ့အထများ ထပ်တူညီမျှခြင်းမရှိ။ ကာမဂုဏ်ကိစ္စနှင့် ယစ်ပူဇော်မှုများ၌ ဆန်းသည်ထက်ဆန်းအောင် ထွင်ကြစမြဲ။

ဒါကိုပင် ဓလေ့ထုံးစံဟု သတ်မှတ်ကြ၏။

"အိုပြည့်သင်မိန်းမ သူက ထွက်ပြေးတိမ်းရှောင်သလေ၊ အခုစည်သာမှာ လာတွေ့ပြီ၊ သင်း ဘာတတ်နိုင်သေးလဲ"

"အိုပြည့်သင်ဟာ မြွေနဲ့သေခဲ့ဘိ၊ ဒါကို သင်သိရဲ့လား"

"ဟား. . . ဟား. . . ဟား"

အူလှိုက်သည်းလှိုက် ရယ်မောသံတွင် လျှောင်ပြောင်သရော်

မှုများစွာ ပါဝင်နေလေသည်။

"အရည်း မဟာသရေ. . . တဲ့၊ အင်း. . . ပြီးတော့ တောပုန်းကြီး မဟာသရေ၊ အဲဒီရှေ့ကကော၊ ဟား ဟား ဟား၊ အဲဒီ ရှေ့ဘဝကိုပါသိတဲ့ ငါဟာ အိုပြည့်သင် မြွေနဲ့သေတာတို့၊ သင်ကုသ ပေးလို့ ပြန်ရှင်လာတာတို့ပါ မသိပဲရှိပါ့မလား၊ မဟာသရေရဲ့ ဟား ဟား ဟား"

နဖူးပြင်၌ ယှီးလေးခိုလာသော ချွေးစက်များကို လက်ဖြင့် ကျွန်ုပ်သပ်ချလိုက်၏။ ဓားကိုင်လက်မှလည်း စေးထန်း၍လာလေသည်။ 'သင်း'သည် မြေင်သင်၏ ရန်သူအဖြစ်မှ ကျွန်ုပ်၏ ရန်သူအဖြစ်သို့ ပြောင်းလဲသွားလေပြီ။

"သင်နဲ့ငါဟာ ဘဝတူချင်းပါ မဟာသရေ၊ အဲဒီတစ်ချက် ကြောင့် သင့်အသက်ဒီမျှ ရှည်နေခြင်းဖြစ်ဘိ"

"တောက်. . ."

ကျွန်ုပ်နားလည်ပြီ၊ သင် ဘယ်သူဆိုတာ ကျွန်ုပ် မှန်းမိပြီ၊ သင်းကို အသက်ရှင်ခွင့်ပေး၍ မဖြစ်တော့ပါ။ သင်းသည် သမထီးမှ မူလဂိုဏ်းခွဲမှ ဂိုဏ်းထောက်ချုပ် ညာလက်ရုံးဖြစ်၏။

ထိုအခါ အဆင့်အတန်းအနေနှင့် ကွာခြားသွား၏။

မှန်ပါသည်။ သင်းက မြင့်ပါသည်။ အစဦးကတော့ အတူတူ ပင်။ တစ်ဆရာတည်း တပည့်များဖြစ်ခဲ့၏။ ပညာစုံ၍ ပြန်ရန် ပြင်ဆင် နေကြစဉ် ကျေးဇူးရှင်ဆရာမှာ နာမကျန်းဖြစ်တော့သည်။ နာမကျန်း ဖြစ်နေသော ဆရာအား လျစ်လျူရှု၍ ကျွန်ုပ်မပြန်ရက်ပါ။ ဆရာ့အား ပြုစုစောင့်ရှောက်ရင်း ကျွန်ုပ်နေရစ်ခဲ့၏။ သင်းကား မည်သူ့ကိုမျှ လှည့် မကြည့်တော့၊ နောက်ထပ် အတတ်ပညာတစ်ခု သင်ယူရန် ထွက်ခွာ သွားခဲ့သည်။

ဆရာသခင်သည် သုံးလတိတိ နာမကျန်းဖြစ်နေခဲ့၏။ မည်သည်း

ညှော်ပြုစုသော ကျွန်ုပ်အား ပြန်ခါနီးတွင် ထိပ်တန်းလျှို့ဝှက်တိုက်ကွက် ဆယ့်နှစ်ကွက်ကို ချီးမြှင့်၏။ နောက်ဆုံးတွင် သင်းနှင့် ကျွန်ုပ်တို့ အတူတကွ တာဝန်တစ်ခုကို ထမ်းဆောင်ခဲ့ကြရ၏။

သင်း အပါအဝင် ကျွန်ုပ်တို့အားလုံး ခုနစ်ယောက်။

''သတ္တဂဏာ''ဟုခေါ်၏။

သတ္တဂဏာတွင် ကျွန်ုပ်တို့ ခုနစ်ယောက်က ဦးစီးများဖြစ်ပြီး ဦးစီးတစ်ယောက်စီတွင် တပည့်ငါးယောက်ရှိ၏။ တာဝန်ပုံစံမှာ အကြမ်းဖျင်းချပေးထားရုံသာ ဖြစ်၏။ ကျွန်ုပ်တို့က အနုစိတ်အကွက်ဖော် လှုပ်ရှားဆောင်ရွက်နိုင်သည်။

ကြည့်စမ်း. . . ယခုတော့. . .

သင်း သစ္စာဖောက်လေပြီ၊ လှုပ်ရှားဆောင်ရွက်ခဲ့သမျှ အလဟဿဖြစ်ရတော့မည်လော။ သင်းကြောင့် ကျန်သည့်သတ္တဂဏာများ၏ အသက်မှာ လုံခြုံစိတ်ချမှု မရှိတော့ပါ။ ဆရာသခင်ထံမှ ထွက်ခွာသွားပြီးနောက် သင်း၌ အဆောတ်ပညာ မည်မျှ ထပ်မံ တိုးပွားနေပြီ မသိ။ သို့သော် ကျွန်ုပ်မမှုပါ။

ကျွန်ုပ်သည် ရဲရင့်၏။ ယုံကြည်မှုပြည့်ဝပြင်းထန်၏။ ကောင်းသောဆန္ဒရှိ၏။ ထိုအချက်များကို ပေါင်းစုသော် ကြီးမားသော အင်အားတစ်ရပ်ဖြစ်စေ၏။

''သမန္တ''

ကျွန်ုပ်က သင်းအမည်ကို ထုတ်ဖော်၍ ခေါ်လိုက်သည်။

''မှတ်မိသွားပြီလား၊ ဟား. . . ဟား. . . ဟား''

ကျွန်ုပ် မှတ်မိခြင်းအတွက် သင်း၌မည်သို့မျှ တုန်လှုပ်ဟန် မရှိ. . .

''ဆရာသခင်ထံက ယွက်ခွာသွားပြီး ထပ်မံသင်ယူတဲ့ သင့်ရဲ့ အတတ်ပညာဟာ မှော်ပညာလား သမန္တ''

"သိပ်မှန်တာပေါ့ မဟာသရေရယ်၊ အဲဒီတော့ သင်ပြန်သွားလိုက်ပါ၊ ငါ့မှာ သင့်ထက်သာလွန်တဲ့ အတတ်ပညာတွေ ရှိနေတယ်ဆိုတာ သိပြီမဟုတ်လား"

"သင့်ရဲ့ မှော်အတတ်ကလဲ ကျွန်ုပ်ရဲ့ မီးစည်းကိုတောင် မကျော်လွှားနိုင်ပါလား၊ ဟား. . . ဟား"

"ကျော်နိုင်ရမှာပေါ့၊ သင့်ကို ရှင်းလိုက်ရင်၊ သင့်စည်းတွေလဲ ကျိုးပေါက်သွားပြီပဲ"

"သစ္စာဖောက်"

သင်းစိတ်ကို ဆွပေးလိုက်၏။

"သင် ဘာတွေ ဖွင့်ပြောပြီးပြီလဲ"

"ဖွင့်မပြောပါဘူး မဟာသရေရဲ့၊ ငါတို့ 'သတ္တဂဏ' က လူနာမည်နှင့် လုပ်ဆောင်ချက်တွေကို ပေရွက်မှာ မှတ်တမ်းတင်ထားရဲ့ ပါ ဟဲ. . . ဟဲ"

"ပြောစမ်း. . . သမန္တ၊ အဲဒီပေရွက်တွေ ဘယ်မှာ ထားသလဲ"

"ဟား. . . ဟား. . . ဟား ငါ့ကို သူငယ်နှပ်စားမှတ်နေသလား"

"သင် သေရမယ် သမန္တ"

ကျွန်ုပ် ခိုင်မာစွာ ပြောလိုက်၏။ သင်းအတွက် သေမိန့်ကို ရွတ်ဆိုလိုက်၏။

"ငါ သေရင် ပေရွက်တွေအားလုံး သမထီးဂိုဏ်းထောက်ချုပ်လက်ထဲရောက်အောင် စီစဉ်ထားပြီးပြီ မဟာသရေ၊ သင် ငြိမ်းချောက်နေလဲ အလဟဿပဲ"

"သင် သေရမယ်၊ သမန္တ. . . ငါ ကျိန်ဆိုလိုက်တယ်"

မြေကြီးတစ်ဆုပ်၊ ဆုပ်ယူ၍ သင်းအတွက် သေမိန့်ကို ဒုတိ

ယအကြိမ် ကျွန်ုပ် ရွတ်ဆိုလိုက်၏။

ကျွန်ုပ်၏ လျှို့ဝှက်တိုက်ကွက် ဆယ့်နှစ်ကွက်ထဲမှ သုံးကွက်ကို ထုတ်ယုတ်ရွေးချယ်တိုက်ရန် ကျွန်ုပ် ဆုံးဖြတ်လိုက်၏။

"သမန္တ. . . ငါတို့ ခွဲခွာသွားပြီး သင့်မှာ ပညာရပ်တွေ တိုးပွားခဲ့သလို ငါ့မှာလဲ တိုးပွားနေလိမ့်မယ်လို့ကော သင်မတွေးမိဘူးလား"

သင်း မဖြေပါ။ သမန္တ မဖြေပါ။ မျက်နှာဖုံး ခေါင်းစွပ်ကိုသာ ဆွဲချွတ်လိုက်၏။

"သင် ထွက်ခွာသွားပြီး. . . သုံးလတိတိ ငါဟာ ဆရာသခင်ကို ပြုစုလုပ်ကျွေးခဲ့တယ်၊ အဲဒီအတွက် ဆရာသခင်က ငါ့ကို အဖိုးအနဂ္ဃထိုက်တန်တဲ့အရာကို ချီးမြှင့်လိုက်တယ်"

သင်း စိတ်ဝင်စားမှု မရှိပါ။

"အဲဒါကတော့ ထိပ်တန်းလျှို့ဝှက်တိုက်ကွက်တွေပဲ"

စိုးရိမ်မှုနှင့် အံ့ဩသင့်ရိပ် သင်းမျက်နှာ၌ ဖြတ်သန်းသွားခိုက်. . .

တစ်ဆက်တည်း မုန်တိုင်းကျသည့်ပမာ ကိုးသချိုင်းသံစားဖြင့် တရစပ်မွှေ့ယမ်း တိုက်ခိုက်ပစ်လိုက်၏။ ကန္တရမုန်တိုင်းတိုက်ကွက်အောက်တွင် သင်းမှာ ဆောက်တည်ရာမဲ့ ယိမ်းယိုင်လျက်ရှိ၏။ လူချင်းအကွာ၌ သင်း၏ ဘယ်လက်တစ်ဘက်ကို ကျွန်ုပ်ခုတ်ဖြတ်ပစ်နိုင်ခဲ့သလို သင်းကလည်း ကျွန်ုပ်၏ ပခုံးတွင် ဓားချက်တစ်ချက်ထိ လိုက်ပါသည်။

ပြန်လည် ဆောက်တည်ရန် အခွင့်အရေးကို ကျွန်ုပ်မပေးနိုင်တော့။ ကန္တာရမုန်တိုင်းအောက်တွင် သမန္တယိမ်းယိုင်ချောက်ချားနေစဉ်ဟ်မဝန္တာဆင်ရိုင်း တိုက်ကွက်ကို ထပ်ဆင်လိုက်သည်။

အဘယ်မှာလျှင် ခံနိုင်လိမ့်မည်နည်း။ သင်း ပြားပြားဝပ် လဲပြိုရချေတော့၏။

"သစ္စာဖောက် . . . ထွီ"

သင်း၏ လည်မျိုတွင် ဓားတင်၍ မျက်ခွက်ထဲသို့ စက်ဆုပ်ရွံရှာစွာ တံတွေးထွေးထည့်ပစ်လိုက်၏။

"ပေရွက်တွေ ဘယ်မှာထားသလဲ"

သေအံ့မူးမူး အခြေအနေမှာပင် သင်းက ပြုံး၏။

သရော်ပြုံး။

ကိုးသချိုင်းသံဓားအသွားကို ခပ်ဖိဖိထောက်ပစ်လိုက်မှ သင်း၏ သရော်ပြုံးက ပျောက်ကွယ်သွားတော့သည်။

"ပြောစမ်း သမန္တ"

"လေထဲမှာ"

"ဘာ . . . "

"ဟဲ . . . ဟဲ . . . လေထဲမှာလေ၊ ဂိုဏ်းထောက်ချုပ်နဲ့ အတူတူ"

"ရှင်းရှင်းပြောစမ်း"

အဖြေအစား ပေါက်ဓားကလေး နှစ်လက် လေထဲသို့ ပျံတက်လာ၏။ သင်း၏ လက်ဖျံထဲမှ ထွက်လာခြင်းဖြစ်သည်။ တစ်ချောင်းကို လွတ်လွတ်ကျွတ်ကျွတ် ရှောင်လိုက်နိုင်သော်လည်း ကျန်တစ်ချောင်းက ကျွန်ုပ်လည်ပင်းကို ရှပ်ဖောက်သွား၏။

"ကဲ . . . "

"အား . . . အား . . . "

သင်း ဆက်၍ မပြောနိုင်တော့ပေ။ ကိုးသချိုင်းသံဓားဖြင့် သစ္စာဖောက်အား ဓာတ်သိမ်းပေးလိုက်နိုင်ပါသည်။

"သွားပေရော့ . . . သစ္စာဖောက်တို့ သွားရာလမ်းကို"

"အရှင် . . . အရှင် . . . အရှင်"

လေးလံနေသေးသည့် မျက်ခွံများကို ပင့်ကြည့်လိုက်၏။ ပု

သောက ဖြစ်နေသည့် သုမနကို မျက်ရည်တွေတွေကျလျက် တွေ့လိုက်ရ၏။ ချက်ချင်းပင် ထထိုင်လိုက်မိ၏။

"အရှင် . . . အရှင့်မခုံးမှာ ပြီးတော့ . . . လည်ပင်း"

သုမနက ပျာယာခတ်နေ၏။ ကျွန်ုပ်၏ ဒဏ်ရာများကို သန့်စင်၍ ဆေးထည့်ရန် ပြင်ဆင်၏။

"သေတွင်းနဲ့ ဝေးပါဘိ၊ သုမနရယ်၊ မစိုးရိမ်ပါနဲ့"

"ကျွန်တော်မျိုး အရှင့်အိပ်ပျော်နေတုန်း စောင့်ကြည့်နေတာမှာ အရှင့်ပခုံးနဲ့ လည်ပင်းမှာ ဒဏ်ရာပေါ်ပြီး သွေးတွေထွက်လာတော့"

"ဒီလောက်တော့ ရှိမှာပေါ့၊ သုမနရယ်၊ ကျွန်ုပ်ယှဉ်ရတဲ့ လူက အသေးအဖွဲ့မဟုတ်ဘူး။ ကောင်းသော ဆန္ဒကြောင့်သာ ကျွန်ုပ်အောင်နိုင်ခဲ့ခြင်း ဖြစ်ဘိတယ်"

"သူ . . . ဘယ်သူလဲ အရှင်"

"သဿုန္တ"

အသံမထွက်စေပဲ နှုတ်ခမ်းလှုပ်ရုံဖြေလိုက်သည်။ သုမန ပါးစပ် ဟောင်းလောင်း ဟသွားတော့၏။

"သူ . . . သူ . . . အခု"

"အပြတ်ရှင်းခဲ့ပြီ သုမန"

"ကောင်းပါဘိ အရှင် . . . ဒါမှ ကျွန်တော်မျိုးတို့ လုံခြုံမယ်"

ကျွန်ုပ် ခေါင်းယမ်းလိုက်မိ၏။

"ပေရွက်တွေ ရှာရဦးမယ်၊ အဲဒါ မတွေ့မချင်း မလုံခြုံဘူး သုမန"

မြင်သင် လှုပ်ရှားသမ်းဝေလာ၏။ သည်းညည်းခံပြီး စောင့်ကြည့်နေစဉ် မျက်လုံးများပွင့်၍လာသည်။

"သင် ဘာအိပ်မက်၊ မက်သလဲ မြင်သင်"

"သိပ်အံ့ဩစရာ ကောင်းပါတယ် အရှင်၊ ကျွန်တော်မျိုးကိုခါးနဲ့ဆွဲနေတဲ့ လူမည်းမည်းကို အရှင်က တိုက်ခိုက်ပြီး သုတ်သင်လိုက်ပါတယ်၊ အိပ်မက်မှဟုတ်ရဲ့လားလို့တောင် သံသယဖြစ်မိပါတယ် အရှင်"

"ဒါပဲပေါ့ . . . မြေင်သင်၊ သင့်ရဲ့ဘဝဟာ အေးချမ်းသာယာသွားပြီ၊ ကျန်းမာရေးလဲ ကောင်းသွားပြီ"

"အဲဒါ တကယ်ပဲလား အရှင် သုမန"

အံ့ဩ မပြေနိုင်သေးပဲ သုမနကို လှည့်မေးပြန်သည်။

"တကယ်မို့လို့ အရှင်မဟာသရေရဲ့ ကိုယ်ပေါ်မှာ ဒဏ်ရာတွေ ရှိနေတာပေါ့၊ ဒါတွေဟာ သင့်အသက်ကို ကယ်တင်ဖို့ တိုက်ခိုက်ရင်း ရလာတဲ့ ဒဏ်ရာတွေပဲ၊ ဒီမှာ ကြည့်လိုက်စမ်း"

"အို . . ."

မြေင်သင် ညောင်စောင်းပေါ်မှ ထ၏။ အတွဲအထူ မရှိဘဲ ဖျာနိုင်နေသည်။ ကျွန်ုပ်၏ ခြေအစုံကို ကိုင်ဆုပ်၍ ခေါင်းဖြင့်တိုက်သည်။

"ကျေးဇူးကြီးမားလှပါတယ် အရှင်"

"ထပါ မြေင်သင်၊ သင့်ဖခင်ရဲ့ ဆောင်ဓားကလဲ ထက်လှပေတယ်၊ သုမနအပြင်က လူတွေခေါ်လိုက်ပါ၊ နေဦး . . . နေဦး မြို့စားတစ်ယောက်ပဲ ခေါ်လိုက်"

စည်သာမြို့စား ဦးတိုက်၍ ဝင်လာ၏။

"ကျေးဇူးကြီးမားလှပါတယ် မဟာသရေ အရှင်၊ ကျွန်တော်မျိုးနဲ့တကွ၊ စည်သာ တစ်မြို့လုံး အရှင် စေလိုရာ စေတော်မူပါ"

"ကောင်းပြီ မြင်းတွေသာ ပြင်ပေတော့"

"တစ်ပတ်မျှ နားနေတော်မူပါဦး အရှင်၊ အရှင့်မှာ ဒဏ်ရာတွေနဲ့"

"ကျွန်ုပ်မှာ အရေးကြီးကိစ္စက ရှိသေးတယ်၊ သုမနပစ္စည်းတွေသိမ်း၊ သူရဲ့ဖွဲ့ကို အသင့်ပြင်ခိုင်းတော့"

ထပ်မံ မတားဝံ့တော့သဖြင့် ခေါင်းကုတ်နေသော စည်သာမြို့စားအား ကျွန်ုပ်က ပခုံးပုတ်၍ နှစ်သိမ့်လိုက်ရ၏။

"မြေင်သင်ရဲ့ ကျန်းမာရေးဟာ လုံးဝကောင်းသွားပြီ၊ ကျွန်ုပ် အာမခံတယ်၊ သင် စိတ်ချပေတော့ မြို့စား"

"သူ့ကို လပ်ထပ်ပေးလို့ ရပြီလား အရှင်"

ကျွန်ုပ် အနည်းငယ် တုံ့ဆိုင်းနေမိ၏။ အမှန်က သည်လို မဖြစ်သင့်ပါ။ မြေင်သင်၏ အသက်ကို မကာယ်သေးခင်ကပင် ရှေ့ဖြစ်ကို ကျွန်ုပ်သိပြီးပြီ မဟုတ်ပါလား။

"အရှင့် နှလုံးသည်းပွတ်တွေ လွင့်စင်ကြေပျက်မယ့်ကိစ္စကို လဲ သုမန သိနေတာပါပဲ"

သုမန၏ အသံကို ကြားယောင်ရင်းကပင် မြို့စားအား ခေါင်း ညိတ်ပြလိုက်ရ၏။

အိုပြည့်သင်ရယ် . . .

မင်းလက်ထပ်ရင် နောက်တစ်ကြိမ် ပြန်ဆုံရမယ်လေ။

ပြီးတော့ . . .

မြေင်သင်ဆီကို မင်းကပြန်။

ဒါဟာ ခလှေ့ထုံးစံ . . .

♛ ♛ ♛

ဒဏ်ရာကြောင့် ရက်အနည်းငယ်မျှ အဲမောင်းရေး အကျင့် ပျက်ကွက်ခဲ့ရ၏။ လေ့ကျင့်ဘက်ကို ဝေးဝေးလံလံ မရှာဖွေရပါ။ သုဒ္ဓိအား ရန်သွားစလျှင် အဲမောင်းရေး ကျင့်ဘက်ရတော့၏။

အင်း . . . ဒီနေ့တော့ သုဒ္ဓိကို သွားစလိုက်ဦးမှ။

စဉ်းစားနေစဉ် မဟာမတိမာ၏ ကျောင်းဆောင်မှတပည့် အရည်းတစ်ယောက် ရောက်လာ၏။

"မဟာသရေ ကိုယ်တော့်ကို ဂိဏ်းထောက်ကြီးက တွေ့လို ကြောင်းပါ အရှင်"

"ကိစ္စထူးရှိပြီထင်ရဲ့"

"ဟုတ်ပါလိမ့်မယ် အရှင်၊ အခုနကပဲ ခရီးဝေးက မြင်းသည် အချို့ဆိုက်ရောက်လာပါတယ်"

လက်တွင် ဆကြည့်နေသော အဲမောင်းကို သုမနအား ပြန် ပေးပြီး ချက်ချင်း ကျွန်ုပ်ထလိုက်သွားသည်။ မဟာမတိမာ၏ အနီး တွင် မြင်းသည်နှစ်ယောက်ကို မြင်လိုက်သည်နှင့် ကျွန်ုပ်တစ်ကိုယ်လုံး ဖျဉ်းခနဲဖြစ်သွား၏။

''သတ္တဂဏ''အမှတ်အသားနှင့် တွေ့ရ၏။ လက်ကြပ်မှ ဂဠုန်ကနေဟန် သတ္တဂဏဟူ၍ ဖြစ်၏။

''သတ္တဂဏ'ချင်းသာ ဖတ်တတ်သည့် စာလုံးများ၊ ရိုးရိုးကြည့်လျှင် ဂဠုန်တောင်ပံဖြန့်နေဟန်နှင့် ကနုတ်ပန်းများသာ မြင်ရ၏။

''လာပါဦး မဟာသရေ ဒီမှာ သတင်းဆိုး နှစ်ခုရောက်လာလို့''

''ဘာများပါလဲ အရှင်''

''ဟောဒီက မြင်းသည့်နှစ်ဦးဟာ သမထီးမူလဂိုဏ်းက အရှင်းကိုယ်တော်တွေဖြစ်တယ်၊ ပထမအသင်းက အနုရုဒ္ဓဟာ ငါတို့ အရှင်းဂိုဏ်းကို ဖြိုခွဲဖို့ သူလျှိုဒလံများ စေလွှတ်ထားပြီဆိုတာပဲ၊ ဒုတိယသတင်းက . . .''

မဟာမတိမာက ဆက်၍ မပြောသေးပဲ၊ ကျွန်ုပ်၏ မျက်နှာကို လေးနက်စွာ စူးစိုက်ကြည့်၏။

''သမထီး မူလဂိုဏ်းထောက်ချုပ်ရဲ့ ညာလက်ရုံး အရှင်းကိုယ်တော်သမန္တ သေဆုံးပြီဆိုတဲ့ သတင်း''

တုန်လှုပ်ခြင်းကင်းသော ကျွန်ုပ်၏ မျက်နှာမှ အကြည့်ကို မဟာမတိမာ လွှဲဖယ်လိုက်၏။

''အဲဒီတော့ မဟာသရေ၊ သမန္တရဲ့ ဈာပနအခမ်းအနားကို သင် တက်ရောက်ရင်း အနုရုဒ္ဓရဲ့ ခြေလှမ်း ဘယ်အထိပေါက်ရောက်နေပြီဆိုတာကိုပါ စုံစမ်းခဲ့ရလိမ့်မယ်''

''ကောင်းပါပြီ အရှင်''၊

''လိုအပ်ရင် ပေါက္ကံအထိ သွားပါ မဟာသရေ''

''စိတ်ချပါ အရှင်''

''ပြန်လာရင် ငါ့အတွက် ငါတို့အရှင်းသာသနာအတွက် သတင်းကောင်းတွေ ပါလာပါစေ''

"ကောင်းပါပြီ အရှင်"

"အခုပဲ ထွက်ပေတော့"

သတိထား မဟာသရေ့ ထောင်ချောက်လား . . . သဘော ရိုးနှင့် သမန္တ၏ ရှာပနကို လွှတ်တာလား၊ သမန္တမသေမီက တပည့်တွေကို တစ်စုံတစ်ရာ ပြောခဲ့သလား။

မဟာမတိမာက သဘောရိုးနှင့် လွှတ်သည်ထားဘိဦး . . ရှာပနအခမ်းအနား တက်ရောက်ရန် ပင့်လာသည့် 'သတ္တဂဏ' နှစ်ယောက်ကကော ရိုးပါ့မလား"

သူတို့တွေဟာ ဘာကို သံသယရှိပါလိမ့်။ ကျွန်ုပ်တစ်လမ်းလုံး အဖြေရှာ ကြည့်လာခဲ့၏။ သမထီးသို့ ရောက်ရန်လမ်းတွင် တစ်ည အိပ်ရသည်။

နောက်တစ်နေ့ စောစောထွက်၏။ ညနေစောင်းတော့မှ သမထီးသို့ ရောက်လေသည်။ ပင်မကျောင်းတိုက်ကြီးတွင် ဂိုဏ်းထောက်ချုပ်ရှိမနေပါ။ ပြိုင်ပွဲလေးရပ်ကျင်းမရာသို့ ရောက်နေကြောင်း သိရသဖြင့် ကျွန်ုပ်တို့ဆက်၍ လိုက်ခဲ့ကြ၏။

ဆူညံသော အသံများက ဆီးကြိုနေသည်။

"ဟေး . . . ဟေး"

"ခုန်ပေးဟေ့ . . . ခုန်ပေး"

"ဒသဘက . . . ဒသဘက"

ရေငုပ် . . . မီးလျှံ တုံးခုန်၊ ဖယ်ခတ် . . . ထိုအတတ်များကို ပြိုင်ပွဲလုပ်၍ ဂိုဏ်းထောက်ချုပ်ကိုယ်တိုင် ဆုပေးနေသည်။ ပြိုင်ပွဲဝင်လိုစိတ် ကျွန်ုပ်တွင် ပေါ်လာ၏။

သို့နှင့် ကွင်းလယ်ကို မြင်းစီး ဝင်လာခဲ့သည်။ ဂိုဏ်းထောက်ချုပ်အား အရိုအသေပေးပြီး ပြိုင်ပွဲဝင်လိုကြောင်း ခွင့်တောင်းကြည့်၏။

ဆူညံသံများ ခေတ္တတိတ်ဆိတ်သွားသည်။ ဂိုဏ်းထောက်ချုပ်

စိတ်ကူးသစ်စာပေ

၏ အကြည့်က ကျွန်ုပ်နှင့် သူရဇ္ဇအပေါ်သို့ စူးရှစွာ ကျရောက်နေ၏။

"အင်း . . . မဟာသရေကိုး၊ ကောင်းပြီလေ၊ သင်ခေတ္တနားလိုက်ပါဦး၊ ဒဿဘာကပြီးရင် ဒီဗ္ဗပိတ္တိအလှည့်ထင်ပါရဲ့၊ အဲဒီနောက်တော့ သင့်အလှည့်ဖြစ်စေမယ်"

ပွဲပြန်စ၏။ ဒဿဘာက အခုန်မဆိုးပါ။ လက်ခုပ်နှစ်ဖောင်ကျော်အမြင့်ကို ကောင်းစွာလွတ်၏။ လူချည်း ခုန်ပြီးလျှင် မြင်းနှင့်တတစ်ခါထပ်ပြီး ပို၍မြင့်သော အမြင့်ကို ခုန်ရပြန်သည်။ မြင်းခွာတစ်ဘက်နှင့် သစ်လုံး ထိပ်ဖျားအနည်းငယ်ခတ်မိသွား၍ တစ်ဘက်သို့မြင်းရောလူပါ လုပစွာမကျတော့။ ကယိမ်းကယိုင် ဖရိုဖရဲကျသွား၏။

"ဟေး . . . ဟေး . . . ဟား"

လှောင်ပြောင်သံနှင့် အားပေးသံများ ရောထွေးနေသည်။ "ဒဿဘာက" ရှက်ကိုးရှက်ကန်းထပြီး မြင်းဇက်ကြိုးကို စိတ်ဆိုးမာန်ဆိုးဆောင့်ဆွဲလိုက်သည်။

ယခု အလှည့်သည် ဇယ်ပစ်ရမည့် အလှည့်၊ ပစ်မှတ်က လှုပ်ရှားနေသော သံလူရုပ်၊ သံလူရုပ်တွင် ပစ်မှတ်လေးခုသာ ပေးထား၏။

နှာယောင်နှစ်ခုကြား . . .

လည်မျိုနှင့် မျက်စိများ . . .

ထိုနေရာများတွင် 'ဇယ်'ဖောက်ထွင်းဝင်သာအောင် အပေါက်လေးခုဖောက်ပေးထားသည်။ ပစ်ရမည့်ဇယ်က လေးခုတည်းသာ။ နှစ်သက်ရာ ပစ်မှတ်ထဲ ဇယ်အားလုံးဝင်ရမည်။ ပစ်ရမည့် အကွာအဝေးမှာ ဝါးဆယ်မြန်ဖြစ်၏။ မြင်းနှင့် ဒုန်းစိုင်းနှင်လာပြီး ပစ်မှတ်ထဲသို့သတ်မှတ်ထားသည့် အချိန်အတွင်းဇယ်များကို ပစ်သွင်းရမည်။

ပစ်လိုကပစ်၊ တောက်လိုကတောက်၊ ကြိုက်သည့်ပုံစံအနေအထား အသုံးပြုနိုင်ခွင့်ပေး၏။ ဇယ်ကိုင် အရည်းတစ်ယောက်က ဒဿ

ဘကအား ဇယ်လေးလုံး လာပေးပြီး မေးသည်။

"ဘယ်ပစ်မှတ်လဲ"

"လည်မျို"

အော်ပြောပြီး 'ဒဿဘက' မြင်းပေါ်ခုန်တက် စိုင်းနှင်သွားသည်။ ဇယ်ပစ်လွှတ်ပုံ သပ်ရပ်လျင်မြန်၏။ သူ သတ်မှတ်သည့် လည်မျိုပစ်မှတ်ထဲ အားလုံးဝင်မဝင် ကျွန်ုပ်နေရာမှ မမြင်ရပါ။ ပစ်ပြီး၍ 'ဒဿဘက' မူလနေရာ ပြန်ရောက်မှ ဂိုဏ်းထောက်ချုပ်ကိုယ်တိုင် အရည်းလေးယောက်နှင့်အတူ သံလူရုပ်အား သွားရောက်စစ်ဆေး၏။

"လည်မျိုတစ်ခုနှင့် ညာမျက်လုံး နှစ်ခုဝင်၊ တစ်ခု လုံးဝလွဲ"

ကြေညာသံ ထွက်လာသည်။ ဒဿဘက ခေါင်းငုံ့လျက် မြင်းကို ဆွဲပြီးနောက် လူအုပ်ထဲသို့ ဝင်သွား၏။

အရည်း ဒိဋ္ဌပိဏ္ဍိ . . . သင့်ကို ဂိုဏ်းထောက်ချုပ်အမိန့်နဲ့ ပြိုင်ပွဲက ထုတ်ပယ်လိုက်တယ်"

စင်မြင့်ပေါ်သို့ ဒိဋ္ဌပိဏ္ဍိ နားမလည်ဟန်ဖြင့် မော့ကြည့်၏။

"သေရည် ဒီလောက်မူးနေတဲ့ သင်ဟာ ဝါးသုံးပြန်နက်တဲ့ ကန်ရေထဲငုပ်ပြီး ဘယ်လောက်ကြာအောင် နေနိုင်မှာလဲ၊ သင့်အတွက် အန္တရာယ်ဆိုတာ နားလည်ပါ ဒိဋ္ဌပိဏ္ဍိ၊ ဒါကြောင့် ဂိုဏ်းထောက်ချုပ်ဟာ သင့်ကို ပြိုင်ပွဲဝင်ခွင့်မပေးဘဲ ထုတ်ပယ်လိုက်ခြင်း ဖြစ်တယ်"

"ကောင်းပါပြီ အရှင်"

သေရည်မူးနေသော်လည်း ဒိဋ္ဌပိဏ္ဍိသည် နာခံရိုကျိုးစွာပြော၍ သူ၏မြင်းကို ဆွဲပြီး ကွင်းထဲမှ ထွက်ခွာသွားတော့၏။

"မဟာသရေ"

ကျွန်ုပ်၏ အမည်ကို ခေါ်လေပြီ။ သူရဇ္ဇကိုဆွဲပြီး ကွင်းလယ်သို့ ကျွန်ုပ်ထွက်ခဲ့သည်။

"နားထောင်ပါ . . . မဟာသရေ၊ သင်က ညှော်သည်မို့

ယှဉ်ပြိုင်ရမယ့် အနေအထားကို ထပ်ရှင်းပြမယ်၊ ရေငုပ်ဖို့အတွက် ဝါးသုံးပြန်နက်တဲ့ကန်၊ မီးလျှံဖို့အတွက် ဟောဟိုက မီးပုံကြီး၊ တုံးခုန်ဖို့အတွက် ပထမလူချည်းသက်သက် ခုန်ရမယ့် လက်ခုပ်နှစ်ဖောင်အမြင့် ဒုတိယမြင်းနဲ့ ခုန်ရမယ့် သစ်လုံးပုံအမြင့် . . .''

''အဲဒါတွေပြီးတော့ ဖယ်ပစ်ခြင်းမှာ ပြိုင်ကွက်အဆုံးသတ်တယ်၊ အဲဒါတွေအားလုံးကို နား၍သော်လည်းကောင်း၊ ဆက်၍သော်လည်း လုပ်ဆောင်နိုင်တယ်''

''တစ်ခု မေးပါရစေ အရှင်''

''ကောင်းပြီ မဟာသရေ မရှင်းတာ မေးနိုင်ပါတယ်''

''မီးလျှံတယ်ဆိုတာ. . .''

''မီးပုံကို ဖြတ်ရမှာ ဖြစ်တယ်၊ သို့သော် ခန္ဓာကိုယ်ဘယ်အစိတ်အပိုင်းကိုမှ မီးမလောင်စေရဘူး''

''ရှင်းပါပြီ အရှင်''

''ရေငုပ်စံချိန်က အကြာဆုံးကို ယူရမှာ ဖြစ်တယ်''

''ရှင်းပါပြီ အရှင်''

''ဖယ်ပစ်မှတ်ကို တစ်ခါတည်း ရွေးချယ်ထားပါ''

''နှာဃောင်ကြား''

ထို့နောက် ရေငုပ်ရမည့်ကန်ကို သူရဇ္ဇနှင့် လာခဲ့၏။ ကန်မှာ ပြိုင်ပွဲအတွက် သက်သက်တူးထားခြင်း ဖြစ်ပုံရသည်။ ကန်နှင့် ဝါးနှစ်ပြန်တွင် အရှိန်ငြီးငြီးတောက်လောင်နေသော မီးပုံကြီး။ မီးလျှံများကောင်းကင်သို့ ထိုးတက်နေသည်။ ထိုမှ ဝါးတစ်ပြန်တွင်မူ လူချည်းသက်သက် ခုန်ရမည့် ကြိုးတန်း။

ကြိုးတန်းနှင့် ဝါးငါးပြန်ခန့်တွင် သစ်လုံးများ စုပုံထား၏။ မြင်းနှင့် ခုန်ရမည့်နေရာ။

အပေါ်ဝတ်ရုံကြီးကို ကျွန်ုပ်ချွတ်ခွာလိုက်၏။ သူရဇ္ဇဇက်ကြိုး

အား ပွဲကြည့်တစ်ယောက်ထဲပေးခဲ့ပြီး ကန်ထိပ်၌ ကျွန်ုပ်ရပ်လိုက်သည်။ ပရိသတ်ကို တစ်ချက်ဝေ့ကြည့်လိုက်ရာ စိတ်ဝင်တစားငေးနေကြသည့် မျက်လုံးတောက်တောက်ကလေးများက အနီးကပ်ဆုံးနေရာမှာ ဖြစ်၏။

သမထီးသူ အပျိုချောများ။

အသက်ကို ဝအောင်ရှူလိုက်ပြီးနောက် တစ်ရှိန်ထိုးကန်ထဲသို့ ထိုးငုပ်ဆင်းခဲ့လိုက်သည်။ ယောဂကျင့်စဉ်များကို ပြင်းပြင်းထန်ထန် ကျင့်ထားသော ကျွန်ုပ်အတွက် လိုအပ်သည့်အချိန်ကာလအထိ အသက်ကို အောင့်ထားနိုင်စွမ်းက ရှိနေခဲ့ပြီဖြစ်ပါ၏။ သို့သော် ကျွန်ုပ် သိပ်ကြာကြာကြီးငုပ်၍ မနေပါ။ သမထီးအရည်းများကို မကျောလိုပါ။

ထို့ကြောင့် ရေပြင်ထက်သို့ ထိုးထွက် ခုန်တက်လိုက်သည်။ တစ်ရှိန်တည်း မီးပုံကြီးထဲ ခုန်ဝင်ဖြတ်သန်းလိုက်၏။ ပြီးလျှင် ဆက်၍ ကြိုးတန်းကို ခုန်ကျော်ရင်း လက်ခေါက်မှုတ်လိုက်သည်။ ပြေးလာသော သူရဇ္ဇကျောပေါ်သို့ လှပစွာ ကျွန်ုပ်ကျသွား၏။

"ဟေး. . . ဟေး. . . မဟာသရေဟော့"

အားပေးသံများ ကြားမှ သစ်လုံးပုံကြီးကို သူရဇ္ဇနှင့်အတူ ခုန်လွှားလိုက်ပါသည်။

ခွာလေးဘက်စလုံး သစ်လုံးပုံ၏ အပေါ်တစ်တောင်ခန့်အကွာမှ လွတ်လွတ်ကျွတ်ကျွတ် စနစ်တကျ ဖြတ်ကျော်ပြီး တစ်ဘက်ကို သူရဇ္ဇနှင့် ကျွန်ုပ်သပ်ရပ်စွာ ကျ၏။

"မဟာသရေဟော့. . . ဟေး. . . ဟေး. . . ဟေး၊ သမထီးအလှကို အရယူမယ့် ကိုယ်တော်ဟော့"

လူအုပ်ကြီး ဝေါခနဲဖြစ်ပြီး ဆူညံစွာ အော်ဟစ်ဩဘာပေး၏။ ပရိသတ်ကို လက်တစ်ချက်ဝှေ့ယမ်းပြခဲ့ပြီးနောက် ဖယ်ကိုင် အရည်းပစ်ပေးသော ဖယ်လေးလုံးကို လက်ဝါးဖြင့် ဆုပ်ဖမ်းလိုက်ကာ သူရဇ္ဇကို ဒုန်းစိုင်း၍ ရပ်ရမည့် စည်းတည့်တည့်တွင် တုံ့ခနဲရပ်တန့်လိုက်ပြီး

နောက် ဖယ်လေးလုံးကို တစ်ပြိုင်တည်း တောက်လွှတ်လိုက်၏။

စောင့်ကြည့်နေစရာ မလိုပါ။ ကျွန်ုပ်လက်ကို ကျွန်ုပ်ယုံကြည်၏။

"သမထီး အလှရဲ့ မဟာသရေ"

"သမထီး အလှရဲ့ မဟာသရေ"

လက်ခုပ်သံများ အဝဝဲညံနေလေသည်။

ဂိုဏ်းထောက်ချုပ်နှင့် အရည်းလေးယောက် ပစ်မှတ်စစ်ဆေးရန် သံလူရုပ်ထံသို့ ထသွားခိုက် မူလနေရာသို့ ကျွန်ုပ်ပြန်ရောက်လာသည်။

"ဖယ်အားလုံး နှာယောင်ကြား ပစ်မှတ်ထဲ ဝင်တယ်"

ကြေညာသံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

"ဟေး. . . ဟေး. . . ဟေး"

"မတစ်ထောင် တစ်ကောင်ဘွားဟေ့. . ."

"မဟာသရေ့ယောက်ျား အာဇာနည်ဟေ့"

"ဒူ. . ဟူ. . ဟူ. . ဟူ၊ ဒူ. . ဟူ. . ဟူ. . ဟူ"

လူအုပ်ကြီး ကျွန်ုပ်ရှိရာသို့ပြုဆင်းလာစဉ် စင်မြင့်ပေါ်မှ မောင်းထုသံကြောင့် ပြန်၍ရှဲသွားသည်။

"ပြိုင်ပွဲဆုရသူများ ကြေငြာပါတော့မယ်"

"ပြိုင်ပွဲလေး ပထမ မဟာသရေ"

"ဒုတိယ. . . ကုဝေရ"

"တတိယ မဟာဒိဋ္ဌိ"

"မဟာသရေ ဆုလက်ခံရန် ဂိုဏ်းထောက်ချုပ်ရှေ့သို့ လာပါ"

သူရဖွကို စီးလျက် ဂိုဏ်းထောက်ချုပ် ရှေ့စင်မြင့်အောက် ကွင်းထဲ၌ ကျွန်ုပ်ရပ်နေလိုက်ရ၏။

အလှအပလေးငါးယောက်နှင့် မြင်းဖြူခြောက်ကောင်ကရထား

တစ်စီး ကျွန်ုပ်ရှိရာ လာရောက်ရပ်တန့်၏။

"တော်ပါပေတယ်၊ မဟာသရေ သင့်ရဲ့ စွမ်းရည်အတွက် ထိုက်တန်တဲ့ ဆုတွေ ချီးမြှင့်လိုက်တယ်"

ဂိုဏ်းထောက်ချုပ်အား အရိုအသေပေးပြီး ပရိသတ်ကို လက်ဖေ့ရမ်း နှုတ်ဆက်ကာ ကွင်းထဲမှ ကျွန်ုပ် ထွက်ခွာခဲ့၏။ ရှေ့တွင်တော့ ကျွန်ုပ်အား လာရောက်ခေါ်သော သတ္တဂဏန်းစ်ယောက်။

လမ်းတစ်နေရာတွင် ရထားရှေ့မှ ကျွန်ုပ်ပိတ်၍ ရပ်လိုက်၏။

"ရထားထိန်းတစ်ယောက် ဆင်းစမ်း"

စောဒက မတက်ပါ။ အမိန့်ကို နာခံ၏။

"သူရဲ့ကို ဆွဲပြီးနောက်က လိုက်ခဲ့၊ တက်မစီးနဲ့ ကြားလား၊ ခါချလိမ့်မယ်"

ရထားပေါ်သို့ ကျွန်ုပ်ခုန်ကူးလိုက်၏။

"ကဲ . . . ဟောဟိုက အမိငယ် ဘာဖြစ်နေတာလဲ၊ ပြောဘိ"

မျက်ရည်လည်နေသော မိန်းမငယ်က ကြောက်ရွံ့စွာ မော့ကြည့်၏။

"အို . . . စပယ်ဆိုတာ မင်းထင်ပါရဲ့၊ ပွင့်ပွင့်လင်းလင်း ပြောဘိ၊ အရည်းကိုယ်တော်တွေထံကို မင်းတို့ဟာ စိတ်တူသဘောတူ လာကြတာ မဟုတ်လား"

"စိတ်မတူပါ အရှင်"

မိန်းမချော ရှက်စနိုး ခေါင်းငုံ့သွား၏။

"ဟား . . . ဟား"

သဘောကျစွာ ရယ်မောလိုက်ဖိသည်။

"ဒီမှာ သေသေချာချာနားထောင်၊ ပေါက္ကံရာမကို ခွဲတဲ့လမ်းကျရင် မင်းတို့ အဲဒီဘက်မောင်းပြေးကြ၊ ကြားလား ရထားထိန်းက စိတ်ချရရဲ့လား"

"လူရင်းပါ အရှင်"

ခေတ္တစဉ်းစားပြီး လူတစ်ယောက်၏ အမည်ကို ကျွန်ုပ်ပြော လိုက်၏။

"ပေါက္ကံရာမရောက်ရင် ငါခုနက ပြောလိုက်တဲ့ အမည်နဲ့ လူ ကိုရှာပါ၊ မခဲယဉ်းဘူး၊ တွေ့လိမ့်မယ်၊ မဟာသရေကိုယ်တော် လွှတ်လိုက် တယ်လို့ပြောရင် အားလုံး ငြိမ်းချမ်းသွားလိမ့်မယ် ကြားလား"

"ကောင်း. . . ကောင်းပါပြီ အရှင်"

"မင်းတို့ရဲ့ သတို့သားကိုလဲ အဲဒီခေါ် လိုက်ကြပေါ့ ဟုတ်လား၊ ကဲ. . . ငါရှေ့က သွားနှင့်မယ်၊ မမှားစေနဲ့ ပြောသလိုလုပ်"

ရထားကို ရပ်လိုက်၏။ သူရဲဖွနှင့် ရထားထိန်းရောက်လာသော အခါ သူရဲဖွပေါ် ခုန်ကူးပြီး ရှေ့မှ ဒုန်းစိုင်းခဲ့၏။ ဝေခွဲမရသော မျက် နှာဖြင့် သတ္တဂဏနှစ်ဦးက ရှေ့တွင် စောင့်နေသည်။

"ငါ အနားယူလိုတယ်၊ နောက်မြင်းရထား ဖြည်းဖြည်းလိုက် လာလိမ့်မယ်၊ သင်တို့ ကျောင်းတော်ကို သူတို့ကောင်းကောင်းသိတယ်၊ ဟုတ်လား"

"သိကြပါတယ် အရှင်"

"ဒါဆိုပြီးတာပဲ လိုက်လာကြလိမ့်မပေါ့၊ ကဲ. . . သွားကြ စို့"

မြင်းများကို စိုင်းနှင်လာစဉ် ပေါက္ကံရွှေပြည်သွားလမ်းကို ဘွား နဲ့ တွေ့လိုက်ရသည်။ ထိုလမ်းမှ အိုစပယ်တို့အား ပြေးခိုင်းထား၏။

ချောမောကြပါစေလေ. . .

♛ ♛ ♛

ကျယ်ဝန်းသားနားသော ကျောင်းဆောင်ကြီးတစ်ခုတွင် ကျွန်ုပ်အား နေရာချထားပေးကြသည်။

"ဒါဟာ အရှင့်သမန္တရဲ့ ကျောင်းဆောင်ဖြစ်ပါတယ်၊ စိတ်ကြိုက်နားနေတော်မူပါ အရှင်"

"သမန္တသေဆုံးပုံကို ငါ သိလိုတယ်"

"ခေတ္တ ဆိုင်းငံ့ပါဦး အရှင်၊ အရှင်စားသောက်ရန် သွားရောက်စီမံပြီးမှ ပြောပါရစေ. . ."

နောက်ထပ် ကျွန်ုပ် တစ်စုံတစ်ရာ မပြောမီ အနီးမှ လျင်မြန်စွာ ထွက်သွားကြ၏။

ဥယျာဉ်ထဲသို့ ကျွန်ုပ်ဆင်းခဲ့သည်။ သမန္တအား ဥယျာဉ်ထဲတွင် မြှုပ်ထား၏။ အသုဘသို့ ရောက်လာကြသော အရည်းကိုယ်တော်များနှင့် လူများကြောင့် ဥယျာဉ်၏ အလှအပပျောက်ဆုံးနေသည်။ ဥယျာဉ်အလယ်၌ နဂါးရုပ်ကြီး ပါးပျဉ်းအောက်တွင် သမန္တသည် မလှုပ်

မယှက်လဲလျှောင်းလျက် ရှိသည်။

သစ္စာဖောက်တို့ရဲ့ သွားရာလမ်းဟာ ငရဲပဲ သမန္တ၊ အင်း သတ္တဂဏရဲ့ အမည်တွေ ရေးထားတဲ့ ပေရွက်ကို ရှာရဦးမှာပါလား။

ယခုအချိန်သည် အချိန်ကောင်း။

"ဂိုဏ်းထောက်ချုပ်နဲ့အတူ လေထဲမှာ"

"လေထဲမှာ. . ."

သမန္တက ပြောသွား၏။

ဥယျာဉ်ထဲမှ ကျွန်ုပ်ထွက်လာ၏။ သမထီးကား ထူးခြားစွာ လှုပ်ရှားလျက်ရှိနေလေသည်။ ခံတပ်များ ဆောက်လုပ်နေ၏။ ကတုတ်ကျင်းများ တူးနေ၏။ စစ်ရောက်လာလျှင် ကြံ့ကြံ့ခံနိုင်ရန် အရံအတားများ စီရင်နေ၏။

ထိုနေရာတွင် ဂိုဏ်းထောက်ချုပ်ကိုယ်တိုင် ရှိနေသည်။

"ဘာကို စိုးရိမ်ပြီး အရံအတားတွေ စီမံနေတာပါလဲ အရှင်"

"အနုရုဒ္ဓါရဲ့ ရန်ဟာ နီးကပ်လာပြီ မဟာသရေ၊ သူဟာ ထေရဝါဒကို ထူထောင်လိုတဲ့ မင်းဖြစ်တယ်"

"ထေရဝါဒ"

"အင်း. . . ထေရဝါဒ. . . တဲ့"

အလွန်ကြာမြင့်အောင် တိတ်ဆိတ်သွား၏။ ကတုတ်ကျင်း တူးသံနှင့် ရွှေ့ပြောင်းသယ်ယူနေသံများမှ တစ်ပါး လူသံဆိတ်နေသည်။

"ငါတို့ တစ်မျိုးတစ်ဖုံ ကြံစည်ဦးမှ ဖြစ်မယ် မဟာသရေ၊ သင့်မှာ ဘာအကြံအစည်ရှိသလဲ ရှိရင် ပြောနိုင်တယ်"

"ပေါက္ကံကို အရင်သွားပြီး စနည်းနာရပါဦးမယ် အရှင်၊ မဟာ တိမာစေနိုင်းလိုက်တဲ့ ကိစ္စဖြစ်ပါတယ်၊ အခု အရှင်ထပ်မံအမိန့်ရှိတဲ့ ကားအရ သွားဆိုမြန်မြန်သွားမှပဲ ဖြစ်ပါလိမ့်မယ်"

"အင်း. . . မနက်ဖြန် သမန္တရှာပန ကိစ္စအပြီးမှာ သွား

တာပေါ့၊ ပေါက္ကံနဲ့ သမထီး အလွန်ဝေးတာမှ မဟုတ်ဘဲလေ''

''အရှင့်မှာ အကြံအစည်ရှိရင်လဲ ဖွင့်ဟမိန့်ကြားပါ အရှင် တစ်သဝေမတိမ်း ဆောင်ရွက်လိုက်နာဖို့ . . .''

ဂိုဏ်းထောက်ချုပ်က လက်ကို ယမ်းပြလိုက်သဖြင့် စကား အဆုံးမသတ်ဖြစ်တော့။

''ငါတို့ အဲယူဝါဒနဲ့ဆိုင်တဲ့ ကျမ်းကြီးတစ်ကျမ်းလောက် အနုရုဒ္ဓါတို့ တွေ့သွားရင် . . .''

စကားမဆက်ဘဲ နက်ရှိုင်းစွာ ပြုံးလိုက်သော ဂိုဏ်းချုပ်၏ မျက်နှာကို မှောင်တာရီတွင် ကျွန်ုပ်မြင်နေရ၏။

''အနုရုဒ္ဓါရဲ့ သူလျှိုတွေ ငါတို့ထဲကို စိမ့်ဝင်လာရင် အသက်နဲ့ ပြန်မလွတ်ရဘူး။ ကြားရဲ့လား မဟာသရေ၊ ဒါဟာ သမထီးဂိုဏ်းထောက် ချုပ်ရဲ့ အမိန့်ဖြစ်တယ်''

''ကောင်းပါပြီ အရှင်''

ကျွန်ုပ်အား စူးခနဲကြည့်ပြီး နောက်ဂိုဏ်းထောက်ချုပ်သည် ရုတ်တရက်မြင်းကို စိုင်းနှင်၍ ထွက်သွားတော့သည်။

''အဆိပ်ကို သတိထား''

နံဘေးမှ ဖြတ်လျှောက်သွားသော နက်ပြာရောင် ကိုယ်ရုံ အရည်းတစ်ယောက်။ ကတုတ်ကျင်းတူးရာမှ ထွက်လာသော မြေ များကို တောင်းဖြင့် ထမ်းပိုးသယ်ယူနေသူ။

တိုးသော်လည်း ပီပီသသပြောသွား၏။

''အဆိပ်ကို သတိထား . . . တဲ့''

ချာခနဲ ကျွန်ုပ်လှည့်ထွက်ခဲ့၏။ သမန္တ၏ ကျောင်းဆောင် ကျွန်ုပ်အား ရွေးချယ်နေရာချထားပေးခြင်းလော၊ ဥယျာဉ်အလယ် သမန္တ၏ ရုပ်ကလာပ်ရှေ့သို့ ပြန်ရောက်လာ၏။

ဂိုဏ်းထောက်ချုပ်နဲ့အတူ . . .

---

စိတ်ကူးသစ်စာပေ

လေထဲမှာ . . . လေထဲမှာ ထားသည်ဆိုသော ပေရွက်များကို ယနေ့ည အရှာနိုင်လျှင် . . .

သတ္တဂဏာများ၏ အနာဂတ်မှာ . . .

ပင်မကျောင်းဆောင်ကြီးသို့ လည်ပြန်လှမ်းမျှော်ကြည့်လိုက်မိသည်။ အဝင်ဝအထက် လေထဲ၌ ဂိုဏ်းထောက်ချုပ်၏ ဘွဲ့အမည်နာမ ထိုးထားသော တံခွန်သည် လွင့်ပျံ့လှုပ်ရှားလျက်ရှိ၏။

အနီစာလုံးဖောက်ထားသော အဝါခံ တံခွန်။

ကျောင်းဆောင်ဦးပိုင်းတွင် ဆင့်ထားသည့် အမြင့်မားဆုံး ပြဿဒ်အထက်၌ ကြေးတိုင်ကြီး နှစ်တိုင် စိုက်ထူကာ၊ ထိုကြေးတိုင်ကြီး နှစ်တိုင်၏ အလယ်မှ ခိုင်ခံသည့် ကြိုးဖြင့် သွယ်တန်းပြီးအပေါ်ဘက်တွင် ထောင့်စွန်းနှစ်ခု၊ အောက်ဘက်၌ ထောင့်စွန်းတစ်ခု အံနေအထားဖြင့် စိုက်ထူထားသော ဂိုဏ်းထောက်ချုပ်၏ ဘွဲ့အမည်စာတမ်းပါ တံခွန်။

"စားသောက်ဖွယ်ရာများ အသင့်ဖြစ်ပါပြီ အရှင်"

စားသောက်စရာများဖြင့် ကျွန်ုပ်အား စောင့်လျက်ရှိနေသူကား သတ္တဂဏာနှစ်ဦးပင် ဖြစ်၏။

အဆိပ်ကို သတိထားတဲ့ သတိပေးသူက ပေးသွားပြီ၊ သို့သော် သေရည်တကောင်းကိုယူ၍ ကျွန်ုပ်ကိုယ်တိုင် တစ်ခွက်ငှဲ့လိုက်၏။

"ရော့ . . . သောက်စမ်း"

နှစ်ဦးစလုံး မလှုပ်ကြ၊ သေရည်ခွက်ကိုသာ စိုက်ကြည့်နေကြ၏။

"ယူလေ . . ."

"သည်းခံပါ အရှင်၊ သမထီးမှာ ညွှန်သည်အရင်၊ ပြီးတော့ အရှင်တို့လို ထင်ရှားကြီးမြင့်တဲ့ ပုဂ္ဂိုလ်မျိုးအရင် သေရည်သော်လည်းကောင်း၊ အစားအသောက်သော်လည်းကောင်း မသောက်စားရဆိုတဲ့ ပညတ်ချက်ရှိပါတယ် . . . ညွှန်သည် သို့မဟုတ် ကြီးမြင့်တဲ့ ပုဂ္ဂိုလ်

ရဲ့ စားသုံးပြီး အကြွင်းအကျန်မှသာ သုံးဆောင်ခွင့်ရှိပါတယ် အရှင်"

"ဪ. . . ဒီလိုလား"

သေရည်ကို မရပ်မနား သောက်ချလိုက်၏။ တည်ခင်းထား သော စားစရာများကို စားပြလိုက်၏။

"တွေ့လား. . . ဟား. . . ဟား"

သူတို့ ကြည့်နေ၏။ မယုံကြည်နိုင်သည့် အကြည့်။ ဖေဝေဝါ အကြည့်များ။

"ကဲ. . . သောက်ကြလေ၊ စားကြလေ"

ဝတ်ရုံကို နောက်သို့ သိမ်းဖယ်၍ ခါးစည်းတွင် ချိတ်ထား သော ဓားပေါ်တွင် လက်ထောက်လျက် ထိုင်ရာမှ ထလိုက်၏။

မြှုန်ခေနဲအဝင်မှ လိုက်ကာပွင့်ဟသွားပြီး မမျှော်လင့်သူ တစ် ဦး ဝင်လာသည်။

သာမဏေ ဂိုဏ်းထောက်ချုပ်။

"မဟာသရေ. . . ငါ အကုန်ကြားပါတယ်၊ သင်. . . ဘာကို သံသယဖြစ်နေတာလဲ"

"သံသယ. . . "

"သင် ဘာမှ မဖြစ်ဘူး မဟုတ်လား"

ဂိုဏ်းထောက်ချုပ်လက်က ကျွန်ုပ် ငှဲသောက်ခဲ့သော သေရည် တကောင်းကို ဆွဲယူနေ၏။

"အ. . . အရှင်"

သတ္တဂဏနှစ်ဦး လှုပ်ရှား၍လာကာ တစ်ယောက်က သေရည် တကောင်းကို ဆွဲယူမည့်ဟန်ပြင်၏။

"ပေးစမ်း. . . "

ဂိုဏ်းထောက်ချုပ်က မျက်မှောင်ကုတ်၍ကြည့်ပြီး သေရည် တကောင်းကို ပါးစပ်တွင် တေ့လိုက်သည်။

"မဟာသရေ သောက်လို့ ဘာမှ မဖြစ်တဲ့ သေရည်ဟာ ငါ့ကျတော့ ဘာဖြစ်နိုင်မှာမို့လဲ၊ ဒီမှာ ကြည့်စမ်း မဟာသရေ"

သောက်ချလိုက်၏။ အကုန်အစင် နီးပါးပင်။

"အ . . . အရှင် ဒါတွေဟာ မဟာသရေ ကိုယ်တော်ရဲ့ စားကျန်များ ဖြစ်ပါတယ်၊ အရှင့်အတွက် ထပ်မံပြင်ဆင်ပေးပါ့မယ်၊ ခေတ္တ သည်းခံတော်မူပါ"

သတ္တဂဏထဲမှ တစ်ယောက်က ဂိုဏ်းထောက်ချုပ်အား ရိုသေစွာ ပြော၏။

"မလိုဘူး",

ထို့နောက် ကျွန်ုပ်အား စူးစိုက်ကြည့်လိုက်ပြီးနောက် . . .

"တွေ့ရဲ့လား . . . မဟာသရေ့ သင်ရော ငါရော ဘာမှ မဖြစ်ဘူး မဟုတ်လား"

ကျွန်ုပ် ဘာမှ မပြောပါ၊ ရှေ့မှ ဖြတ်ပြေးသောကြောင်တစ်ကောင်ကိုသာ ဆွဲကိုင် ဖမ်းချုပ်လိုက်၏။ ယုန်ပေါင်ကြော်တစ်ခုကိုယူ၍ ကျွန်ုပ်သောက်ခဲ့သော သေရည်ခွက်ထဲမှ အကြွင်းအကျန်များတွင် နှစ်လူးလိုက်သည်။

"ရော့ . . . စားစမ်း"

ကြောင်ကို ချကျွေးလိုက်သောအခါ စိတ်မသက်မသာဖြစ်သွားသော ဂိုဏ်းထောက်ချုပ် မျက်နှာကို မြင်ရ၏။ ကျွန်ုပ်ထင်သည့် အတိုင်းပင် ကွက်တိဖြစ်လာသည်။ ကြောင် လဲကျသေဆုံးသွား၏။

"အဆိပ်ကြောင့်ဆိုတာ ယုံမှားစရာမရှိပါဘူး၊ ဂိုဏ်းထောက်ချုပ်"

လေသံကို တမင်အေးစေလျက် ကျွန်ုပ်က ပြောလိုက်သည်။

"ဂိုဏ်းထောက်ချုပ်ရဲ့ အစီအမံလား၊ ဒါမှမဟုတ် ဟောဟိုနှစ်ယောက်ရဲ့ . . . "

"နေစမ်းပါဦးလေ၊ ငါပြောပါရစေဦး"

စိတ်လှုပ်ရှားမှုကို မဖုံးကွယ်ပဲ ဂိုဏ်းထောက်ချုပ် လမ်းထလျှောက်နေ၏။

"ငါ့ အစီအမံက သင်ကို ထိန်းသိမ်းထားရုံပဲ မဟာသရေ သေစေလိုတဲ့ အဆင့်အထိ မရည်ရွယ်ဘူး"

"ဘာကြောင့် အဆိပ်ပါတဲ့ သေရည်ကို ဝင်ရောက်သောက်သုံးပြရတာလဲ အရှင်၊ ဒါဟာ သမန္တရဲ့ တပည့်နှစ်ယောက်လုပ်ရပ်ကို တမင်ဖုံးကွယ်ပေးခြင်း မဟုတ်လား"

"မဟုတ်ဘူး ငါ့ရဲ့ စွမ်းရည်တစ်ရပ်ကို ပြသလိုတဲ့ အတွက်ဖြစ်တယ်၊ အင်း . . . အဆိပ်ပြီးတဲ့ စွမ်းရည်ဟာ သင့်မှာလဲ ရှိနေတာပဲလေ၊ အင်း . . ."

"သေရည်နဲ့ အစားအစာတွေထဲမှာ မုချအဆိပ်ပါကြောင်း အရှင် သိပြီးပြီဆိုတာ အရှင့်စကားက သက်သေပြနေပါပြီ အရှင်"

"ဟုတ်ပေတယ်၊ ပောဟိုနှစ်ယောက်ကို သင်သေရည်သောက်နိုင်းနေကတည်းက ငါ ရိပ်မိလိုက်တယ်"

ဂိုဏ်းထောက်ချုပ်နေရာတွင် ပြန်ထိုင်၏။

"အနုရုဒ္ဓါရန်နီးကပ်နေတဲ့ အခိုက်မှာ ငါတို့ စည်းလုံးရမယ် မဟာသရေ၊ ငါသိလိုတဲ့ အချက်သုံးခုကို သင်ဖြေရှင်းနိုင်လိမ့်မယ်လို့ ထင်တယ်"

"အမိန့်ရှိပါ အရှင်"

"သမန္တ အကြောင်းကစပြီး ငါပြောချင်တယ် မဟာသရေ လွန်ခဲ့တဲ့ ငါးရက်လောက်က တစ်ညမှာ ပောဟိုက သမန္တရဲ့ တပည့် တစ်ယောက် လာခေါ်လို့ သန်းခေါင်ယံအချိန်ကြီး ငါထလိုက်လာတော့"

ဂိုဏ်းထောက်ချုပ် စကားဖြတ်ထားခိုက်၊ ကျွန်ုပ် တွေးကြည့်နေ၏။

လွန်ခဲ့သော ငါးရက်ကည။ သမန္တနှင့်ကျွန်ုပ်တိုက်ခိုက်ခဲ့ရသော ည။

"သမန္တဟာ အိပ်ရာထဲမှာ အိပ်နေရင်းက ဒဏ်ရာပရပွန်နဲ့ သေဆုံးအုံမှုးမှုးဖြစ်နေတာ တွေ့ရတယ်။"

အကဲခတ်သည့် ဂိုဏ်းထောက်ချုပ်၏ အကြည့်အောက်တွင် ကျွန်ုပ် ကုန္ဒြေမပျက်ရပ်နေ၏။

"ဖြစ်ပျက်ပုံကတော့ သမန္တဟာ ညစဉ်ညတိုင်း နာမ်ခွာအတတ်နဲ့ သူ့ရဲ့ရန်သူ စည်သာမြို့စားရဲ့သားထံ/ သွားတာတ်တယ်လို့ ဆိုတယ်"

တစ်ကိုယ်လုံး တောင့်တင်းသွားသည့်အဖြစ်ကို အချိန်မီ ကျွန်ုပ် ဖုံးကွယ်လိုက်နိုင်သည်။

"အဲဒီညမှာ သမန္တဟာ ရှုံးနိမ့်လာပုံရတယ်၊ ဒါပေမယ့် သမန္တကို နိုင်အောင်တိုက်နိုင်တဲ့လူဟာ စည်သာမြို့စားရဲ့ သားဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ ငါသုံးသပ်တယ်"

ရေ့စအည့်တည့်၌ လာရပ်သော ဂိုဏ်းထောက်ချုပ်၏ မျက်လုံးဒဏ်ကို ကျွန်ုပ်ကြံ့ကြံ့ခံနေသည်။

"သမန္တမသေမီ စကားသုံးခွန်း ပြောသွားတယ်၊ သတ္တဂဏ၊ မဟာသရေ၊ တံခွန်တဲ့ အဲဒီ စကားသုံးခွန်း"

လမ်းလျှောက်နေရာမှ ဖြုန်းခနဲရပ်၍ ကျွန်ုပ်အား လက်ညှိုးကြီးဖြင့် ဆတ်ခနဲထိုးကာ . . .

"မဟာသရေကတော့ သင်ပဲ၊ သတ္တဂဏဆိုတာ ဘာလဲ၊ တံခွန်ဆိုတာ ဘာလဲ"

အပြစ်ကင်းသော အဖြေကို ပေးရန် ရွေးချယ်နေမိ၏။ ဂိုဏ်းထောက်ချုပ် မည်ရွေ့မည်မျှ သိနေပြီနည်း။ ဒါကိုလည်း ထည့်သွင်းတွက်ချက်ရမည်။ မှသားအဖြေနှင့် ဂိုဏ်းထောက်ချုပ်၏ လက်တံအား လှည့်ပတ်ရန် မဖြစ်နိုင်။ ဂိုဏ်းထောက်ချုပ်၏ လက်တံဘယ်လောက်ရှည်သည်ကိုလည်း ခန့်မှန်းနိုင်ပါအံ့နည်း။

"သတ္တဂဏာဆိုတာ လူခုနစ်ဦးနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်း တစ်ခု ဖြစ်ပါတယ်အရှင်"

"မှန်ပေတယ် မဟာသရေ၊ သင် မလိမ်ပါလား"

ကျွန်ုပ်၏ ဝတ်ရုံစကို ဂိုဏ်းထောက်ချုပ်က ရုတ်တရက်ဆွဲဆောင့် လိုက်၏။

"ပြောစမ်းပါ မဟာသရေ၊ အဲဒီညက သမန္တအရှုံးပေးခဲ့ရတဲ့ လူဟာ သင်ပဲ မဟုတ်လား"

"မှန်ပါတယ် အရှင်"

"သင်တို့ သတ္တဂဏာချင်းပဲ မဟုတ်လား"

ကျွန်ုပ် မဖြေပါ။

"သင်တို့ဟာ ဘာလဲ၊ သတ္တဂဏာဟာဘာလဲ၊ ဘယ်သူ့ကို ကိုယ်စားပြုသလဲ၊ ဘာတာဝန်တွေ ထမ်းဆောင်ရသလဲ"

"သမန္တပြောသွားပြီးပြီလို့ ထင်ပါတယ် အရှင်"

ကျွန်ုပ် ဝတ်ရုံစကို လွှတ်ပေးလိုက်ပြီး ဂိုဏ်းထောက်ချုပ် ခေါင်းယမ်း၏။

"သမန္တဟာ သတ္တဂဏာတစ်ယောက်ဖြစ်တယ်၊ သင်လဲ အပါ အဝင်ဖြစ်တယ်၊ အခြားငါးဦးလဲ ရှိသေးတယ်၊ ဒါ ဘာပြည့်စုံသလဲ၊ ထို့"

ဂိုဏ်းထောက်ချုပ် ဒေါသထွက်စ ပြုလာလေသည်။

"သတ္တဂဏာ ခုနစ်ဦးစလုံးရဲ့နောက်ကြောင်း၊ ရာဇဝင်ထမ်း ဆောင်ရွက်လုပ်ရှားမှု၊ သင့်တို့ရဲ့ ပစ်မှတ်၊ အဲဒါတွေအားလုံး သမန္တ ဟာ နှုတ်က ပြောမသွားဘူး၊ ပေရွက်တွေမှာ ရေးပြီး ဝှက်ထားခဲ့သ တဲ့၊ အဲဒါကို ငါလိုချင်တယ်"

"ရှာကြည့်တာပေါ့ အရှင်"

"ရှာကြည့်ရမယ် ဟုတ်လား၊ မဟာသရေ၊ ဟား ဟား"

အူလှိုက်သည်းလှိုက် ရယ်မောနေသော ဂိုဏ်းထောက်ချုပ်အား အေးတိအေးစက်ပင် ကျွန်ုပ် ကြည့်နေလိုက်သည်။

"သင်တစ်ယောက်လုံး ငါ့လက်ထဲမှာ ရှိနေမှတော့ သမန္တရဲ့ ပေရွက်တွေကို လိုပါတော့မလား၊ မဟာသရေရဲ့ ဟား ဟား"

"မဟာသရေရဲ့ နှုတ်ကို ဖွင့်ဆိုဖို့ ကိစ္စထက်၊ သမန္တရဲ့ ပေရွက်တွေရှာတဲ့ ကိစ္စကပိုပြီး လွယ်ကူပါလိမ့်မယ် အရှင်"

"ကြည့်သေးတာပေါ့လေ၊ ဟဲ . . . ဟဲ . . . ဟဲ"

ထွက်ပေါက်ကို အပြေးအလွှား ရှာဖွေစဉ်းစားရချေပြီ။ ဂိုဏ်းထောက်ချုပ်၏ လက်ထဲ၌ အကျဉ်းကျနေရန် ကျွန်ုပ်၌ အချိန်မရှိ။

"ပြောစမ်းပါ မဟာသရေ၊ သတ္တဂဏာဟာ ငါတို့ရဲ့ မိတ်ဆွေလား၊ ရန်သူလား"

"မကြာမီ ကွဲပြားလာပါလိမ့်မယ် အရှင်"

ဆင်ဝေ့ ရန်ရှောင်အဖြေသည် ဂိုဏ်းထောက်ချုပ်၏ ဖုံးကွယ်ထားသော ဒေါသကို ပေါ်ထွက်လာစေလေပါသည်။ သေရည်နီးဖြင့် နီနေသော မျက်နှာမှာ ဒေါသကြောင့် ပို၍နီမြန်းသွား၏။

လက်ခုပ်တီးလိုက်သည်နှင့် အစေခံကိုယ်တော်များ ဝင်ရောက်လာကြ၏။

"မဟာသရေ၊ သတ္တဂဏာအကြောင်း ပြည့်ပြည့်စုံစုံ ပြောပြဖို့ တစ်ရက် အချိန်ပေးမယ်၊ အဲဒီတစ်ရက်အတွင်းမှာတော့ သင်ဟာ အကျဉ်းသားပဲ၊ တစ်ရက်လွန်မြောက်လို့မှ သင့်ပါးစပ်ပွင့် မလာဘူးဆိုရင် . . . ဟောဒါပဲဖော့"

လည်ပင်းပေါ်တွင် လက်ညှိုးကို ကန့်လန့်ဖြတ်ပွတ်ဆွဲပြပြီး ဂိုဏ်းထောက်ချုပ်က ပြောင်ကျကျပင် ခြိမ်းခြောက်တော့၏။

"ဒါဆိုရင် သတ္တဂဏာဟာ မဟာသရေနဲ့အတူ ပါသွားတော့မှာပေါ့ အရှင်"

"ငါ့မှာ အားထားစရာ သမန္တရဲ့ မှတ်တမ်းတွေ ရှိနေသေးတယ်လေ၊ ရှာရင်တွေ့ရမှာပေါ့၊ ဒါပေမယ့် ငါက ရှာရမယ့် အလုပ်ကို သိပ်စိတ်မရှည်ဘူး"

အရည်းကိုယ်တော်များ သမန္တကျောင်းဆောင်အနှံ့ နေရာယူထားကြပုံကို ကျွန်ုပ် ဝေ့ကြည့်လိုက်၏။

"သတ္တဂဏအကြောင်း သေသေချာချာ ဂဃနဏပြောပြမယ်ဆိုရင် ဒီမှာ မဟာသရေ၊ သမန္တရဲ့ နေရာဟာ သင့်အတွက်ပဲ၊ ဘယ့်နှယ်လဲ"

ကျွန်ုပ် ခေါင်းမညိတ်ပါ။ သို့သော် ခေါင်းလည်းမခါပါ။ လည်တိုင်ကို မတ်မတ်ထား၍ ကျောက်ရုပ်သဖွယ်ရပ်နေ၏။

"ဒီတစ်ည စဉ်းစားပါ မဟာသရေ"

ခြေသံပြင်းပြင်းနင်း၍ ဂိုဏ်းထောက်ချုပ် ပြန်လည်ထွက်ခွာသွား၏။

သန်းခေါင်ယံ ကျူးပေပြီ။ နေရာတွင်ပင် ငြိမ်သက်စွာ ရပ်လျက် ကျွန်ုပ် စဉ်းစားနေဆဲပင်။

သမန္တ၏ ပေရွက်မှတ်တမ်းကို သမထီးဂိုဏ်းထောက်ချုပ် သာမက ကျွန်ုပ်လည်း လိုချင်၏။ ဘယ်မှာ ဝှက်ခဲ့ပါလိမ့် လေသာပြတင်းမှ မျှော်ကြည့်လိုက်၏။

တံခွန် . . .

ဂိုဏ်းထောက်ချုပ်၏ အမည်စာတမ်းပါသော တံခွန်သည် လရောင်အောက်တွင် တစ်ဖျတ်ဖျတ် လှုပ်နေ၏။ .

ဂိုဏ်းထောက်ချုပ်နဲ့အတူ လေထဲမှာ. . . .

လေးတစ်လက်လောက်ရှိလျှင် တံခွန်ကို ကျွန်ုပ်ဖြုတ်ချနိုင်ပါသည်။ သတ္တဂုဇယ လေးတော်ကြီးပါမလာခဲ့၊ သုမနအား သိမ်းဝှက်ထားစေခဲ့၏။

သတ္တဂုဇယလေးကြီးကို လူတွေ့ခံ၍ မဖြစ်။ လူသူလေးပါး တွေ့သွားပြီဆိုသည်နှင့် ကျွန်ုပ်၏ ဘဝမှန်မှာ ဘူးပေါ်သလို ပေါ်လာချေတော့မည် ဖြစ်၏။

လေးတစ်လက်လောက် ရပါမှ . . .

သမန္တ၏ နံဘေးတွင် သူကိုင်နေကျ လေးကြီးက မြားကျည်တောက်နှင့်အတူ ရှိနေပါ၏။ သွားယူနိုင်လျှင် . . .

အခန်းဝသို့ ကြည့်လိုက်၏။ အရှင်းကိုယ်တော်လေးယောက် ပိတ်လျက် စောင့်ကြည့်နေသည်။ လေးယောက်၏ ဟိုဘက်တွင် ရှစ်ယောက်ရှိမှာ သေချာ၏။ ရှစ်ယောက်၏ ဟိုဘက်မှာ တစ်ဆယ့်ခြောက်ယောက်။

ဝရန်တာသို့ ထွက်ခဲ့၏။ အောက်မှ အစောင့်နှစ်ယောက်ကို သေသေချာချာကြည့်သောအခါ အရှင်းကိုယ်တော်တွေ မဟုတ်။ သမထီး ကျောင်းတော်တွင် ပညာရင်နို့ လာရောက်သောက်စို့နေကြသည့် အထဲမှ လူငယ်နှစ်ယောက်ဖြစ်၏။

ဝရန်တာမှာ လွင့်နေအောင်မြင့်၏။ ထိုအမြင့်ကို အားကိုးအားထားပြုပုံရပါသည်။ အောက်တွင် လူငယ်နှစ်ယောက်မှလွဲ၍ မတွေ့ရ။ ရုတ်တရက် လွှားခနဲ ကြောင်တစ်ကောင်လို ကျွန်ုပ် ခုန်ချလိုက်သည်။ ကင်းသမား လူငယ်နှစ်ယောက်ကြားတည့်တည့်သို့ ကျသွား၏။

"ဟာ . . . ခုန်ချသွားပြီ မဟာသရေ အရှင်၊ ဟော့ လိုက်လိုက်"

ကျွန်ုပ်အား မြင်သွားကြပေပြီ . . . ပြေးတမ်းလိုက်တမ်းကစားရပါဦးမည်။

"မဟာသရေ အရှင်"

"သူရဇ္ဇကို အသင့်ပြင်ထားပါတယ်၊ တောင်ဘက်တံခါးနားမှာပါ"

လူငယ်နှစ်ယောက်က တီးတိုးပြော၏။ ပခုံးတစ်ချက်စီ ပုတ်၍ ကျွန်ုပ်ပြေးထွက်ခဲ့သည်။ နောက်တွင် လူသံတွေ ဆူကျန်ခဲ့သည်။ ဥယျာဉ်အလယ်ရှိ သမန္တ၏ ရုပ်ကလာပ်နံဘေးတွင် အစောင့်အရည်းများ မရှိတော့။ ခေါင်းရင်းမှ မီးတိုင်လည်း ငြိမ်းသေနေလေပြီ။

"ဟိုဘက်မှာ. . . ဟိုဘက်မှာ"

မီးတုတ်ကိုင် အရည်းများ၏ ခြေသံများ နီးနီးလာလေသည်။ ခေတ္တပုန်းခိုစရာ နေရာလိုလာ၏။

တွေ့ပါပြီ၊ ဝေးဝေးရှာစရာ မလိုပါ၊ သမန္တအား ထည့်ရန် နံဘေးတွင် အဆင့်သင့်ချထားသည့် ခေါင်းတလားကြီးထဲ လှစ်ခနဲ ဝင်အိပ်နေလိုက်၏။

"ဟိုဘက်နား ပြေးတာမြင်လိုက်ပါတယ်"

"ဟိုဘက်ကို ရောက်သွားပြီ ထင်တယ်၊ မြင်းခွာသံကြားတယ်ဟေ့"

"မြောက်ဘက်ကဟေ့. . . မြောက်ဘက်က"

အမှန်ပင် မြောက်ဘက်တံခါးမှ ထွက်သွားသော မြင်းတစ်ကောင်၏ ခွာသံတစ်ခြောင်းခြောင်း ပေါ်လာသည်။ အနီးအနားတွင် တိတ်ဆိတ်သွား၏။ ခေါင်းဖုံးကို အသာဟကြည့်လိုက်သည်။ မည်သူမျှ ရှိမနေပါ။

အချိန်မဖြုန်းနိုင်ပါ။ သမန္တ၏ လေးကြီးကို ကောက်ယူလိုက်၏။ လေသည် ဂိုဏ်းထောက်ချုပ်၏ ကျောင်းဆောင်ဘက်မှ သမန္တရှိရာသို့ တိုက်ခတ်နေသည်။ ထိုလေစီးကြောင်း မပြောင်းလဲမီ ပြီးစီးအောင်လက်စသတ်ရမည် ဖြစ်သည်။

မြားတံတစ်ချောင်းကို လေးညို့တွင် တပ်လိုက်၏။ တံခွန်မှာ တစ်ဖျပ်ဖျပ် လှုပ်ရှားနေသည်။

မြားတံကို လွှတ်လိုက်၏။ ဆိုင်းထားသော ကြိုးဖြတ်အထွက်

၌ တံခွန်မှာ ပြုတ်ကျ၍ လေးစီးကြောင်းအတိုင်း လွင့်မျောဆင်းလာလေသည်။ မြေပြင်သို့ မရောက်မီ ကျွန်ုပ်ခုန်၍ ဖမ်းယူလိုက်၏။ နှစ်ထပ်ချုပ်ထားသော တံခွန်ထဲ၌ ပေရွက်အမှာခံများကို စမ်းသပ်မိလိုက်၏။

ထို့နောက် ကျွန်ုပ် ပြေးရမည်လော။ မပြေးပါ။ မဟာသရေရာဇဝင် အရှိုင်းမခံနိုင်ပါ။ ကျောင်းဆောင်ဝင်ပေါက်မှ ပေါ်ပေါ်ထင်ထင်ပင် ပြန်ဝင်လာခဲ့သည်။

အံ့အားသင့်နေသော အစောင့်အရည်းတစ်ယောက်သာ တံခါးဝ၌ ရှိနေလေသည်။

♛ ♛ ♛

"အရည်း ဂိုဏ်းထောက်ချုပ်ကြီး ညကအိပ်မက် မက်တယ်တဲ့"

"အရည်း အယူဝါဒနဲ့ ပတ်သက်ပြီး မဟာဗိသျှနူး ကိုယ်တော်တိုင် စီရင်ရေးသားထားတော်မူတဲ့ ကျမ်းကြီးတစ်စောင်ဆိုပါလား"

"ဘယ်မှာတဲ့လဲ. . . ဘယ်မှာတဲ့လဲ"

"သစ်ပင်ရဲ့ ပင်စည်ထဲမှာတဲ့"

"အံ့ဩစရာပဲနော်၊ သစ်ပင်ထဲမှာ သန္ဓေတည်တာ လူပဲကြားဖူးပါတယ်၊ အခုဟာက သစ်ပင်ထဲက ကျမ်းတစ်ဆူတဲ့"

"မဟာဗိသျှနူးကိုယ်တော်တိုင် တန်ခိုးနဲ့ ထည့်သွင်းမြှုပ်နှံထားတာ ဖြစ်မှာပေါ့"

"ရှင်ကြီး ဂိုဏ်းထောက်ချုပ်ကို မဟာဗိသျှနူးက လက်ညှိုးတော် ဆန့်တန်းပြီး သစ်ပင်တစ်ပင်ကို ညွှန်ပြသတဲ့၊ အဲဒီ ကျမ်းအယူဝါဒအတိုင်း အရည်းအစဉ်အဆက် ကျင့်သုံးလိုက်နာရမည်လို့လဲ မိန့်ကြားသတဲ့"

သမန္တ၏ ရှာပနတွင် အုတ်အုတ်ကျက်ကျက် ပြောနေကြသည့် အကြောင်းဖြစ်၏။

"ဗိသျှုနုး နတ်မင်းကြီးဟာ ဘော်ငွေအဆင်းလို ဆွတ်ဆွတ်ဖြူတဲ့ ဂဠုန်ငှက်ကြီးကို စီးပြီး ကောင်းကင်က ဆင်းလာသတဲ့"

"နေကြပါဦး၊ အဲဒီ ကျွမ်းကြီးက ဘယ်တောထဲက ဘယ်သစ်ပင်မှာတဲ့လဲ"

"မြိုင်သေလာ၊ မြိုင်သေလာတော"

"အို. . . အဝေးကြီးပါလား"

"ဟုတ်တယ်. . . သမထီးနဲ့ အဝေးကြီးပဲ"

သမန္တ၏ ရှာပနအပြန် လမ်းတစ်လျှောက် ထိုအကြောင်းကိုပင် လူတွေ ပြောလာကြ၏။

"မဟာသရေ မြိုင်သေလာမှာ ကျွမ်းတစ်ဆူ ဖော်ထုတ်စရာ ရှိနေတယ်၊ သင်ပြန်လိုက်ခဲ့ရမယ်၊ မဟာမတီမှာ ခိုင်းထားတဲ့ ပေါက္ကံရာမကို သွားဖို့ ကိစ္စ ရွှေ့ဆိုင်းလိုက်ပါ"

"ကောင်းပါပြီ အရှင်"

"ဟိုက အပြန်မှ သတ္တဂဏအကြောင်း ငါ့ကို အကုန်အစင် ပြောဖို့ မြင်ပေတော့"

"ဟော. . . အနုရုဒ္ဓါဘုရင်မင်းမြတ်ဆီက စေလွှတ်လိုက်တဲ့ တပ်မှူးမင်းတို့ပါလား"

ကျောင်းတိုက်အဝင်ဝတွင်ပင် ဘုရင့်ရဲမက်တော်များနှင့် ဆုံမိကြ၏။

"နံနက်စောစောကပဲ ဘုရင်မင်းမြတ်ထံကို အကြောင်းကြားခိုင်းလိုက်ရတယ်၊ အိပ်မက်အရ ကျွန်ုပ်တို့ မြိုင်သေလာမှာ ကျွမ်းတစ်ဆူ ဖော်ထုတ်ဖို့ သွားရမယ်၊ လိုက်ပါ ကြည့်ရှုလိုလျှင် လိုက်ပါကြည့်ရှုနိုင်ကြောင်းပါပဲ"

ဂိုဏ်းထောက်ချုပ် အရေးထားပြောနေရသူကား စစ်မှူးကြီး ညောင်ဦးဖီး ဖြစ်၏။

စစ်မှူးကြီးက မည်သူမျှ မျှော်လင့်မထားသော စကားတစ်ခွန်းကို ပြောလိုက်၏။

"မဟာသရေ တောပုန်းကြီးဘဝက ကျူးလွန်ခဲ့တဲ့ ဖြစ်မှု တစ်ခုအတွက် အဖမ်းခံပါ"

ကျွန်ုပ် မြင်းပေါ်မှ ဆင်း၍ စစ်မှူးကြီး ညောင်ဦးဖီး ရှေ့ ခေါင်းငုံ့၍ ငြိမ်သက်စွာ ရပ်နေလိုက်သည်။

"ကောင်းပြီ မဟာသရေ ဘုရင်မင်းမြတ်အမိန့်နဲ့ သင့်အား ကျွန်ုပ် ဖမ်းဆီးလိုက်ပြီ"

ထို့နောက် စစ်သည်ရဲမက်အချို့နှင့် ကျွန်ုပ်က ပေါက္ကံရွာမသို့ သွားခဲ့ရသလို စစ်မှူးကြီး ညောင်ဦးဖီးနှင့် ရဲမက်များက သမထီး ဂိုဏ်းထောက်ချုပ် နှင့်အတူ မြိုင်သေလာတောသို့ ခရီးဆက်ကြလေသည်။

♛ ♛ ♛

ကျွန်ုပ် ပြန်ရောက်လာသောအခါ နိုးပင်မနိုးတတ်ကြသေးပါ၊ သုမနတစ်ယောက်သာလျှင် တာဝန်ကျေပါပေသည်။ ကျောင်းဆောင်လှေကားမှ ရပ်လျက် စောင့်မျှော်နေရှာ၏။

"ပြန်မလာတော့ဘူးလို့ ထင်နေသလား သုမန"

"အဲဒီအထင်ဟာ သုမနအတွက် မဟုတ်ပါဘူး အရှင်၊ အရှင်ဘုရား ပြန်လာလိမ့်မယ်ဆိုတာ သုမနက လွဲလို့ ဘယ်သူသိနိုင်ပါ့မလဲ"

"ဟား. . . ဟား ဟုတ်တာပေါ့၊ သင် အသိဆုံးပဲလေ"

"ဒီမှာ သတင်းထူး နေပါတယ် အရှင်"

"ဘာတွေလဲ"

"မိသျှနူး နတ်မင်းကြီး ညွှန်ပြတဲ့ ကျမ်းကြီးအကြောင်းနဲ့ အချည်းဂိုဏ်းထောက်ချုပ်ရဲ့ အိပ်မက်ပေါ့ အရှင်"

"ဟား. . . ဟား. . . ဟား"

သဘောကျစွာ ရယ်လိုက်မိ၏။

"ကျမ်းကြီးက သစ်ပင်တစ်ပင်ရဲ့ ပင်စည်ထဲမှာ တကယ်ပဲ ရှိနေပါတယ် အရှင်. . . ဒါပေမယ့်. . ."

"ဒါပေမယ့် အတုကြီး မဟုတ်လား. . ."

"အရှင် သိနှင့်နေတာ သုမန မအံ့ဩပါဘူး၊ မှန်ပါတယ် အရှင် အတုကြီးဖြစ်နေလို့ သမထီးအရည်းတစ်ယောက်အနေနဲ့ မျက်နှာဘယ်မှာ ထားရမလဲတောင် မသိတော့ပါ. . ."

"ငါ သိပါတယ် သုမန၊ စစ်မှူးကြီး ညောင်ဦးဖီးဆိုတာ သာမညမှ မဟုတ်တာ၊ သူ မသိဘဲနေပါ့မလား၊ သစ်ပင်ကို အခေါင်းဖောက်၊ ပေစာတွေ သွင်း၊ သစ်ခေါက်အပွေး အသစ်တက်မှ အိပ်မက်အရဆိုပြီး ဖော်ထုတ်. . ."

"မှန်ပါတယ် အရှင်၊ အဲဒီအတိုင်းပါပဲ၊ သစ်ပင်ရဲ့ မူလအပေါက်အပွေးသက်တမ်းနဲ့ သစ်ခေါင်းကို ဖောက်ပြီးမှ ပြန်တက်လာတဲ့ သစ်ခေါက်အပွေး သက်တမ်းမတူတာကို မသက်ာစရာက စုပြီး အလိမ်ပေါ်သွားတော့တာပါပဲ"

"အင်း. . . သမထီး ဂိုဏ်းလဲချုပ်ငြိမ်းတော့မယ် ထင်ပါရဲ့၊ လွယ်တော့ မလွယ်လှဘူးလေ"

"အရှင်. . ."

"ဘာထူးပြန်ပြီလဲ သုမန. . ."

"မြင်းခွာသံကြားပါရဲ့လား အရှင်. . ."

ကျွန်ုပ် နားစွင့်လိုက်၏။ မြင်းနှစ်ကောင်ကို စီး၍ လူနှစ်ယောက် ကျွန်ုပ်ကျောင်းဆောင်ဘက်သို့ ဦးတည်လာနေကြ၏။

"ဘယ်သူတွေပါလိမ့်"

"ပန်းဦးပူဇော်လိုသူတွေ ဖြစ်မှာပေါ့ အရှင်. . ."

သုမနစကားကြောင့် ကျွန်ုပ်ရင်သည် ပင်ပန်းလေးလံသွားရသည်။

"သူတို့ ဒီအချိန်ဆို ရောက်လာတတ်တာ သမထီးကို အရှင်သွားပြီး နောက်တစ်နေ့ ကတည်းကပါပဲ. . ."

"သူတို့ ဆိုတာက. . ."

"စည်သာမြို့စားနဲ့ သူရဲ့သား မြေင်သင်ဖြစ်ပါတယ် အရှင်"

"ဘာအကြောင်းထူးလို့တဲ့လဲ. . ."

"မြေင်သင်ရဲ့ လက်ထပ်ပွဲ. . ."

"ဘာ. . . ဘာပြောတယ်"

"နောက်တစ်ကြိမ် မြေင်သင်လက်ထပ်မှာမို့ အရှင့်ထံ သတို့သမီးရဲ့ ပန်းဦးအလှူ. . ."

မြုန်းခနဲ ကျွန်ုပ် ထလိုက်မိ၏။

"တော်တော့ သုမန၊ ငါ ဂိုဏ်းထောက် မဟာမတိမာနဲ့ သွားတွေ့ဆုံရဖို့ ရှိသေးတယ်"

"ခေတ္တဆိုင်းပါဦး အရှင်၊ ပန်းဦးက အလှူအချိန်းအချက်ကိစ္စ ဘယ်လိုစီစဉ်ရမယ်ဆိုတာ. . ."

ကျွန်ုပ် စကားမပြန်တော့. . .

သူတို့ ကျောင်းဆောင်အရှေ့ လှေကားထစ်သို့ မရောက်မီ အနောက်ဘက် လေသာဆောင်မှ လှားခနဲခုန်ဆင်းလိုက်သည်။ ရင်ထဲတွင် တုန်ယင်လှိုက်မောသော ဝေဒနာ အစိုင်အခဲနှင့်. . .

ဂိုဏ်းထောက် မဟာမတိမာနှင့် တွေ့ဆုံပြီး ကျွန်ုပ်ကျောင်းဆောင်ဘက်သို့ ပြန်လာခဲ့၏။

"သုမန"

ကျောင်းဆောင်လှေကားထစ်များကို တက်ရင်း အော်ခေါ်လိုက်၏။

"အရှင် . . ."

သုမန ပြေးဆင်းလာ၏။

"သူတို့ ပြန်သွားပြီပေါ့ ဟုတ်လား . . ."

"အချိန်းအချက်ယူပြီး သူတို့ပြန်သွားကြပါပြီ အရှင်"

"ဘာ . . . အချိန်းအချက်ပေးလိုက်တယ် ဟုတ်လား"

အလန့်တကြားနိုင်လှသော ကျွန်ုပ်၏အသံကြောင့် သုမနပါ ရောၡ လန့်သွား၏။

"သင် ဘာဖြစ်လို့ လက်ခံလိုက်ရတာလဲ၊ အချိန် သိပ်နီးနေပြီဆိုတာ မသိဘူးလား . . ."

"အရှင်မှ လက်မခံရင် သုဒ္ဓိကိုယ်တော်ဆီ ရောက်သွားမှာပေါ့ အရှင်၊ ပြီးတော့ . . . မဟာမတိမာ . . ."

သုမနပြောတာလည်း မှန်ပါ၏။

"ဘာဖြစ်လို့ လက်မခံချင်ရတာလဲ အရှင်"

"အချိန် သိပ်နီးနေပြီ"

"သတို့သမီးက ဒီညလာမှာပါ အရှင်၊ အရှင်ဆိုလိုတဲ့ အချိန်နဲ့ ဒီညဟာ ကြားမှာ အများကြီး ခြားနေပါသေးတယ်"

"သူ့ကို ငါ ဆုံတွေ့လိုတဲ့ ပုံစံက ဒီလိုမဟုတ်ဘူး၊ သုမန"

"ဘယ်လိုပုံစံနဲ့ ဖြစ်ဖြစ် တွေ့သာတွေ့လိုက်ပါ အရှင်၊ နောက်ဆုံး ဆုံတွေ့ခြင်း ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်"

"နောက်ဆုံး အင်း . . . ဖြစ်နိုင်ပါတယ်လေ"

တိုစကားကို ဆွေးမြည့်စွာ ပြောမိ၏။

သုဒ္ဓိလာနေ၏။

"မဟာသရေ သင်က အဖမ်းခံရတယ်ဆိုပါလား၊ ဘယ့်နှယ် လုပ်ပြီး လွတ်လာတာလဲ"

"ပြစ်မှုတစ်ခုမှာ သံသယရှိလို့ပါ သုဒ္ဓိ၊ သံသယဆိုတာ အ

ကောင်အထည်ရှိတာမှ မဟုတ်ဘဲလေ''

''အင်း. . . စစ်မှူးကြီး ညောင်ဦးဖီးက သမထီးမှာ လာပြီး သင့်ကို ဖမ်းသွားတယ်ဆိုတော့ မလွတ်နိုင်တော့ဘူးလို့ ထင်နေကြတာ''

''ဒီကို သတင်းဘယ်လိုရောက်လာသလဲ သုဒ္ဓိ''

''သင် မေ့သွားပြီလား၊ သင့်ကို ဖမ်းပြီး ပေါက္ကံရာမကို ပို့ လွှတ်ပြီးမှ စစ်မှူးကြီး ညောင်ဦးဖီးဟာ ကျွန်ုပ်တို့ ဂိုဏ်းထောက်ချုပ်နဲ့ အတူ မြိုင်သေလာကို လိုက်လာတယ်ဆို မဟုတ်လား''

''ဟုတ်ပါရဲ့''

''ဒီကိုလဲ ဝင်နားသွားကြသေးတယ်၊ အဲဒီမှာ သင့်ရဲ့သတင်းကို ကြားရတာပဲ''

''နေပါဦး သုဒ္ဓိ၊ သစ်ပင်ထဲကရတဲ့ ကျမ်းဆိုတာ''

သုဒ္ဓိမျက်နှာ နီမြန်းသွား၏။

''အဲဒါပေါ့. . . ကျွန်ုပ် မကျေနပ်တာ၊ ဂိုဏ်းထောက်ချုပ် ရင့်မကြီးက လူလိမ်ဆိုးလုံးဖြစ်တာပဲ၊ အဲဒီပြဿနာ မသေးဘူး''

''မြိုင်သေလာကို သင်ရောလိုက်သွားသေးလား သုဒ္ဓိ''

''လိုက်တာပေါ့၊ ကျွန်ုပ်ရော မဟာမတိမာရော၊ ဟို . ကျောင်း တိုက်က ကိုယ်တော်တွေ အကုန်လုံးနီးပါး လိုက်ကြည့်ကြတယ်''

''အဲဒီတော့. . . ''

''တကယ်ပဲ သစ်ပင်ထဲက ကျမ်းကြီးတစ်ဆူ ထွက်လာတယ် လေ၊ ဘယ်လောက်ထူးဆန်းသလဲ၊ ဒါဟာ ဗိဿနိုးနတ်မင်းကြီး ကိုယ် တော်တိုင် ထည့်သွင်းထားတာ မုချဖြစ်ရမယ်''

သုဒ္ဓိနှင့် ပြိုင်၍ မငြင်းခုန်လိုပါ။ ထိုကျမ်းကြီးမှာ လုပ်ကြံ ဖန်တီးမှုသာဖြစ်ကြောင်း ပေါက္ကံရာမတွင် ဟိုးလေးတကြော်ကြော်ဖြစ်ခဲ့ ပြီး နေပြီ။

''နေစမ်းပါဦး မဟာသရေ၊ သင်က ပေါက္ကံရာမက လောလော

ဆယ် ပြန်ခဲ့သူဖြစ်လို့ ကျွန်ုပ်သိလိုတာ မေးစမ်းချင်တယ်၊ သင်သိလာကြားလာမယ့် ကိစ္စဖြစ်တယ်"

"ဘာများပါလိမ့်"

"အဲဒီကျမ်းကြီးကို စစ်မှူးကြီး ညောင်ဦးဖီးက ဘုရင့်ထံရောက်အောင် ယူဆောင်သွားခဲ့ရာမှာ . . . "

"ကျွန်ုပ်သိပြီ၊ သင် သိလိုတဲ့ ကိစ္စက အဲဒီကျမ်းကြီး ဘယ်ရောက်သွားသလဲဆိုတာ မဟုတ်လား သုဒ္ဓိ"

"ဂိုဏ်းထောက်ချုပ်ရဲ့ လက်ထဲ ပြန်ထည့်ပေးလိုက်တယ်ဆိုရင်တော့ ကျွန်ုပ်တို့ သွားရောက်လေ့လာရမယ်၊ ကူးယူသိမ်းဆည်းမှုလဲ ပြုကြရမယ်လို့ မဟာမတိမာက အမိန့်ရှိထားတယ် မဟာသရေ"

လေးပင်စွာဖြင့် သက်ပြင်းကြီး မှုတ်ထုတ်လိုက်ပြီးမှ ခေါင်းခါပြမိ၏။

"စောစောကတည်းက မဟာမတိမာကို ကျွန်ုပ် ပြောပြခဲ့ပြီးပါပြီ သုဒ္ဓိ"

"ဘာအကြောင်းလဲ မဟာသရေ၊ မဟာမတိမာက ကျွန်ုပ်ကို ဘာမှ အမိန့်မရှိလိုက်ဘူး၊ သင့်ထံသွားပါလို့သာ ညွှန်လိုက်တယ်"

"ကဲလေ. . . ပြောရတော့မှာပေါ့၊ သင်ဖတ်ရှု ကူးယူလိုတဲ့ ကျမ်းကြီးဟာ ပြာဖြစ်သွားခဲ့ပြီ သုဒ္ဓိ"

"ဘာ . . . ဘုရင့်က မီးရှို့ဖျက်ဆီးပစ်လိုက်တယ်၊ ဟုတ်လား"

"မှန်တယ် သုဒ္ဓိ"

"တောက်. . . "

"ဘာကို ဒေါသထွက်နေသလဲ သုဒ္ဓိ၊ ဒီကိစ္စမှာ ဂိုဏ်းထောက်ချုပ်တောင် ဘာမှ မတတ်နိုင်ဘူး၊ လက်ပိုက် ကြည့်နေရတဲ့ ကိစ္စ"

"နမြောဖို့ ကောင်းလိုက်လေ၊ တစ်သက်မှာ တစ်ခါသာ ပေါ်

ထွန်းလာတဲ့ကျမ်း၊ အဖိုးအနဂ္ဃထိုက်မယ့် ကျမ်း''

''နောက်မှ စကားပြောကြသေးတာပေါ့ သုဒ္ဓိ၊ ကျွန်ုပ် ပင်ပန်းနွမ်းနယ်လာလို့ နားဦးမယ်''

''တစ်ခုပြောဖို့ ကျန်နေတယ် မဟာသရေ၊ သမန္တနေရာလစ်လပ်နေတယ်၊ မကြာမီ ပြိုင်ပွဲလုပ်တော့မယ်၊ သင်ဒီမှာပဲ အေးအေးဆေးဆေးနေရစ်ပါ၊ ဝင်မပြိုင်ပါနဲ့''

''ကောင်းပါပြီလေ၊ သင်သွားရောက် ယှဉ်ပြိုင်မယ့်အကြောင်း မဟာမတိမာဆီမှာ ခွင့်တောင်းပြီးပြီလား''

''နီးမှ ကျွန်ုပ်ကိုယ်တိုင် ပြောမယ်၊ သင်ဘာမှ ကြိုတင် ပြောမထားပါနဲ့၊ သင်စင့်ရောက် ယှဉ်ပြိုင်ဖို့လဲ လုံးဝ မစဉ်းစားပါနဲ့၊ သင်မပါရင် သမန္တနေရာကို ကျွန်ုပ်မှချရမြီ''

''ဟား . . . ဟား . . . ဟား''

မအောင့်နိုင်ပဲ ပွင့်ပွင့်လင်းလင်းပင် ကျွန်ုပ် ရယ်ချလိုက်မိ၏။

ထို့နောက် သုဒ္ဓိ၏ မျက်ထောင့်နီကြီးကို တည့်တည့်စိုက်ကြည့်၍ အလေးအနက် ပြောလိုက်သည်။

''ကောင်းပြီ၊ ဒါဟာ ကတိပဲ''

သုဒ္ဓိ ပြန်သွားပြီးနောက် မကြည့်တာကြာပြီဖြစ်သည့် ကြေးမုံရှေ့တွင် အချိန်ကြာမြင့်စွာ ရပ်နေမိလေသည်။ မှန်ထဲမှ ကျွန်ုပ်ကိုယ်ပွားပုံတူမှာ ချောမောတင့်တယ်လျက်ပင်။

ချောမောတင့်တယ်သော မြင့်မားကျစ်လစ်သော ထွားကျိုင်းသန်မာသော လုပနုပျိုသော ခန္ဓာကိုယ်ပိုင်ရှင်၊ စွဲမက်နှစ်လိုဖွယ်ရာအပြုံးဖြင့် ကျွန်ုပ်အရည်း မဟာသရေ။

ဤမည်သော ဝိသေသများကြောင့် ဘုရင့်အမျက်တော်ရှ၍ တောပုန်းကြီး မဟာသရေဖြစ်ခဲ့ရ၏။

မြိုင်သေလာမှာ သုံးနှစ်သုံးမိုး ကြာခဲ့၏။

ယောကျ်ားချင်း မနာလို ဝန်တိုဖြစ်စေအောင် ဒီရုပ်ရည်၊ မိန်းမသားများ နှစ်လိုစွဲမက်စေသော ဒီရုပ်ရည်။

''ဟား. . . ဟား''

ကျွန်ုပ် ရယ်မောလိုက်မိ၏။ ပျော်ရွှင်နေ၍လား။ မဟုတ်ပါ၊ သို့သော် ရင်ထဲမှာတော့ စူးနစ်နာကျင်နေပါ၏။

မွှေးရနံ့တစ်မျိုးက ကျွန်ုပ်နှာပသို့ ထောင်းခနဲတိုးဝင်လာ၏။

အခန်းအနှံ့ အမွှေးဆီများ ဖျန်းနေသော သုမန။

''လုပ်မနေစမ်းပါနဲ့ သုမနရယ်၊ ဘာမှ အကြောင်းမထူးတဲ့ ကိစ္စမှန်းသိသားနဲ့ သင့်ရဲ့ နံ့သာဆီတွေက ကျွန်ုပ်စိတ်ကို ယိမ်းထိုးအောင် ကိုင်လှုပ်ပစ်လိမ့်မယ်၊ နားလည်လား''

''သည်းခံပါ အရှင်၊ အရှင် စိတ်ကြည်မလားလို့ပါ''

နံ့သာဆီခွက်ကို သိမ်းဆည်းလိုက်ပြီးနောက် ကိုယ်ကြပ်အင်္ကျီကို ယူလာပေးပြန်၏။ ကျွန်ုပ်ကိုယ်၌ ချွေးပြန်နေသည်။

မွန်းကျပ်သော ဝေဒနာဖြင့် ကျွန်ုပ်မှာ အိုက်လှောင်နေသည်။ အင်္ကျီဝတ်လိုစိတ် မရှိ။

''သုမန. . .''

''အရှင်. . .''

''ဒီည နောက်ဆုံးဖြစ်လေမလားပဲ၊ အချိန် သိပ်နီးနေပြီ''

''ခိုင်ငှက်. . .''

''မလိုဘူး. . . ဘာမှ မလိုဘူး''

''သတို့သမီး ရောက်လာပါပြီ အရှင်''

''ထုံးစံအတိုင်းပေါ့ သုမန ဟား. . . ဟား''

သုမနလည်း ထုံးစံအတိုင်းပင် ကျွန်ုပ်အား ကရုဏာဖြင့် ငေးကြည့်ပြီးမှ ထွက်သွားသည်။

ဒီညဟာ တို့ဘဝအတွက် နောက်ဆုံးလား။ အင်း. . . ဖြစ်

နိုင်ပါတယ်လေ။ နောက်ဆုံးပဲ ထင်ပါရဲ့။ ကြေးမုံတွင် ဒေဝဒတ္တရာ အရိပ် ထင်လာသည့် ထင်လိုက်မိသည်။ ဖြုန်းခနဲ နောက်သို့ လှည့်လိုက်၏။

အိုပြည့်သင် . . .

ကျွန်ုပ်ရင်ခွင်ထဲသို့ တိုးဝင်လာ၏။ ဆောက်တည်ရာမဲ့ လှုပ်ရှားနေသော ကျွန်ုပ်၏ နှလုံးသားမှ တော်လဲသံကို အိုပြည့်သင် ကြားပါလိမ့်မည်။

"အရှင်"

"အိုပြည့်သင်"

"အို . . . အရှင်ရယ်"

ဖူးထွတ်နုမွတ်သော အိုပြည့်သင်၏ နှုတ်ခမ်းနှင်းဆီငုံကလေး အချစ်သွေးဖြင့် ဆတ်ဆတ်တုန်နေပါသည်။ တုန်ယင်မောလျှသော အသံတိမ်တိမ်ကလေးဖြင့် ညည်းညူနေရှာပါသည်။ မြတ်နိုးညင်သာစွာ နမ်းရှိုက်နေမိသော ကျွန်ုပ်ရင်သည် ပရမ်းပတာ ခုန်လှုပ်လျက်လာလေပြီ။ အိုပြည့်သင်ထံမှ အချစ်သွေးများသည် ကျွန်ုပ်ထံသို့ ကူးစက်လာနေပါချေသည်။

"အိုပြည့်သင်ရယ် . . . ချစ်သူရယ်"

ထိုအခိုက် . . .

ကျွန်ုပ်၏ အရှင်သခင်၊ မပြီးဆုံးသေးသော တာဝန်များ။

ပေါက်ကွဲရွေပြည်။

ကျွန်ုပ် အရာရာကို မေ့သွား၏။

ကျွန်ုပ်၏ အာရုံမှာ မျက်လွှာများကို ရှက်ရွံ့စွာ မှိတ်ချထားသော အချစ်ထံမှာသာ။ နူးညံ့သော ဖယောင်းလက်ချောင်းများသည် ကျွန်ုပ်၏ ရင်အုပ်ကြီးအား မဝံ့မရဲ ထိစမ်းပွတ်တိုက်လျက်ရှိသည်။

ထို့နောက် . . .

အိုပြည့်သင်၏ ပူနွေးသော နှုတ်ခမ်းအစုံမှာ သေရည်နံ့ဖြင့်

မွှန်နေမည်ဖြစ်သော ကျွန်ုပ်၏ နှုတ်ခမ်းများကို ရှာဖွေတွေ့ရှိသွားတော့၏။

အချစ်၏ ရနံ့သည် မွှေးမြသည်။ အချစ်၏ နှုတ်ခမ်းသည် ချိုမြိန်နေသည်။ ချစ်သူ အထိအတွေ့၊ ချစ်သူ၏ တုံ့ပြန်အနမ်းသည် ကျွန်ုပ်၏ အချစ်သွေးများကို လှုံ့ကျဆူဝေစေပါသည်။ အိုပြည့်သင်အား ရစ်ပတ်ထားသော ကျွန်ုပ်၏ လက်မောင်းကြီးများကို ပို၍တင်းကျပ်စေလိုက်မိ၏။ ထိန်းချုပ်ထားသော စိတ်အား အဆီးအတားမဲ့ လွှတ်လိုက်အံ့မူးမူး။

ရှည်ကြာလွန်းသော အနမ်း၌ နှစ်မြောလွင့်ပါနေစဉ် . . .

"တစ်တီတူး . . . တစ်တီတူး"

"ဟူး . . . ဟူး . . . ဟူး"

တစ်တီတူးအော်သံနှင့် ဇီးကွက်အော်သံက ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာလေသည်။

ဥယျာဉ်ထဲမှ လာသောအသံဖြစ်၏။ မပြီးဆုံးသေးသော တာဝန်များကို ပြန်လည်သတိရလာ၏။

"ဟူး . . . ဟူး . . . ဟူး"

"တစ်တီတူး . . . တစ်တီတူး"

ဒီတစ်ခါတော့ ဇီးကွက်မြည်သံဟာ အရင်ဖြစ်ပြီး တစ်တီတူး အော်သံက နောက်ဖြစ်၏။ ကျောင်းဆောင်နှင့် နီးကပ်စွာ ပေါ်လာသည်။

မဟာမတိမာနှင့် နောက်ပါများ၊ သို့သော် အန္တရာယ်မရှိ။ အကယ်၍ အန္တရာယ်ရှိလာလျှင် 'သုမန'သည် ခေါင်းခွေးသံကဲ့သို့ အသံပြုပေလိမ့်မည်။

မဟာမတိမာ အဘယ့်ကြောင့် လာသနည်း။ ဘာကြောင့် လာလာ အချစ်ရေယာဉ်ကြောတွင် မြောပါကူးခပ်နေသော ကျွန်ုပ်အား မြင်ရပါပြီမို့မည်။ ခြေသံမကြားစေဘဲ တစ္ဆေတွေလို ရွှေ့လျားဝင်ရောက်

လာသော ခြေထောက်များ အခန်းဝသို့ ရောက်လုနီးနေပြီဖြစ်ကြောင်း ကျွန်ုပ်၏ နားစည်များက သတိပေးနေသည်။

ညောင်စောင်းထက်၌ အိုပြည့်သင်အား ပွေ့ပိုက်၍ နမ်းရှိုက်နေရင်း ကျွန်ုပ်၏ မျက်လုံးထောင့်စွန်းများက အခန်းဝသို့ ကြည့်လျက်ရှိနေ၏။ ခန်းဆီးသည် အသံမမြည်ပဲ ဖြည်းညင်းစွာ နံဘေးတစ်ဘက်တစ်ချက်သို့ ရွေ့လျားနေပါသည်။ ခြေထောက်တစ်စုံမှာ အခန်းဝ၌ ခေတ္တရပ်တန့်သွား၏။

ဂိုဏ်းထောက်မဟာမာတိမာပင် ဖြစ်သည်။ သူသည် ကျွန်ုပ်နှင့် အိုပြည့်သင်အား ကြည့်လျက်ရှိ၏။

"ဟား. . . မှား. . . ဟား"

ရယ်သံကြားမှ သတိပြုမိသည့်ပမာ ဖြုန်းခနဲ ကျွန်ုပ် လှည့်ကြည့်လိုက်သည်။

"ဖြောင်ကျရဲတင်းလှပါကလား မဟာသရေ၊ မနေ့ညကလဲ ကျောင်းဆောင်ပြတင်းတွေကို သင်ဟာ ဟင်းလင်းဖွင့်ထားခဲ့တယ်၊ ဒီလောက် ဖြောင်မကျသင့်ဘူး၊ ငါတို့ အရည်းသာသနာ ညှိုးနွမ်းဖို့ဖြစ်လာနိုင်တယ်၊ သိသာ သိပါစေ၊ မမြင်စေနဲ့ ကြားရဲ့လား။"

"ကောင်းပါပြီ. . . အရှင်"

အိုပြည့်သင်အား စောင်နှင့် အုပ်ထားခဲ့ပြီး မဟာမတိမာ ရှေ့မှောက်၌ ကျွန်ုပ်ရှိသေစွာ ရပ်လျက် စကားဆက်ကို ငံ့လင့်နေလိုက်သည်။

"မဟာသရေ၊ သင့်ကို မိန်းမတွေ စွဲမက်ရတဲ့အကြောင်း ဇစ်မြစ်ကို ငါအခု မျက်ဝါးထင်ထင်မြင်ရပြီ ချစ်မှုရေးရာမှာ ကျွမ်းကျင်ပါပေတယ်။ ဟား. . . ဟား. . . ဟား"

မဟာမတိမာ ပြန်လည်ထွက်ခွာသွားသဖြင့် ခန်းဆီးစသည် လှုပ်ခါ၍ ကျန်ခဲ့၏။ ထို့အတူ ကျွန်ုပ်၏ ရင်သည်လည်း လှုပ်ခါလျက်

ကျွန်ခဲ့ပါ၏။ ရှောင်တခင် တိတ်တဆိတ်ဝင်ရောက် ကြည့်ရှုသော မဟာမတိမာ၏ ရည်ရွယ်ချက်သည် မည်သို့သော ရည်ရွယ်ချက်ပါနည်း။

ဂိုဏ်းထောက်၏ အတွေးထဲသို့ သံသယမျိုးစေ့ကို မည်သူချပေးလိုက်အံ့နည်း။ သို့သော် သဏ္ဌာန်လုပ် သရုပ်ဆောင်ခြင်းဖြင့် ထိုသံသယမျိုးစေ့ကို ကျွန်ုပ်သည် နုတ်ပယ်လိုက်နိုင်ပါသည်။

ဆောက်တည်ရာရရန် ကျွန်ုပ် အစွမ်းကုန် ကြိုးစားနေရ၏။ အိုပြည့်သင်နှင့်ကျတော့ သဏ္ဌာန်လုပ် သရုပ်ဆောင်မှုမှာ အေးစက်ခြင်း၊ မရှိ၊ ပူနွေးပီပြင်လှ၏။ စိတ်ပါလက်ပါ ရှိလှ၏။ ထို့ကြောင့် အသည်းနှလုံးသည်လည်းကောင်း၊ အသွေးအသားသည်လည်းကောင်း အမြင်းအထန် လှုပ်ရှားလျက် ရှိနေပါတော့၏။

"အရှင် . . . "

ညောင်စောင်းထိပ်မှ အိုပြည့်သင် ထလာသည်။ ရွှေစင်ရုပ်အလှမှာ ချောညက်ဝင်းမွတ်နေ၏။ ခန်းမအလယ်၌ ကျောက်ဆစ်ရုပ်လို ရပ်ကြည့်ငေးမောနေသော ကျွန်ုပ်၏ ရင်ခွင်အတွင်းသို့ တိုးဝင်လာ၏။

မလှုပ်မယှက် ငြိမ်သက်စွာ ရပ်မြဲရပ်နေမိသည်။ သတိသမ္မထန်မှာ ကျွန်ုပ်၏ အသိစိတ်ထဲသို့ ဝင်လာလိုက် ထွက်ခွာသွားလိုက် ရှိနေ၏။

"ညည့်ဦးယံ ကုန်ဆုံးသွားခဲ့ပါပြီ အရှင်"

အမိပ္ပါယ်ကို နားလည်သော်လည်း ကျွန်ုပ် မလှုပ်ရှားမိ။

"အရှင့်ထံက အချစ်ကို အိုပြည့်သင် မရနိုင်ခဲ့ပေမယ့်"

အိုပြည့်သင် ရှိုက်နေ၏။

"သိပ်ချစ်တယ် ချစ်သူရယ် . . . သိပ်ချစ်တယ် ချစ်သူရယ်၊ သိပ်ချစ်တယ် . . . ချစ်သူရယ်"

နှာကျိုင်လျက်ရှိနေပြီဖြစ်သော ကျွန်ုပ်၏ အသည်းနှလုံးက အော်ပြောနေ၏။ နှုတ်ခမ်းများကမူ ပိတ်လျက်။

"အရှင့် အရည်အသွေး၊ အရှင် ရုပ်အဆင်းနဲ့ ထပ်တူထပ်မျှ ဖြစ်တဲ့အရှင့်ရဲ့ ကိုယ်ပွားကလေးကို ယူဆောင်သွားပါရစေ အရှင်ရယ်"

ကြင်နာဖွယ်ရာ အိုပြည့်သင်၏ တောင်းပန်မှုသည် ကျွန်ုပ်၏ ကျောက်ရုပ်ခန္ဓာကြီးအား စွမ်းအားပြင်းစွာ ဆွဲကိုင်လှုပ်လေတော့သည်။

"အိုပြည့်သင် . . . ရယ်"

ဆင်ခြင်တုံတရားသည် ကျွန်ုပ်ထံမှ ဆုတ်ခွာစပြေးလေပြီ။ သိုး တစ်ကောင်၏ အချစ်မှာ ဆာလောင်မွတ်သိပ်သော ဝံပုလွေလို ကြမ်း တမ်းလာတော့သည်။ အမှောင်တိုက် ကျရောက်အုံ့ဆဲဆဲ အလင်းရိပ် ကလေးကို ဝေတိဝေဝါး မြင်လိုက်ရသလို ရှိသည်။

ဦးထိပ်ပန်ဆင်ခဲ့ရသော အမိန့်၊ အာမခံကတိ ခံထားရသော စည်းမျဉ်းများက ဝံပုလွေတစ်ကောင်လို ကြမ်းကြုတ်နေသော စိတ်ရိုင်း များ ခေတ္တငြိမ်သက်သွား၏။

သို့သော် . . .

ကြိုဆိုငံ့လင့်နေသော အိုပြည့်သင် . . . ဆွဲငင်အားပြင်းလွန်း သည့် သူမ၏ အချစ်။ အို . . . ဖြစ်ချင်တာ ဖြစ် ချစ်တာသာ ပမာ နှု။ ကျန်တာတွေ နောက်မှရှင်း . . .

ပြန်လည်ကြီးစိုးလာသော အမှောင်တိုက်အောက်တွင် ဝေတိ ဝေဝါး အလင်းရိပ်ကလေး ပျောက်ကွယ်နစ်မြုပ်သွား၏။

အချစ်သည် ညင်သာသိမ်မွေ့လှသည်။

ရမ္မက်သည် ကြမ်းတမ်းရိုင်းစိုင်းလှချေသည်။

ထိုအရာ နှစ်ခုပေါင်းစပ်မိသောအခါ . . .

သိမ်မွေ့စွာ၊ ကြမ်းကြုတ်စွာ . . .

"ဝုန်း . . ."

အန္တရာယ် . . . ဝရံတာမှ ခုန်တက်လာသံနှင့်အတူ အနက်ေ ာင်ဝတ်စုံနှင့် လူတစ်ယောက်။ မျက်လုံးနေရာများသာ ချန်လှပ်ထား

၏။ ခါးရှည်ကို ဝင့်လျက် ခုန်ဝင်လာသည်။ အိုပြည့်သင်ကို အမှောင်ရိပ်သို့ တွန်းပို့၍ အနက်ရောင်လူနှင့် ကျွန်ုပ် ရင်ဆိုင်လိုက်၏။

သူဒွိလော. . . အကဲခတ်ကြည့်၏။ အကဲဖမ်း၍ မရပါ။

သူ၏ တိုက်ခိုက်ဟန်ကို ကြည့်ရလျှင် အကဲခတ်၍ ရနိုင်ကောင်းစရာ ရှိ၏။ သူက စတင်လှုပ်ရှားလာသည်။ လျှပ်စီးလက်သလို လျှင်မြန်သွက်လက်လှသော ခုတ်ချက်များကို ကျွန်ုပ်သည် တစ်ရှောင်တည်း ရှောင်နေရသည်။

ကျွန်ုပ်တွင် လက်နက်တစ်စုံတစ်ရာမရှိ။ မိမိနေထိုင်ရာ မိုင်နက်ဖြစ်၍လည်း လက်နက်နှင့် ကိုယ်ကင်းကွာစွာ နေခဲ့မိ၏။ သို့သော် ကိစ္စမရှိပါ။ မဟာသရေအတွက် လက်နက်မလိုပါ။ ရန်သူ၏ အထိုးအခုတ် အပင့်အဆွဲများကို သင့်တော်သလို ရှောင်ရှားရင်း ကျွန်ုပ်၏ ခန္ဓာကိုယ်ထဲမှ လှုပ်ရှားနေသော အချစ်သွေးများ အေးခဲငြိမ်သက်စပြုရာ၏။

အန္တရာယ်က ရမ္မက်မီးကို ငြိမ်းသတ်လိုက်သည်။ ထိုအခါ ကျွန်ုပ်၏ ရင်ထဲ၌ အချစ်သာလျှင် ခိုင်မြဲစွာ ကျန်ရစ်ခဲ့ထင်ခဲ့၏။ အသိစိတ်မှာလည်း ကြည်လင်လာသည်။ ယင်းကြောင့်ပင် ဤသို့ သတိပြုမိလာ၏။ တွေးမိလာ၏။

ရန်သူသည် ကျွန်ုပ်အား အခုန်အပျံနှင့် ခုခံရာ၌ အဆင့်ပေါင်းများစွာ လှုပ်ရှားရစေသော တိုက်ကွက်များကိုသာ ရွေးချယ်တိုက်ခိုက်နေကြောင်း သတိပြုမိလာ၏။ တွေးမိလာ၏။

သူသည် လိမ္မာပါးနပ်သလို ကျွန်ုပ်အကြောင်းကိုလည်း သိထားသူဖြစ်ပေလိမ့်မည်။ လူချင်းအပူးအသတ် မခံ။ ကြည့်ပါလေ။ ယခုလည်း ဝရံတာမှ ခုန်ဆင်းသွား၏။ ဒေါသထွက်လာပြီဖြစ်သော ကျွန်ုပ်လည်း ထက်ကြပ်လိုက်သွားရသည်။ ဥယျာဉ်ကို ဖြတ်၍ ချုံပုတ်များကို ခိုလွှား၍ ဆင်းပြေး၏။ ကျွန်ုပ်၏ ကျောင်းဆောင်တူရူရှိ နေကြာ‌ရေအစဉ်၌ သင်းကို မီလာသည်။ ခါးကို မြေပြင်ထက် ပစ်ချပြီး ကျွန်

အား အရှိအသေပေးလျက် စောင့်နေ၏။ သူကိုယ်တိုင်ပင် သူ၏ မျက်နှာမှ အဝတ်နက်ကို ဖြုတ်ချလိုက်သည်။

"အလို. . . သုမန"

"မှန်ပါတယ် အရှင်၊ အရှင်ရဲ့ ကိုယ်ခန္ဓာကို ငြိမ်းအေးသွားစေဖို့ အန္တရာယ်ဟန့်ဆောင်ခဲ့ခြင်း ဖြစ်ပါတယ်၊ သုမန မှားတယ်လို့ မြင်ရင် ဟောဒီဓားနဲ့ အရှင်ကိုယ်တိုင် စီရင်တော်မူပါ"

သုမနက လည်ပင်းကို ငုံ့စဉ်းပေးနေ၏။ ကျွန်ုပ်၏ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်သွားရသည်။ ကြက်သီး ရှိန်းရှိန်းထမိသည်။ မွန်းယိမ်းနေပြီဖြစ်သော လရောင်အောက်၌ နေကြာတောသည် လှုပ်နွဲ့ကခုန်၍ သုမနအား ချီးကျူးထောပနာ ပြုနေလေပြီ။

နေကြာရနံ့များ ဒိုစီးလိုက်ပါလာသော လေပြည်လေညင်းသည် လေချွန်သံဖြင့် သုမနအား ချီးမွမ်းတေးသီနေပါသည်။ သုမနချထားသော ဓားကို ကျွန်ုပ် ကန်ထုတ်ပစ်လိုက်၏။ ပြီးမှ သူ့အား ဆွဲထူလိုက်ပါသည်။

"သင် မှန်ပါတယ် သုမန၊ ဒီအတွက် သင့်ကို ကျေးဇူးတင်ရမယ်"

ထို့နောက် ကျွန်ုပ်တို့နှစ်ယောက် တိတ်ဆိတ်စွာ ကျောင်းတော်သို့ပြန်လာခဲ့၏။ အိပ်ခန်းဆောင်ထဲတွင် အိုပြည့်သင်သည် စိတ်မပျက်နဲ့မလျော့ပဲ ကျွန်ုပ်အား စောင့်ကြိုနေပါလေသည်။

ခက်စွတကား. . .

"အိုပြည့်သင်. . ."

"အရှင်. . ."

"သေသေချာချာ နားထောင်၊ မြဲမြဲမှတ်ထား၊ မင်းကလေးကို အချစ်နဲ့အတူ ငါ့ရဲ့ခန္ဓာအားလုံး ပေးအပ်နိုင်တဲ့ တစ်နေ့. . . အိုဟာ ငါ့စိတ်ကူးယဉ်မိနေပြီ ထင်ရဲ့"

ကျွန်ုပ်စကားမှာ လိုရာမရောက် မပြီးမြောက်ပဲ တိမ်းစောင်းလျက်ရှိနေပါလေ၏။

''အရှင်ပြောတဲ့ အမိပွါယ်က အိုပြည့်သင်ကို. . . အိုပြည့်သင်ကို. . .''

''နားလည်စမ်းပါ ချစ်သူရယ်၊ မင်းကိုလေ မြင်စဦးကတည်းရူးရအောင် ချစ်ခဲ့မိတဲ့ မဟာသရေပါ''

''အို. . . အရှင်ရယ်''

''ပျော်တယ်မဟုတ်လား အိုပြည့်သင် ဒိုပြီးတော့ ပျော်ရအောင်ဒီဟာလေးတစ်ခွက်လောက် သောက်ကြည့်စမ်း''

အိုပြည့်သင် မငြင်းဆန်ပါ ဆေးခတ်ထားသော သေရည်ခွက်ကိုတစ်စက်မှမကျန်အောင် မော့သောက်လိုက်၏။

''အရှင်ကော. . . ဟင်''

''သောက်မှာပေါ့''

''အိုပြည့်သင် ငှဲ့ပေးမယ်နော်''

''အင်း''

သေရည်ငှဲ့နေသော လက်က လေးတုန်ဆိုင်းလေးတွဲလာ၏။ စောင့်ကြည့်နေစဉ်မှာပင် ကျွန်ုပ်ရင်ခွင်ထက်ခေါင်းကလေး ငိုက်ကျလျက် အိပ်ပျော်သွားလေသည်။

''ခွင့်လွှတ်ပါ ချစ်သူရယ်''

အပြာရောင် အိမ်မက်လှလှလေး မင်းမက်ပါလိမ့်မယ်။ ထိတိုက်တွေ့စီးပြီး လွင့်ဝဲမြောက်တက်သွားလိုက် နိမ့်ဆင်းလျောကျလာလိုက်နဲ့ ရင်ခုန်လှိုက်မွေးတဲ့ ဝေဒနာဟာ မုချချိုမြိန်နေမှာပါ။ မင်းရဲ့အပြာရောင် အိမ်မက်တွေထဲမှာ ငါဟာ မင်းသားလေး ဖြစ်ပါရစေကွယ်။

အတွေးစကို သိမ်းဆည်း၍ ချစ်သူအား မြတ်နိုးယုယစွာချီယူလာကာ ညောင်စောင်းထက်တွင် သိပ်ထားလိုက်ပါသည်။ အိပ်ရေး

နေပုံကလေးကို တစိမ့်စိမ့်ကြည့်နေမိပြန်၏။

ထို့နောက် အဆောင်တံခါးများကို သေချာစွာထပ်မံ စစ်ဆေးလိုက်သည်။ လုံခြုံဘိ၏ မည်သူမျှမဝင်နိုင်။

ကဲ... ချစ်သူရယ်... အိမ်မက်ထဲမှာပဲ ဆုံကြရအောင်ကွယ်။

ကျွန်ုပ်ကိုယ်တိုင် ဆေးခတ်ထားသော သေရည်တကောင်းကို တရှိန်ထိုး မော့သောက်ပစ်လိုက်သည်။

ချစ်သူရေ... ငါလည်းမင်းလိုပဲ တိမ်တိုက်တွေစီးချင်တယ်ကွယ်၊ ချိုမြိန်တဲ့ဝေဒနာကို မင်းလိုပဲခံစားမယ်ကွယ်။

တို့နှစ်ယောက်... ။

အရှူးအမူး... ။

အိပ်မက်ထဲမှာ... ။

♛ ♛ ♛

"မဟာသရေ... မဟာသရေ"

"မဟာသရေ... မဟာသရေ"

ပွဲတင်သံတွေလား ဘယ်ကလာတဲ့အသံတွေလဲ...။ ရီဝေနောက်ကျိနေသော ခေါင်းကို အားယူမော့ကြည့်လိုက်သည်။

"မဟာသရေ... မဟာသရေ"

ဂိုဏ်းထောက် မဟာမတီမာအသံဖြစ်နေ၏။

"အရှင် အရှင်"

ဒီအသံက သုမနအသံဖြစ်သည်။

လေးလံထိုင်းမှိုင်းနေသော အာရုံထဲသို့ အမည်တစ်ခုထိုးဖောက်ဝင်ရောက်လာပြန်သည်။

"အိုပြည့်သင်"

ကျွန်ုပ် ဝုန်းကနဲ အလန့်တကြား ထလိုက်မိ၏။ အမြင်အာရုံတို့ ကြည်လင်သွားပြီ။

"ဟင်. . . "

ညောင်စောင်းထက်၌ အိုပြည့်သင် မရှိပါ။ နံဘေးပတ်လည်မှ လူများကို ကြည့်လိုက်၏။

မဟာမတိမာ။

သုဒ္ဓိ. . . ။

သုမန. . . ။

"ဘာဖြစ်နေတာလဲ မဟာသရေ အိုပြည့်သင်ကော"

မဟာမတိမာ အမေးကို ကျွန်ုပ်မဖြေနိုင်ပါ။ ကျွန်ုပ်မေးချင်နေသည့် မေးခွန်းဖြစ်၏။

"အိုပြည့်သင့်ကို ခေါ်ဆောင်ဖို့ သတို့သားနဲ့ မိဘမောင်ဘွားတွေ ရောက်နေကြပြီ မဟာသရေ"

ကျွန်ုပ်ခေါင်းခါနေမိ၏ ဘာတွေဖြစ်ကုန်ကြပြီနည်း ကျွန်ုပ်၏ ကျောင်းဆောင်အိပ်ခန်းအဝင် တံခါးလည်း ကျိုးပျက်နေလေ၏။

"အရှင်ကို အပြင်ကခေါ်တာမရလို့ တံခါးကို ချိုးဖျက်ပြီးမှဝင်ရပါတယ် အရှင်အထဲကိုရောက်တော့ အရှင်တစ်ပါးတည်းကြမ်းပြင်ထက်မှာ အိပ်စက်နေတာ တွေ့ရပါတယ်။ အိုပြည့်သင် ပျောက်ဆုံးနေပါပြီ အရှင်"

"ဘာ. . . သုမနပြန်ပြောစမ်း"

"အို. . . ပြည့်. . . သင်ပျောက်ဆုံးနေပါပြီ အရှင်"

"မဖြစ်နိုင်ဘူး. . . မဖြစ်နိုင်ဘူး"

ကျိုးပဲ့နေသော အဝင်တံခါးရွက်ကြီးကို ခြေဖြင့်ပြေး၍ကန်ပစ်လိုက်မိသည်။

ဒီတံခါးကြီးက မထွက်ပဲဘယ်လိုလုပ်ပြီး ပျောက်နိုင်မှာလဲ သု
မန . . . "

ကျောင်းဆောင်အနှံ့ အရှုးသဖွယ်ပြေးလွှားရှာဖွေကြည့်မိ၏။

"အိုပြည့်သင် . . . "

"အိုပြည့်သင် . . . မင်းဘယ်မှာလဲဟင် . . . ပုန်းနေသလား
ပုန်းနေရင်လဲထွက်ခဲ့ပါတော့ . . . "

သို့သော် ဘယ်မှာပုန်းရှိဖြစ်မည့်နည်း တစ်စုံတစ်ဦး၏ ပရောဂ
ကြောင့်သာ ပျောက်ဆုံးသွားခြင်း ဖြစ်ပေလိမ့်မည်။ မီးထွက်လုမတတ်
မျက်လုံးများဖြင့် မဟာမတိမာနှင့် သုဒ္ဓိအားကြည့်လိုက်၏။

"အိုပြည့်သင် ဘယ်မှာလဲ . . . "

"သတိထားစမ်း မဟာသရေ အဲဒါဟာငါတို့မေးချင်တဲ့မေးခွန်း
ပဲ . . . "

မဟာမတိမာအား စေ့စေ့ပါအောင် ကြည့်နေမိ၏။ ညက ကျွန်ုပ်
နှင့်အိုပြည့်သင်အား လာကြည့်သူမှာ မဟာမတိမာပင် မဟုတ်လော
နောက်တစ်ယောက်က. သုဒ္ဓိ . . . သူလည်း ဖြစ်နိုင်ခြေရှိ၏။

"ပန်းဦး အပူဇော်လာတဲ့ သတို့သမီးတိုင်း နံနက်လင်းရင်
မိဘ မောင်ဘွားရဲ့ သတို့သားထံပြန်ကြစမြဲဖြစ်တယ် မဟာသရေ ဒီတစ်ခါ
အဖြစ်မျိုးက အရည်းတွေအတွက် ရင်လေးစရာပဲ တာဝန်ရှိသူတစ်
ယောက်အနေနဲ့ ငါဘယ်လိုလုပ် မျက်နှာထားရတော့မလဲ အိုပြည့်သင်
ကိုဝှက်ထားသလား"

ပြဿနာမှာ ကြီးထွားရှိလာပြီဖြစ်သည်။

"သုဒ္ဓိလည်း ဖြစ်ချင်ဖြစ်မယ် အရှင်ကိုယ်တိုင်လဲ ဖြစ်ချင်
ဖြစ်မယ်"

"ဘာ . . . "

မဟာမတိမာ မျက်နှာ ရဲရဲနီသွားသည်။ ကျွန်ုပ်၏လက်ထဲသို့

သုမနက အဲမောင်းကိုလာထည့်ပေး၏။ မဟာမတိမှာ ဒေါသကို သို ဝှက်ပစ်ကြောင်း ကျွန်ုပ်ရိပ်မိ၏။

"ငါ့ကျောင်းတော် နားမည်ပျက်တော့မယ် မဟာသရေ အိုပြည့် သင်ကို ပြန်အပ်နှင်းလေ ဒီညဦးမှာပြန်လွှတ်နိုင်အောင် သင်ကြိုးစားပါ။

"လင်းအားကြီးမှာတော့ မြင်းခွာသံတွေ ကြားရပါတယ်အရှင် သုမန မရဲတရဲဝင်ပြော၏။ ကျွန်ုပ်ဘက်ကိုမှ လှည့်မကြည့်တော့ လက် ခေါက်မှုတ်လိုက်သံကြောင့် ရောက်လာသော သူရဇ္ဇ အပေါ်သို့ ကုန်းနှီး မတင်ပဲ လွှားတက်လိုက်သည်။

"သုဒ္ဓိ၊ သုမန လိုက်စမ်း . . . "

မဟာမတိမာ၏ အသံက ဝေးကွာကျန်ရစ်ခဲ့၏။ သွေးရူးသွေး တန်းဖြင့် သူရဇ္ဇကို စိုင်းနှင်လာပြီးမှ အသိအာရုံမှာ ကြည့်လင်လာသည်။ အိုပြည့်သင်အား ဘယ်ဘက်မှာ ရှာမည်နည်း သုမနက မြင်းခွာသံတွေ ကြားရသည်ဆိုရုံဖြင့် အလျှင်စလို အရူးတစ်ယောက်သဖွယ် လုပ်ဆောင် ခဲ့မိ၏။ အခုလမ်းလေးခွဆုံတွင် စုံရပ်နေမိ၏။ ဘယ်ဘက်မှာ ရှာရအံ့ နည်း။ အရှေ့လား အနောက်လား တောင်လား မြောက်လား ကျယ် ဝန်းလှပါဘိခြင်း . . . ။

ဝေဒနာသည် ထွက်ပေါက်ရှာမတွေ့ဘဲ ရင်ထဲ၌ ကြပ်ခဲပိတ် ဆို့နေချေသည်။

"အိုပြည့်သင် . . . "

ဖွင့်ထုတ် အော်ဟစ်ပစ်လိုက်၏။

အဝေးမှ လှည်းတစ်စီးလျှင်မြန်စွာ မောင်းနှင်လာနေသည်။

"ဟော့ . . . ရပ်စမ်း . . . "

မလှမ်းမကမ်းတွင် ရပ်သွား၏။ ခေါင်းတလား တင်ထားသော အသုဘလှည်းဖြစ်နေသည်။ မျက်နှာကို တဘက်ဖြင့် ကွယ်ကာငိုယို နေသော မိန်းမအိုတစ်ယောက်ကိုလည်း တွေ့ရသည်။

"အချိန်မဟုတ်ပါလား လှည်းသမား"

"မှန်ပါတယ်အရှင် ကူးစက်ရောဂါဖြစ်ပါတယ်"

"ဘယ်သူလဲ"

"အရှင်တို့ ကျောင်းတိုက်နဲ့ မနီးမဝေးက အမွေးတိုင်လုပ်စားတဲ့ အဖွားအိုဖြစ်ပါတယ်။ ဒီမနက်လင်းအားကြီးမှာပဲ . . ."

"တော်... တော်... သွားတော့ ဩော်... ဟိုငိုနေတဲ့ အဖွားကကော ဘယ်သူလဲ"

"အိမ်နီးနားချင်း ဖြစ်ပါတယ်အရှင် အဖွားနှစ်ဦးဟာ ညီအမရင်းသဖွယ် ချစ်ခင်ကြပါတယ်"

"သွားတော့ သွားတော့"

အသုဘလှည်း ဆက်လက်မောင်းနှင်သွားသည်ကို ငေးကြည့်နေခိုက် နောက်နားမှ သက်ပြင်းချသံကို ကြားရ၏။

"သုမန ပါလား"

"ဘာတွေ သက်ပြင်းချနေတာလဲ ဘာရယ်မဟုတ်ပါဘူး အရှင်"

ထို့နောက် သုမနက ကျွန်ုပ်လက်တွင်းသို့ တစ်စုံတစ်ရာကို ထည့်လိုက်သည်။

နဂါးကို ဂဠုန်သုတ်နေသော အရုပ်။ အရုပ်အောက်ခံခုံတွင် မြွေနှစ်ကောင်ကနေဟန် သတ္တဂဏ အမှတ်အသား။

ကျွန်ုပ်တကိုယ်လုံး ကြက်သီးဖုငယ်များထလာသည်။ ဒီအရုပ်ကို ပေးဖို့ပြောပြီး ကျန်တဲ့ ငါးဌာနဆီကို ဆက်လက် ထွက်ခွာသွားပါပြီ"

လက်ထဲမှ အရုပ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိ၏။ ထို့အပြင်ကျွန်ုပ်၏ အသဲနှလုံးအား တာဝန်ကဆုပ်ညှစ်လိုက်ပါလေပြီတည်း။

ယနေ့ညက အရုပ်ကစကား ပြောနေပါသည်။ အိုပြည့်သင်

အား မတွေ့မချင်း လိုက်လံရှာဖွေပါမည့်ကိစ္စကို ကျွန်ုပ်မေ့ပစ်ရပါတော့မည်။ မဟာသရေ၏ ဘဝတွင် တာဝန်သည်သာ ပထမဖြစ်စေရပါမည်။

အိုပြည့်သင်ရယ် ခွင့်လွှတ်ပါဘိ။ ယခုချက်ချင်း မဟာပထဝီမြေကြီးကိုဆွဲပြီး ကောင်းကင်တိမ်တိုက်ကို ထိုးဖောက်ပြီးပျောက်ဆုံးသွားတဲ့ ချစ်သူကို ရှာလိုက်ချင်ပါသည်။

ဒါပေမယ့် ချစ်သူရယ်. . .

မိမိကိုကိုယ် မိမိမပိုင်တဲ့ အရည်းမဟာသရေ

တောပုန်းကြီး မဟာသရေ

ပြီးတော့. . . ။

"ဟား. . . ဟား. . . ဟား. . . "

ဘဝကိုသရော်အော်ပြီး ရယ်မောလိုက်မိ၏။

"သတိထားပါ အရှင် သုဒ္ဓိလာနေပါတယ်"

သုဒ္ဓိ နီးလာသောအခါ ကျွန်ုပ် ပြန်လည်တည်ငြိမ်နေပါပြီ။ သူရဇ္ဇကို နောက်ကြောင်းသို့ပြန်လှည့်လိုက်သည်။

ယမန်နေ့ည. . .

ချစ်သူအလာကို ရင်ခုန်လို့က်မောစွာ စောင့်ကြိုခဲ့ရ၏။

ယနေ့ည. . .

တိုက်ပွဲကို အေးစက်မာကြောစွာ ကျွန်ုပ်စောင့်ကြိုနေပါသည်။

ကြေးမုံရှေ့သို့ ကျွန်ုပ်ရောက်ပြန်ပါသည်။ စိမ်းနက်နေသော မုတ်ဆိတ်မွေးနှင့် ပါးမြိုင်းမွေးများကို ကျွန်ုပ်ကိုယ်တိုင်ရိတ်သင်ပစ်လိုက်သည်။ အဖျိုချောတွေ နှစ်သက်လှသည့် အရည်းမဟာသရေမျက်နှာမှ အဆင်းတန်ဆာများ ကြမ်းခင်းကော်ဇောပေါ်တွင် ကြဲပြန့်ကျန်၏။

"အဟင်း. . . ဟင်း"

ချောပြောင်စိမ်းမြနေသည့် မေးစေ့နှင့် ပါးသွယ်နှစ်ဘက်ကို

ပွတ်စမ်းရင်း မပွင့်တစ်ပွင့် ရယ်မိပြန်၏။ ပြီးမှနံဘေးမှရမ်းကြည့်နေသည့် သုမနအား ခေါင်းကိုကမ်းပေးလိုက်သည်။

ခဏအကြာတွင်သုမနက ကျွန်ုပ်၏ ဆံပင်လေးသစ်တဝါးအား တုန်ရင်စွာ ရိတ်ပယ်လျက်ရှိလေသည်။

"ရဲရဲရိတ်စမ်းပါ သုမန သင်ဘာကြောင့် လက်တုန်နေတာလဲ"

"နမြောလို့ပါ အရှင်"

"ဟား . . . ဟား"

ရယ်မိပြန်၏။ နံ့သာခွက်တွင် နှစ်ထားသော ပုဝါဖြင့် ကျွန်ုပ်၏ဦးခေါင်းကို သုတ်လိမ်းပေးရင်း သုမန မျက်ရည်ကျနေလေသည်။

"ဘာဖြစ်လို့ ငိုနေတာလဲ သုမန"

"သုဒ္ဓိနဲ့ မဟာမတိမာကို နှစ်ဦးစလုံးကို တစ်ပြိုင်နက်ထဲ တွေ့ရင် ရှောင်ထွက်သွားပါအရှင်"

"စိတ်မပူပါနဲ့ သုမနကောင်းသောဆန္ဒရှိသူသာ အောင်နိုင်စမြဲပါ"

"သူတို့နှစ်ဦးပေါင်းတဲ့ အင်အားဟာ ကြောက်စရာကောင်းအောင် ကြီးထွားသွားပါလိမ့်မယ် အရှင်"

"ကောင်းပါပြီ သုမန သင်စိုးရိမ်သလိုမဖြစ်အောင် ကျွန်ုပ်ရှောင်ပါမယ် စိတ်ချမ်းသာပြီလား"

သုမန မျက်ရည်သုတ်၏။

ညကတစ်ဖြည်းဖြည်း အိုမင်းရင့်ရော်လာနေသည်။ ကျွန်ုပ်၏ အမိန့်ကို သုမန အသင့်စောင့်နေသည်။ လေသာဆောင်မှ ထွက်၍ အမှောင်ထဲသို့ မျှော်ကြည့်လိုက်၏။ မိုးစုန်းကြူးမီးများ မြေပြင်မှ လူတစ်ရပ်အကွာတွင် ရွေ့လျားနေလေသည်။

စင်စစ် ပိုးစုန်းကြူးများ မဟုတ်ပါ သတ္တဂဏာများဖြစ်၏။ ကျွန်ုပ်၏လူများ သူတို့က အတွင်းစည်း အပြင်စည်းတွင်မှု ဘုရင်မင်းမြတ်၏

စစ်သည်ရဲမက်များ ရောက်ရှိနေပါသည်။

မဟာပတိ၏ ကျောင်းဆောင်နံဘေးမှ ပိုးစုန်းကြူး မီးတစ်လုံးက အရှေ့ဘက်တံခါးသို့ ရွေ့လျားလာပြီး ပျောက်ကွယ်သွားသည်။

သုမနအား ကျွန်ုပ်ခေါင်းညိတ်ပြလိုက်၏။ ကျွန်ုပ်၏ အဆောင်ရှေ့တွင် ညဦးကတည်းက စိုက်ထူထားခဲ့သောမီးရှူးတိုင်ကြီးကို သုမနက ထွန်းညှိလိုက်သည်။ တစ်ပြိုင်တည်းပင် အရှေ့တံခါးမှလည်းကောင်း အနောက်တံခါးမှ လည်းကောင်း ညာသံပေးပြီးလူအုပ်မည်းကြီး ပြေးဝင်လာတော့၏။

အဲမောင်းကိုစွဲလျှက် ကျွန်ုပ်လည်း ကျောင်းဆောင်လှေကားပေါ်မှ ခုန်ဆင်းလိုက်သည်။ အခြေအနေမှာ ချက်ချင်းရှုပ်ထွေးသွားတော့သည်။

ဓား ဓားခြင်းထိခတ်သံများ ပွတ်ဆွဲသံများ ထိုးခုတ်သံများ

"သတ္တဂဏဟေ့... သတ္တဂဏ"

"အနုရုဒ္ဓါဟေ့... အနုရုဒ္ဓါ"

အသံတွေ ဆူညံနေတော့၏။ အရည်းကိုယ်တော်များ ကိုယ်ရုံမလွှမ်းနိုင်ပဲ သတ္တဂဏများနှင့် ရဲမက်တော်များကို တွန်းလှန်ခုခံနေရ၏။

"ဟင်... သင်"

အဲမောင်းကို ဆွဲကိုင်လျှက် ဘီလူးတစ်ကောင်လို မားမားကြီးရပ်နေသော ကျွန်ုပ်အား ပဟာမတိမှာ အံ့အားတသင့် ကြည့်နေ၏။

"သင် မဟာသရေ"

"ခွင့်လွှတ်ပါ အရှင်"

"ဘာအဓိပ္ပာယ်လည်း ဟိုငရဲကောင်တွေကို မတိုက်ဘူးလား သင့်ဆံပင်တွေဘယ်ရောက်သွားပြီလဲ"

"ခွင့်လွှတ်ပါအရှင် အရည်းမဟာသရေအာဝဟာ ဒီညမှာပဲ ချုပ်ငြိမ်းသွားခဲ့ပါပြီ။ မယုံနိုင်ဟန်ဖြင့် မဟာမတိမှာ ခေတ္တမျှ မှင်တက်မိ

နေ၏။ ထိုးခုတ်တိုက်ခိုက်သံများ ကျွန်ုပ်တို့ပတ်ဝန်းကျင်သို့ ရွေ့လျား လာ၏။

"ထေရဝါဒီဟေ့… ထေရဝါဒီ"

"သတ္တဂဏာ… ဟေ့"

"သတ္တဂဏာ… "

"ဘာတွေလဲ ငါတို့သမထီးဂိုဏ်းကို ဖြိုခွဲဖျက်ဆီးမယ့် သူဟာ သတ္တဂဏာလား အနုရုဒ္ဓါလား မဟာသရေ… "

" သတ္တဂဏာတွေဟာ အနုရုဒ္ဓါဘုရင်မင်းမြတ်ရဲ့ ကိုယ်ပွား တွေဖြစ်ပါတယ် အရှင်… "

"သင်ကကော… "

"သတ္တဂဏာ တပ်မှူးတစ်ယောက်ပါပဲ"

"ဩော်… "

အာမေဋိတ်နှင့်အတူ မဟာမတ်မှာ အလွန်လျင်မြန်စွာ လှုပ်ရှား လိုက်သလို ကျွန်ုပ်ကလည်းတစ်ပြိုင်တည်း လှုပ်ရှားလိုက်သည်။

ထို့နောက် လေထဲမှာ တိုက်ပွဲပြီးမှမြေပြင်ထက်မှာ သူတစ်ပြန် ကိုယ်တစ်ပြန်အပြင်းအထန် အသေအလဲကျားကုတ်ကျားခဲ တိုက်ခိုက် နေရာမှ လူချင်းခေတ္တကွာသွား၏။

"ငါမရိပ်မိတာ နာလေခြင်းကွယ်"

"ခွင့်လွှတ်ပါအရှင် မဟာသရေဟာ တာဝန်ကို ကျေပွန်စွာ ထမ်းရွက်တတ်တဲ့လူစားမို့… "

"ငါ့ကို သတ်စေတဲ့လား သင်တို့ရဲ့ ဘုရင်က… "

"မဟုတ်ပါအရှင် အညံ့ခံလိုက်ပါ။ ပေါက္ကံကိုခေါင်ယူပို့မယ်"

"ပြီးတော့ကော… "

"ပြီးတော့ ထေရဝါဒ ရဟန်းတစ်ပါးအဖြစ် ခံယူပါ"

"ဘယ်တော့မှ မဖြစ်နိုင်တဲ့ကိစ္စပဲ မဟာသရေ… "

"အယူဝါဒ မပြောင်းလဲဘူးဆိုရင် ဆင်ချေးကျုံး မြင်းချေးကျုံး ရတဲ့ အလုပ်မျိုး အရှင်တို့လုပ်ရပါလိမ့်မယ်"

"ကြည့်သေးတာပေါ့လေ ဟဲ... ဟဲ... ငါ့ကိုရအောင်ပဲ တိုက်ချေပါဦး..."

တိုက်ပွဲပြန်စကြသည်။ ဒီတစ်ခါတော့ မဟာမတိမာအား ညှာ မနေနိုင်တော့ပါ။ ဟိမဝန္တာ ဆင်ရိုင်းလို ကြမ်းကြုတ်ခက်ထန်စွာ ဇွေ့ ရမ်း နင်းခြေထိုးဖောက် မွှေနှောက်ပစ်လိုက်၏။

အဲမောင်းကို ကျွန်ုပ်လွှတ်ချပစ်လိုက်၏။

လက်ရည်တူနှစ်ယောက် လက်နက်မဲ့တိုက်ပွဲစပြန်၏။ ရေရှည် ၌ မဟာမတိမာသည် ကျွန်ုပ်လောက် သက်လုံမကောင်းပါ။ အသက် အရွယ်က စကားပြောသည်လည်း ဖြစ်နိုင်ပါသည်။ တစ်ကြိမ်၌ အုတ် လှေကားမှ ကျွန်တော်တို့ လိမ့်ကျသွားခဲ့သည်။

မဟာမတိမာက အပေါ်စီးရသွားသည်။ လဲနေသော ကျွန်ုပ် ဦးခေါင်းထိပ်တွင်ဒူးထောက်ပြီး ကျွန်ုပ်၏လည်ပင်းကို ညှစ်လေတော့ သည်။

ကန္တာရမုန်တိုင်း ဟိမန္တာဆင်ရိုင်း တိုက်ကွက်များဖြင့် ဦးချိုး ခြေမှုန်းခြင်း ခံထားရသော်လည်း မဟာမတိမာသည် ဖုန်းဖုန်းကျ မသွား သေး သန်မြန်ဆဲပင်။

ကျွန်ုပ် မျက်စေ့တွေပြာလာသည်အထိ လည်ပင်းကို ညှစ်နေ နိုင်သေး၏။ ဒေါသမာန်ကြီးနေသူ အပေါ်တွင် တိုက်ကွက်ရိုးရိုးလေး တစ်ခုကို ကျွန်ုပ်အသုံးချလိုက်ရသည်။ မဟာပတိမာ၏ လက်ကောက် ဝတ်နှစ်ဖက်ကို ဆုပ်ကိုင်ပြီး ကျွန်ုပ်၏ ပခုံးအားဖြင့် လျှင်မြန်စွာလိမ့်ထ ကာ တစ်ပြိုင်နက် ဒူးနှစ်လုံးက သင်း၏ ဦးခေါင်းကို ကတ်ကြေးကိုက် ကြက်ခြေခတ် ညှပ်ယူသွားပြီး ခြေနှစ်ဘက်တွင် အားထည့်ဆန့်၍ ရှေ့ ဘက်သို့ စိုက်ဆွဲချလိုက်၏။

''ခွပ်''

မဟာမတိမာ၏ ဦးခေါင်းနှင့်မြေကြီးရိုက်ခတ်မိသွားသည်။

''ဟင်''

လှော်ကားထက်မှ အာမေဋိတ်သံ. . . ''

သုဒ္ဓိပါတကား. . . အဲမောင်းကို ကျွန်ုပ်ကောက်ယူလိုက်သည်။ သုဒ္ဓိလှည့်ပြေး၏။ ကျွန်ုပ်ထပ်ကြပ်မကွာ လိုက်၏။ မြင်းဖောင်းမှ မြင်းများ လွတ်၍ ရှုပ်ထွေးသည့် အခြေအနေထဲသို့ တိုးဝင်ခုန်ပေါက်နေကြ၏။ မြင်းတစ်ကောင်ကို ဖက်ပြီးသုဒ္ဓိခုန်တက်နေသည်။ ကျွန်ုပ် ကျယ်လောင်စွာ လက်ခေါက်မှုတ်လိုက်၏။ ချက်ချင်းပင် ကဆုန်စိုင်း လာသော သူရဇ္ဇ၏ ခွာသံကို ကြားရ၏။ သူရဇ္ဇပေါ်သို့ ကျွန်ုပ် ရောက် သောအခါ သုဒ္ဓိမှာ မြောက်ဘက်တံခါးမှ ထွက်သွားခဲ့ပြီဖြစ်၏။ တံခါး အတိုင်း ကျွန်ုပ်မထွက်တော့ပါ။

''သူရဇ္ဇ''

စူးရှသော အော်သံပြု၍ သူရဇ္ဇအား တံတိုင်းကျော်ခုန်ခိုင်း လိုက်၏။ ပေါ့ပါးသပ်ရပ်စွာ တံတိုင်းတစ်ဖက်သို့ ကျသွားသည်။ သုဒ္ဓိ နောက်သို့ ဆက်လိုက်ခဲ့၏။ လရောင်အောက်တွင် သုဒ္ဓိ၏ ပြေးလမ်းကို ရှင်းလင်းစွာ မြင်နေရသည်။

သမထီးသို့ ဦးတည်သောလမ်း ကျွန်ုပ်အားပါးတရပြုံးလိုက် မိပါသည်။ သမထီး၏ ကံကြမ္မာကို ဘွားခနဲတွေ့လိုက်ရလျှင် သုဒ္ဓိမည် သို့ရှိချေမည်နည်း။ တွေ့စေချင်ပါ၏။ ထို့ကြောင့် အပူတပြင်းမလိုက် တော့ မျက်ခြည်မပြတ်ရုံတမယ်သာ နောက်ကလိုက်ခဲ့၏။ လမ်းကိုစီး၍ သာမန် ခရီးသွားလျှင် လမ်းတွင်တစ်ညအိပ်ရသော သမထီးသို့ သေပြေး ရှင်ပြေး ပြေးရသောအခါ သုဒ္ဓိလင်းအားကြီး၌ ရောက်၍သွားလေသည်။

သမထီးကား ဖရိုဖရဲဖြစ်နေပါချေသည်။ သုဒ္ဓိ၏ငိုင်တွေသွား သောမျက်နှာကို သည်းခံ၍ကျွန်ုပ်စောင့်ကြည့်နေ၏။

"သုဒ္ဓိ . . . အညှံ့ခံပါ၊ သင့်ကို ငါမတိုက်လိုဘူး . . . "

သုဒ္ဓိမနာခံပါ။ အဲမောင်းကို ဇှေ့ယမ်း၍မြင်းကို ဒုန်းစိုင်းစီးလာကာ ကျွန်ုပ်အားမိုက်မိုက်မဲမဲ တရကျုန်းထိုးခုတ်လေတော့သည်။ ကျွန်ုပ်အဲမောင်းကို တစ်ချက်မှမဝင့်။

သုဒ္ဓိအား အသက်နှင့်အတူ လက်ရဖမ်းလို၏။

"ငါဟာ ဘုရင်လေးသည်တော် အကြော်အမော်ငါးဦးထဲက အကျော်အမော်ရဲရုံသင်ဖြစ်တယ် ငါ့ထံမှာ အညှံ့ခံပါသုဒ္ဓိ။

"လေးအကျော်က အဲမောင်းရေးမှာတော်လှပါလား မဟာသရေရဲ့ သင်လေးပြစ်တာလည်း တစ်ချက်မှမမြင်ဘူးပါလား"

"ကျွန်ုပ်လေးပစ်တာ မြင်သွားတာနဲ့ ရဲရုံသင်ဆိုတာ လူတွေရိပ်မိကုန်မှာပေါ့ သုဒ္ဓိဒါကြောင့် အဲမောင်းရေးပြုပြီး လေးအကျော်အမော်ဘဝကိုဖုံးကွယ်ခဲ့ရတယ်။

"တော်ပါပေတယ် မဟာသရေ တော်ပါပေတယ်"

"အညှံ့ခံပါ သုဒ္ဓိ"

သမထီး ကတုတ်ပတ်ဝန်းများပေါ်သို့ မီးမြှားမိုးရွာနေဆဲ ပတ်ဝန်းကျင်လေထုထဲ၌ မီးခိုးနံ့များနံနေ၏။ မီးတောက်မီးလျှံကြားမှ သမထီးကျောင်းတိုက်ကြီးအား သုဒ္ဓိသည်မချိတင်ခဲကြည့်၍ နေလေသည်။

မြင်းသည်ကျော်များ ဝိုင်းပတ်ထားသဖြင့် သုဒ္ဓိမလှုပ်နိုင်။

"ထေရဝါဒဟာ ပေါက္ကံရွှေပြည်နှင့်တကွ ဘုရင်မင်းမြတ် လက်ရုံးအာဏာအောက်မှာရှိတဲ့ မြို့ရွာအနှံ့ ထွန်းလင်းတောက်ပတော့မယ် သုဒ္ဓိ၊ သင်ရဲ့ဝါဒဟောင်းကို စွန့်ပယ်လိုက်စမ်းပါ"

"ထေရဝါဒ . . . ထေရဝါဒ"

အိရှုးတစ်ယောက်ကဲ့သို့ အော်ဟစ်ရေရွတ်ရင်း လဲကျသွားသော၏။

♛ ♛ ♛

"လေးသည်တော်တပ်မှူးကြီး ရဲရဲသင် . . . သမားတော်ကြီး သိဒ္ဓိဗလ . . . ငယ်မည်ရင်း မဟာသရေ . . . "

ကျွန်ုပ်၏ အရှင်သခင်ဘုရင်မင်းမြတ်က ပြည့်စုံစွာခေါ်တော်မူလိုက်သည်။

"သင်ရဲ့ အမှုထမ်းရွက်ခဲ့သည်ကို အားရနှစ်သက်တော်မူဘိသည်။ လိုရာဆုကို ချီးမြှင့်ပေးသနားတော် မူလိုသည်တောင်းလော့"

ဘုရင်မင်းမြတ်က လိုရာဆုတောင်းခွင့်ပေးလာ၏။ ကျွန်ုပ်အမှန်တကယ် ပိုင်ဆိုင်လိုသောဆုမှာ အိုပြည့်သင်အား ရယူပိုင်ဆိုင်ခြင်းသာ။ သို့သော် အိုပြည့်သင် ဘယ်အရပ်ဘယ်ဌာနမှာနည်း။ သက်ရှိထင်ရှား ရှိပါသေး၏လော။ မဟာမတီမာနှင့် သုဒ္ဓိတို့သည် အိုပြည့်သင်ပျောက်ဆုံးမှု၌ တာဝန်ကင်းကြပါမည်လား။

ဘုရင်မင်းမြတ်ကို မည်သို့လျှောက်တင်ရမည် မသိတော့။

"တောင်းဘိ . . . ရဲရုံသင်"

"မှန်လှပါဘုရား တာဝန်မှကင်းလွတ်ခွင့် ခေတ္တပေးတော်မူပါ ဘုရား"

"ဒါဟာ သင်တောင်းတဲ့ဆုတဲ့လား ရဲရုံသင်ငယ် ဟုတ်ပြီလေ တာဝန်မှ ကင်းလွတ်ခွင့်ပေးလိုက်ပါပြီတဲ့ သင်ဘာလုပ်မလဲလျှောက်တင်စမ်းပါဘိ"

ကျွန်ုပ်၏ ဦးခေါင်းကို ငုံ့သွားရ၏။ လျှောက်ရ ခက်လွန်းနေပါပေသည်။

"ဘယ်လိုလဲရဲရုံသင် ဦးပြည်းကတုံးနဲ့ ရဟန်းပြုဖို့များအကြံအစည်ရှိနေပါဝံ့လား ဟား . . . ဟား . . . ဟား . . . သင့်ချစ်သူကိုလိုက်ရှာဖို့ စိတ်မကူးတော့ပါဝံ့"

ဘုရင်မင်းမြတ်က စိတ်လက်ရွှင်ပြစွာဖြင့် ကျီစားတော်မူလိုက်ပါသည်။

"ထေရဝါဒ ရဟန်းတစ်ပါးအဖြစ် ခံယူမယ်ဆိုရင်လဲ တိုင်းနိုင်ငံအရေးတွေးပြီးမှခံယူပါဘိ ပစ္စည်းလေးပါးဒကာမတွေ ဝိုင်းဝိုင်းလည်ဦးမှာပါ။ အရှည်းမဟာသရေ ဘဝတုန်းကလဲ သမထီးသူ အပျိုချောတွေဝိုင်းဝိုင်းလည်ခဲ့တယ် မဟုတ်လား ကဲ . . . သင်ချမ်းသာသလိုနေပါဘိ"

ဘုရင်မင်းမြတ်အား ဦးခိုက်ပြီးရှေ့တော် နန်းရင်ပြင်မှထွက်ခဲ့၏။

ကျွန်ုပ်၏စံအိမ်ရှေ့တွင် ကျွန်ုပ်အား ထွက်မျှော်နေသော သုမနကို တွေ့ရ၏။

သုရဇ္ဇပေါ် ကုန်းနှီးတင်လိုက်ပါသုမန သတ္တရုဇယလေးတော်ကြီးလည်း ပေးစမ်းပါဘိ"

"ဘယ်သွားမှာလဲ အရှင်"

"စည်သာ မြို့ငသေလာ"

"ကျွန်တော်မျိုးလည်း လိုက်ခဲ့ပါရစေ"

"မလိုက်ချင်ပါနဲ့ သုမန ခရီးကဆုံးဦးမယ်မထင်ဘူး"

"ဘယ်တွေ သွားဦးမလို့လဲအရှင်"

"မိုးအဆုံးမြေအဆုံး"

"မလိုက်ပါရရင်လဲ ပေလွှာတစ်စောင်လောက်တော့ ပါးလိုက်ပါရစေ အရှင်"

"ကောင်းပြီသုမန"

ပိုးပဝါဖြင့် သေချာစွာရစ်ပတ်ထားသော တစ်စုံတစ်ခုကိုသုမနက ကျွန်ုပ်လက်တွင်းသို့ ထည့်၏။

"ဟောဒီပေလွှာပါပဲအရှင်"

"ကျွန်ုပ်က ဘယ်သူ့ကိုပေးစေလိုတယ်ဆိုတာလည်း ပြောဦးမှပေါ့ သုမနရယ်"

"အရှင်သွားရင်းလာရင်း တစ်နေရာရာမှာ သူကလေးကို တွေ့ရပါလိမ့်မယ်အရှင် မြစိမ်းရောင်ဝတ်စုံ မြစိမ်းရောင်လည်ဆွဲနဲ့ ပန်းစိမ်းပန်ထားတဲ့ သူကလေးအရှေ့မှာ ဟောဒီပေလွှာကို ပေးပါတော့ အရှင်"

"ကောင်းပြီသုမန"

မျက်ရည်ဝေ့နေသော သုမန၏မျက်လုံးများထဲ၌ ကြည်နူးရိပ်ရောယှက်နေသည်ဟု ထင်မိပါသည်။

"တစ်ခုတော့ ကတိပေးပါအရှင် သူကလေးကို မတွေ့မချင်း ပေလွှာကို ဖွင့်မကြည့်စေလိုပါ အရှင်"

"သူကလေး ဘယ်သူလဲ အိုပြည့်သင်လား မြစိမ်းရောင်ဝတ်စုံနဲ့ ပန်းစိမ်းပန်ထားမယ့် သင့်ရဲ့မိန်းမချောလား"

"မြစိမ်းရောင်ဝတ်ပြီး ပန်းစိမ်းပန်ထားတဲ့ သူကလေးကိုပါ အရှင်"

"ကောင်းပါပြီလေ"

ထို့နောက် သုမနအား ကျွန်ုပ်၏ အိမ်ရှေ့တွင်ထားရစ်၍ သူ့ရဖ္ဖကို စိုင်းနှင်ခဲ့၏။

မဟာပထဝီ မြေကြီးကိုခွဲပြီး . . .

ကောင်းကင်တိမ်တိုက်ပေါ်ပျံတက်ပြီး . . .

"ချစ်သူ"ကို လိုက်လံရှာဖွေမည့် ကျွန်ုပ်လေးသည်ကျော် တပ်မှူး ကြီး ရဲရံသင်။

လမ်းများပေါ်၌ လူအသွားအလာ နည်းပါးနေ၏။ မဟာမတိမာ အရည်း ကျောင်းဆောင်သည်လည်း လူသူကင်းမဲ့နေပါသည်။ အရည်း အားလုံးနီးပါး ဘုရင်မင်းမြတ်၏ ဘုန်းလက်ရုံးအောက်တွင် ဦးကျိုးရောက်ရှိ နေရပြီးအချို့ တဝက်သာထွက်ပြေး လွတ်မြောက်သွားကြ၏။

အရည်းမဟာသရေ အဖြစ်နေခဲ့ဘူးသော ကျောင်းဆောင်ကြီး၏ လှေကားထစ်များပေါ်၌ ကျွန်ုပ်ရောက်ရှိနေ၏။ ကျွန်ုပ်နှစ်သက်ခဲ့သော နေကြာတောသည်လည်း ကျိုးပဲ့ငိုက်ဆင်းကုန်လေပြီ။

တောက်ပသည့် အဝါရောင်ပွင့်ဖတ်များလည်း ရှိမနေတော့ မှိန်လျော့ပျက်ပျယ်နေသည့် အဝါကရိမ်းကပါး ပိပြားကျိုးပဲ့နေသည့် ရိုးတံခက်လက်များ ပွင့်ချပ်နှင့် ရွက်လွှာတို့တွင်လည်း မြရည်ပြယ်လွင့် နေလေပြီ။

အရည်းကျောင်းတော် အဝန်းအဝိုင်းအတွင်းမှ ဉယျာဉ်ကား ဆိုဖွယ်ရာမရှိတော့ ဘာသာအယူဝါဒ တိုက်ပွဲကြားမှမြေစာ။

အိပ်စက်ခဲ့သော ခန်းမကျယ်ကြီးက ကျွန်ုပ်အား တိတ်ဆိတ် စွာ ဆီးကြိုနေသည်။ ပျက်စီးနေသည့် အဝင်တံခါးရွက်များကို ရပ်၍ ငေးမောနေမိသည်။

ချစ်သူရယ် . . .

မင်းပျောက်ဆုံးသွားတဲ့ ညက၊ ဒါမှမဟုတ်နံနက်ကပဲ ပျက်စီး

ဖျက်ဆီးမှု ခံခဲ့ရတဲ့တံခါးရွက်တွေလေ . . . ။ ဒီလိုပဲငါ့နှလုံးသားအိမ်တံခါးလည်း ကျိုးပဲ့ပျက်ခဲ့ရပါပကော . . . ။

မင်းဘယ်မှာလဲဟင် . . . ။

မင်းဘယ်မှာလဲ ချစ်သူရယ် . . . ။

လေးကန်သည့် ခြေလှမ်းများက ကျွန်ုပ်၏ခန္ဓာကိုယ်ကြီးအား အတွင်းဆောင်သို့ သယ်ဆောင်သွားကြပြန်သည်။ အရည်းမဟာသရေဘဝဖြင့် သဏ္ဍာန်လုပ်သရုပ်တူစေခဲ့တဲ့ နေရာ . . . ။

လှည့်မကြည့်ပဲ လစ်လျူရှုထားတဲ့ ခြေကျင်းသံကလေး ထွက်ပေါ်လာခဲ့ပြီး ငါ့လက်ထဲကသေရည်ခွက်ကို လက်ကလေးတစ်ဖက်က လှယူလိုက်တဲ့နေရာ . . . ။

ပျောက်ဆုံးသွားသော အိုပြည့်သင်၏ သတင်းအစအနပင် မရသေး။ ကျွန်ုပ်အမြဲတမ်းလေညှင်းခံရင်း နေကြာတောအားကြည့်မောတတ်ခဲ့သည့် ဝရန်တာလက်ရမ်းများမှာ ယိုင်လဲပြိုကျနေသည်။ အရည်းမဟာသရေဘဝက ပြုမူနေကြမလေ့အတိုင်း ထိုနေရာမှလွှားခန်ခုန်ဆင်းလိုက်၏။

ထို့နောက် သူရူးတစ်ယောက်အလား မဟာမတ်မာ အရည်းကျောင်းဆောင်အတွင်း ခြေရာခြင်းထပ်မျှ လှည့်လည်နေမိပြန်သည်။ ခိုငှက်များ၏ ညည်းညူသံမှတစ်ပါး ပတ်ဝန်းကျင်မှာ ခြောက်ကပ်၍ နေပါ၏။ အရည်းမဟာသရေ ဘဝတွင်ထိုခိုငှက်များအား အမိက နေရာပေးခဲ့ရသည်ပင်။

သတို့သမီးများရောက်လာတိုင်း ခိုငှက်၏ သွေးကိုသာ ကျွန်ုပ် အသုံးပြုခဲ့ရသည်။ သင်းတို့၏အဝတ်များ၌ ခိုသွေးကိုသာ စွန်းထင်စေခဲ့ရ၏။ မင်္ဂလာသတို့သမီးများသည်း အရည်းကိုယ်တော် လူချော လူလှ မဟာသရေအပေါ်၌ မတိမ်းမူးသူဟူ၍မရှိဆေးဖြင့်ရောနှောသော သေရည်သောက်အပြီး ရင်ခုန်နွေးထွေးစွာ အိပ်မောကျသွားစမြဲ။ ထို

အခါသင်းတို့ တိမ်းမူးတွယ်တာသည့် ကျွန်ုပ်အား အိမ်မက်ထဲတွင် တွေ့မည် မလွဲပေ။

ထိုအဖြစ်မှာ မည်သည့်ပယောဂ မည်သည့်မှော်အတတ်မှ မဟုတ် သင်းတို့၏ တောင့်တမှုမှဖြစ်ပေါ်လာသည့် စွဲလမ်းမှုအိပ်မက်သာဖြစ်၏။ သတို့သမီးများ အိမ်မက်လှလှထဲ၌ နစ်မျောအိပ်ပျော်နေစဉ် ကျွန်ုပ်မဟာသရေကား သေရည်တစ်အိုးပြီးတစ်အိုး သောက်ရင်း စိတ်အညစ်ကြီး ညစ်လျှက်ရှိနေတတ်၏။

ခန်းဆောင်အပြင်ဘက် ဝရန်တာအမှောင်ရိပ်၌ တိတ်ဆိတ်စွာထွက်ထိုင်ရင်း လရောင်ဖျော့အောက်မှ နေကြာတောအား စိတ်ပျက်စွာ ငေးမောအချိန်ဖြုန်း နေခဲ့တတ်၏။

မည်သည့် ပန်းဦးကိုမျှ ကျွန်ုပ်မချွေခဲ့ဖူးပါ ပွင့်မြဲပွင့်စေခဲ့ ပါ၏။ ကျွန်ုပ်၏ ဘုရင်မင်းမြတ်က အရည်းမဟာသရေဘဝသို့ တွန်းပို့လိုက်ရာတွင် . . . ပန်းခြွေဖို့မဟုတ်ပါ ပွင့်လန်းစေဖို့ဖြစ်၏။

ပြီးတော့ သောင်းကျန်းလှသော သမထီးဂိုဏ်းကြီးကို ဖြိုခွဲရန်ဖြစ်၏။ ထိုတာဝန်နှစ်ရပ်အားကျွန်ုပ် အောင်မြင်ထူးခြားစွာဆောင်ရွက်ကျေပွန်စေခဲ့ပါသည်။ သမထီးဂိုဏ်း၏ အချက်ချာနေရာများတွင် ကျွန်ုပ်အပါအဝင် 'သတ္တဂဏာ' ခုနှစ်ဦးတို့ အဓိကပါဝင်လှုပ်ရှားခဲ့ပါသည်။ အရည်းကိုယ်တော်တို့၏ အမှုအကျင့်များထဲမှ ပန်းဦးခြွေမလေ့ကို ဘုရင်မင်းမြတ် စက်ဆုပ်ရွံရှာတော်မူခဲ့၏။

ထို့ကြောင့် မဟာသရေဟာ ပန်းများကို လန်းဆန်းစေခဲ့ပါသည်။ ရှည်လျှားစွာမှုတ်ထုတ်လိုက်သော ပင့်သက်လေပူသည် လှုပ်ရှားမှုမဲ့ခြောက်သွေ့နေ၏။ ပတ်ဝန်းကျင်ကိုပို၍ ပူလောင်ခြောက်ကပ်စေပါလိမ့်မည်။

ကျွန်ုပ်ချစ်သူကိုရှာဖွေရာ လမ်းတစ်လျှောက်လုံးတွင် ဦးပြည်းကတုံးဖြင့်ကျွန်ုပ်အား ဝိုင်းဝန်းငေးကြည့်နေသည့် ပရိသတ်မှာ လမ်းဘေး

၌ ဗိုရှ်များပြားလာ၏။

"မဟာသရေ ကိုယ်တော်မဟုတ်လား"

"ဟင်... ဒီကိုယ်တော်ကတော့ ဘုရင်မင်းမြတ် ပြစ်ဒဏ်က လွတ်ကင်းနေပါလား..."

"ဟဲ့ ဟဲ့တိုးတိုးပြောပါ ဒါအရည်းကိုယ်တော်မဟာသရေမဟုတ်ဘူး ပေါက္ကရာမက ဘုရင်မင်းမြတ်ရဲ့တပ်မှူးကြီး ရဲရင့်သင်တဲ့"

"အို... ဝရီးကလဲ တောက်တီးတောက်တဲ့ မဟာသရေ ကိုယ်တော့်မှအစစ်ပါ။ ပါးပြိုင်းမွေးမှတ်ဆိတ်မွေးမပါတာ တစ်ခုပဲ အဲဒါပင်လဲမပါတာ ပါတာပေါ့"

"ဦးပြည်းကတုံးနဲ့လဲ ချောတာပဲနော်"

"ထွက်ပြေးလာတာလား မသိဘူး..."

"ဟဲ့... ဘောက်မဲ့ကြောင့် ထွက်ပြေးရမှာလဲ ဘုရင်မင်းမြတ်က အရည်းကိုယ်တော်တွေကို အနှောင်အတည်းပြုထားတာမှ မဟုတ်တာ လူဝတ်လဲခိုင်းပြီး အလုပ်ကြမ်းတွေသာ လုပ်စေတာ"

"အဲဒါကြောင့် ထွက်ပြေးလာတာလားလို့ပေါ့၊ တစ်ချို့ကိုယ်တော်တွေ လူဝတ်မလဲပဲ ရှမ်းရွာတွေဘက် ထွက်ပြေးကြတယ်ဆိုပဲ ဝရီးရဲ့"

"အိုခတ္တာရေ... မျက်လုံးတွေလည်း ကျွတ်ကျကုန်ပါဦးမယ်အေ..."

လူစုလူဝေးနှင့် စကားသံများမှာ စည်သာမြို့စား၏စံအိမ်တော်ရှေ့သို့တိုင် ကပ်လျှက်ပါလာ၏။

"စည်သာမှာ ဘာပွဲလမ်းတွေရှိသလဲ စည်ကားလှပါလားအမိငယ်"

စံအိမ်အဝင်တွင် တအံ့တသြငေးကြည့်နေသည့် မိန်းမငယ်အားမေးလိုက်ရ၏။

"စည်သာမြို့စားရဲ့သား လက်ထပ်ပွဲကျင်းပမှာမို့ပါ မောင်ကြီး"

ဒိန်းကနဲ ရင်ထဲမှာထုန်လှုပ်သွားရ၏။

လက်ထပ်ပွဲ သတို့သမီးက ဘယ်သူပါနည်း။

"လက်ထပ်ပွဲ ဟုတ်စ. . ."

"မှန်ပါတယ် မောင်ကြီး ပန်းဦးယူဆောင်ရတဲ့ ဓလေ့တွေ ပပျောက်သွားလို့ သတို့သမီးတွေအားလုံး ကံကောင်းကြပါပြီ။ အဲဒီအတွက်တစ်မြို့လုံး ဝမ်းမြောက်ဝမ်းသာ ပွဲလမ်းတွေကျင်းပဖို့ စိုင်းပြင်းနေကြတာပါ"

"နားကြားများ လွဲလေသလား အမိငယ် စည်သာဟာသမထီး လက်အောက်ခံမဟုတ်လား။ အရည်းလက်အောက်ခံတိုင်း အရည်းတွေရဲ့ ထုံးတမ်းစဉ်လာတွေကို နှစ်ခြိုက်လက်ခံ အသုံးပြုကြတယ်မဟုတ်လား"

"အဲဒီထဲမှာတော့ စည်သာမြို့စားနဲ့ စည်သာမြို့ကတော့ လုံးဝမပါခဲ့ပါဘူးအရှင်"

မိန်းမငယ်က ဖြေခြင်းမဟုတ်ပါ စံအိမ်ပေါ်မှ အပြေးတစ်ပိုင်း ဆင်းလာနေသော စည်သာမြို့စားက ကျွန်ုပ်မြင်းရှေ့တွင် ဒူးထောက်ရင်း ဖြေကြားလိုက်ခြင်းဖြစ်၏။

"ဘယ်နယ်မြို့စား ပြစ်ဒဏ်နဲ့ အရည်းလူထွက်တစ်ယောက်ကို သင့်ရဲ့အမှုအရာက လိုက်လှဲပျူငှာလှပါကလား"

"မကျီစားပါနဲ့အရှင် အရည်းကိုယ်တော် မဟာသရေဟာ ဘုရင်မင်းမြတ်ရဲ့ လေးသည်အကျော်တပ်မှူးကြီး ရဲရံသင်ဖြစ်ကြောင်း နေရာအနှံ့ ပေါ်ကျံပြည်မှာ ဟိုးဟိုးကျော်နေပြီပဲ အရှင်. . . ကျွန်တော်မျိုးတို့အပေါ်မှာ အရှင်ရဲ့ကျေးဇူးကြီးပါဘိတယ်၊ အရှင်ဟာအရည်းကိုယ်တော်တစ်ပါးဖြစ်ရင်တောင် စည်သာတစ်မြို့လုံးက လှိုက်လှဲပျူငှာ ရှိနေပါလိမ့်မယ်အရှင်"

"ငမြင်သင်ရဲ့ သတို့သမီးဟာ မဟာမတိမာ ကျောင်းတော်က နေပျောက်ဆုံးသွားခဲ့ပြီ မဟုတ်လား"

"မှန်ပါတယ်အရှင် အဲရှင့်ထံလာတဲ့ညကပဲ အိုပြည့်သင်ဟာ ပျောက်ဆုံးသွားခဲ့ပါတယ်"

"ဩော်ငမြင်သင်ကကော"

"ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါအရှင်၊ သားကြီးငမြင်သင်က ထေရဝါဒ ရဟန်းတစ်ပါးအဖြစ် ရှင်အရဟံမထေရ်ထံမှာ ခံယူသွားပါပြီ အရှင်"

"ဩော်. . . ကောင်းလေစွ ကောင်းလေစွ ဝမ်းမြောက်ဖွယ် ကောင်းပါတိတော့"

လှိုက်လှဲကြည်နူးစွာ သာဓုခေါ်လိုက်မိ၏။

"အခု ဘယ်ကို ကြွမလို့ပါလဲအရှင်"

"ရောက်တတ်ရာရာ နေရာအနှံ့ပဲဆိုပါတော့မြို့စား"

နားလည်သည့် အကြည့်ဖြင့် မြို့စားကကြည့်နေလေ၏။

ထို့နောက် စံအိမ်အတွင်းသို့နားနေရန် ဖိတ်ကြားနေသည့် မြို့စားအား သင့်တော်သလိုဖြေကြား၍ ကျွန်ုပ်ယွန်းကလေးသို့ ခရီးဆက်ခဲ့၏။

ယွန်းကလေးဟာ ကျွန်ုပ်ဘဝ၏ မှတ်တိုင်တစ်ခုဖြစ်၏။

နဂါးပူဇော်ပွဲ။

နဂပူဇာအကနှင့် လိင်ပူဇာအကများ။ ပန်းကုံးများ ကိုယ်လုံးပြည့်စွတ်ထားသည့် အိုပြည့်သင်။ မီးတုတ်များဝိုင်းပတ်စိုက်ထားသည့် ပွဲခင်း။

ချစ်သူ၏ ပါးပြင်နုနုကို ပေါက်ကွဲလွင့်စင်သော ဒေါသဖြင့် ကြမ်းကြုပ်စွာ ရိုက်ပြစ်ခဲ့မိ၏။

ဒေါသနှင့် ဝန်တိုမှုပေါင်းစပ်မိသွားရသည့် နက်ရှိုင်းစွာတွယ်

ညိုနေပြီဖြစ်သည့်အချစ်။

နဂါးပူဇော်ပွဲ ကျင်းပခဲ့ရာ ကွက်လပ်ကျယ်ကြီးအား ချပ်တန်၍ တမ်းတဆို့နစ်စွာ ကြည့်နေမိပြန်၏။ ကွက်လပ်ကြီးတစ်ခုလုံးကို ပါးမျဉ်းဖြင့်မိုးထားခဲ့သော နဂါးရုပ်ကြီးမရှိတော့။ ယွန်းကလေးသည်လည်း ပေါက်ကွဲရာမနှင့် အတူထေရဂါဒ ပျံ့နှံ့နေပြီဖြစ်သည်။

ရှည်လျားသည့် ပင့်သက်မဆုံးမီယွန်းကလေးကို ကျွန်ုပ်ကျော်နိုင်း၍ မြိုင်သေလာသို့ထွက်လာခဲ့၏။

မြိုင်သေလာနှင့် မြိုင်နဒီသည် ကျွန်ုပ်အားပြောင်းလဲမှုမရှိ ဆီးကြိုနေပါသည်။

ချစ်သူအား လိုက်လံရှာဖွေနေသော ရက်များရင့်ညောင်းလာသဖြင့် ဦးပြည်းနှင့် ပါးပြိုင်းမွေး မုတ်ဆိတ်မွေးများလည်း စိမ်းဖန့်ရှည်လျားစိမ်းဖန့်လာ၏။ ကြည်လင်သော မြိုင်နဒီကြေးမုံထက်၌ ကျွန်ုပ်၏ပုံရိပ်အား ထင်ရှားစွာမြင်နေရ၏။

မြမြက်ခင်းပေါ် ပက်လက်လှဲရင်း အိုပြည့်သင်အလုံမလေး လျှောဆင်းလာသည့် တောင်စောင်းပေါ်သို့ မျှော်လင့်ခြင်းကြီးစွာ မော့ကြည့်နေမိ၏။

ချစ်သူရယ် . . . ။

အဲဒီတောင်စောင်းပေါ်က နောက်တစ်ကြိမ်လိမ့်ဆင်း ကျလာခဲ့ပါဦးလားကွယ်။ ဟောဒီလို မလွှတ်တမ်းပွေ့ဖက်ထားလိုက်မယ်လေ။

ဆန့်တန်းလိုက်သော လက်မောင်းများမှာ လေကို သာပွေ့ပိုက်မိလိုက်၏။ မြက်ခင်းထက်မှ နွမ်းလျစွာထလိုက်စဉ် ချိုတိုးသံကြားလိုက်ရသည်ထင်ပါသည်။ အသံကြားရာသို့ လေ၏လျှင်မြန်ခြင်းဖြင့် ပြေးလာ၏။

"ရွှတ် . . . ရွှတ် . . . ရွှတ် . . . "

မြွားသုံးစင်းကျွန်ုပ် ကျောကပ်မှီထားသည့် သစ်ပင်ကြီးတွင်

လာစိုက်၏။ မြွားတံများထွက်ပေါ်လာရာသို့ မှန်တိုင်းတစ်ခုလို ထပ်ကြပ်လိုက်ပါသွားရာ လွှားကနဲနွယ်ကြိုးခို၍ ချောက်ကမ်းပါးတစ်ဖက်ကူးသွားသည့် နက်ပြာရောင်ကိုယ်ရုံနှင့် ဆံပင်လေးဘက်တစ်ဝါးကို ထင်းကနဲတွေ့လိုက်ရသည်။

အရည်း တစ်ယောက်ပင်ဖြစ်၏။ သမထီးအကြွင်းအကျန်တို့ဖြစ်ဟန်တူ၏။ ထွက်ပြေးလွတ်မြောက်ပြီး မြိုင်သေလာတွင်လာရောက်ခိုအောင်းနေသလော...

ဖြစ်နိုင်ချေရှိပါ၏။

လှုပ်ယိမ်းလွဲယမ်းကျန်ရစ်ခဲ့သည့် နွယ်ကြိုးကိုပင် ရဲတင်းစွာဆွဲယူခိုစီးပြီး ချောက်တစ်ဖက်သို့ ကျွန်ုပ်ထပ်ကြပ်လိုက်ပြန်၏။

သင်းကိုဘွားကနဲ တွေ့ရသော်လည်း ဝေးနေ၏။ မည်သူဖြစ်နိုင်အံ့နည်း သမထီးအရည်းသုံးကျိပ်နှင့် တပည့်ခြောက်ယောက်ထဲမှ တစ်ယောက်လော..

"ဝှစ်... ဝှစ်"

တိမ်းရှောင်ပေးလိုက်သဖြင့် လည်မျိုပစ်မှတ်သို့ ပြေးဝင်လာနေသော လခြမ်းပုံ'ဇယ်'နှစ်ခုကျွန်ုပ်နံဘေးမှသစ်ရွက်များကို ထိုးဖောက်ဖြတ်တောက်သွားသည်။

ပစ်ပြီးပြေးသွားပြန်သည် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်၍ မယှဉ်သာ တောပုန်းကြီးမဟာသရေ ဘဝကနေခဲ့သော ကျောက်ဂူကြီး အနီးသို့ရောက်လာသည်။ သင်းပျောက်သွား၏။ ဂူလည်းပွင့်နေလေသည်။ ကျွန်ုပ်ပိတ်ဆို့ထားခဲ့သော ကျောက်တုံးကြီးနံဘေးသို့ ရွှေ့လျားနေ၏။ ထိုအနေအထားကို ကျွန်ုပ်မနှစ်မြို့ပါ။

တောပုန်းကြီး မဟာသရေ၏အိမ်လည်းဖြစ်၍ အရည်းမဟာသရေနှင့် အိုပြည့်သင်တို့၏ ချစ်မဏ္ဍိုင်စိုက်ရာလည်းဖြစ်သောဂူ ထို့ကြောင့် မည်သူတစ်စုံတစ်ဦးမျှ လာရောက်ခိုအောင်းနေထိုင်ရန် ခွင့်မပြု

နိုင်ပါ။ ဂူတွင်းအနေအထားမှာလည်း ပြောင်းလဲမှုများစွာဖြစ်နေလေပြီ။

ပြည့်စုံသော အိပ်ရာခင်းများနှင့် စားအိုးစားခွက်များ ရောက်ရှိနေသည်။

''ဂျိန်း''

ဂူဝမှကျောက်တုံးကြီး ပိတ်သွားသံကြားရ၏။ ဤသို့လုပ်ကရရိုးလား တစ်ဖက်တွင် ထွက်ပေါက်တစ်ပေါက်ရှိသေး၏။

ကျောက်ဆူးချွန်များနှင့် ပြည့်လျှက်ရှိသော ဟိုတစ်ဖက်ဂူပေါက်လမ်းမှာ ရှည်လျားသည်။ အပြင်ရောက်သောအခါ မြင်းခွာသံများကြားရသည်။ သင်းပြေးပြန်ပြီဖြစ်၏။ ကျွန်ုပ်လက်ခေါက်မှုတ်လိုက်သည်။

စူးရှကျယ်လောင်သော လက်ခေါက်မှုတ်သံအဆုံး၌ သူရဇ္ဇ၏တုန့်ပြန်ဟီလိုက်သော အသံကိုကြားရသည်။ တစ်ဖက်ချောက်ကမ်းပါးထိပ်သို့ သူရဇ္ဇရောက်လာ၏။

''ခုန်လိုက်... သူရဇ္ဇ... ခုန်လိုက်''

ကျွန်ုပ်ငယ်ကြိုးဖြင့် လွှဲကူးခဲ့ရသော ချောက်ကမ်းပါးကို သူရဇ္ဇတစ်လွှားတည်းဖြင့် ခုန်ခဲ့၏။ ထိုအခိုက်မှာပင် သဘာဝမကျသော အသံတစ်သံကထွက်ပေါ်လာခဲ့သည်။

ကျောက်စရစ်နှင့် ရထားဘီးတို့၏ ပွတ်တိုက်သံ ပြီးတော့မြင်းခွာသံများ...

မြေပြင်ကို နားနှင့် ကပ်ကြည့်လိုက်မှ ကျွန်ုပ်အဖြေရှာကို သိရ၏။ မြင်းလေးကောင်က ရထားတစ်စင်း မြိုင်သေလာမှ ထွက်ခွာနေ၏။ အရည်းယောင် သတ္တဝါကို ကျွန်ုပ်စိတ်မဝင်စားနိုင်တော့ သမရိုးကျမဟုတ်သော ရထားဘီးသံနောက်သို့ ဖြတ်လိုက်ခဲ့၏။

တွေ့ပါလေပြီ...

မြင်းဖြူကြီးလေးကောင်က ရထားတစ်စီး။

မောင်းနှင်လာသူက...

"အိုပြည့်သင်"

သည်းလျှိုက် အူလှိုက်ခေါ်လိုက်သဖြင့် ကျွန်ုပ်၏ အသံမှာ အလွန်အမင်းကျယ်လောင်သွားရ၏။ သို့သော်...

ပေါက်ကွဲရွှေပြည် မင်းပိုင်းစိုးပိုင်း အထက်လွှာမိန်းမပျိုများ၏ ဆင်ယင်ထုံးဖွဲ့မှုဖြင့် ရည်မွန်လှပသော မိန်းမချောက လှည့်၍ပင် မကြည့်ခဲ့ပါချေ။ ရင်ထဲတွင် ထိခိုက်နာကျင်သွားရ၏။

"အိုပြည့်သင်"

ထပ်မံခေါ်ကြည့်လိုက်ပြန်သည်။ မထူးခြားပါ၊ မြင်းရထားသာ ကျွမ်းကျင်နိုင်နင်းစွာ မောင်းနှင်နေပါသည်။

"ဘယ်လိုလဲချစ်သူရယ် အမောင့်ကိုများ စကားမပြောချင်တော့အောင် မုန်းနေပြီလား..."

"အဲဒီညက မင်းငါ့ထံကထွက်ပြေးတာလား ပျောက်ဆုံးသွားတာလားကွယ်..."

"တာဝန်ကို ဦးထိပ်ရွက်ထားရမယ့်သူမို့ အချစ်နောက်ကို ချက်ချင်းလိုက်မရှာနိုင်ခဲ့ဘူး အဲဒါကြောင့် စကားမပြောတာလားဟင်... ကျေပါတော့ ချစ်သူရယ် တောင်းပန်ပါ၏"

"အမောင့်ကို စိတ်ကောက်နေတာလားဟင် ဘယ်လိုချော့မှ ကျေမှာလဲချစ်သူ... ပြောပါဘိ..."

"မင်း... ဘယ်မှာသွားပုန်းနေတာလဲဟင်... အိုပြည့်သင် ငါကတော့ သူရူးတစ်ယောက်လို လှည့်ပတ်ပြီးမင်းကို ရှာဖွေခဲ့တာ ရက်တွေ ညောင်းလှပါပြီလေ၊ အခုဘယ်ကလာပြီး ဘယ်ကိုသွားမလို့လဲ..."

ကျွန်ုပ်တစ်ယောက်တည်းသာ အမေးအဖြေလှုပ်နေရပြီး မိန်းမချောက စောင်းငဲ့၍ပင် ကြည့်ဖော်မရ ခက်ပါဘိတော့၊ လူများမှားနေအံ့လော။ ဘေးတိုက်မြင်နေရသည့် အလှမျက်နှာလေးကို တစိမ့်

စိမ့်ကြည့်ရင်းလိုက်လာရ၏။

အိုပြည့်သင်မှ အိုပြည့်သင်ဖြစ်၏။ မည်သည့်နည်းနှင့်မှ မမှား နိုင်ပါ။ ဘောက်မဲ့ကြောင့် ကျွန်ုပ်အား စကားမပြောဘိသနည်း။

အိုပြည့်သင် တစ္ဆေလော...

"အိုပြည့်သင်..."

စိတ်လွတ်လက်လွတ်ကြီးအော်ခေါ်ရင်း ရထားပေါ်သို့ ဖြုန်းကနဲ ခုန်ကူးလိုက်မိသည်။

"မင်း... မင်း... တစ္ဆေလားဟင်..."

"အို..."

"သူမ၏ လက်မောင်းလေး နှစ်ဖက်ကို ဖမ်းဆုပ်ကိုင်လှုပ်သော အခါ အသံထွက်လာသည်။ တစ္ဆေမဟုတ်ပါ ကျွန်ုပ်လက်ဖဝါးကြားမှ သူမလက်မောင်းသားကလေးများ အိထွေးနူညက်နေ၏။

"မင်းလူအစစ်ပါလား... တစ္ဆေမဟုတ်ဘူးသေချာသွားပြီ" အပြုံးရေးရေး ချမနုတ်ခမ်းကွေးကလေး၌ ရိပ်ကနဲပေါ်လာပြီးချက်ချင်း ပျောက်ကွယ်သွားသည်။

"မင်း... ပြုံးလည်း ပြုံးတတ်သားပဲ။ ဘာကြောင့်လှည့်စား ချင်ရတာလဲ အိုပြည့်သင်"

"လူမှားနေပါဘိ မောင်ကြီး..."

မည်သို့မှ မထင်မှတ်ထားသည့် တုန့်ပြန်စကား–

"အသံနှလုံးကိုတော့ ညာလို့မရပါဘူး အိုပြည့်သင်"

"လူမှားနေပါဘိတော့..."

သူမကို စေ့စေ့ပါအောင် စူးစိုက်ကြည့်နေမိ၏။ အိုပြည့်သင်နှင့် မတူတာ ဘာရှိသနည်း။ ဘာမှမရှိ ဘာမှမတွေ့။

အိုပြည့်သင်နှင့် ချွတ်စွပ်ထားသလို တူလှ၏။ ရင်ထဲတွင်ကြိတ် မနိုင်ခဲမရ။

"အတို့ကျွန်လည်း အတို့ကျွန်သွားပါရစေ"

"ဩော် . . . ဩော် . . . ဟုတ်ပေသားပဲ အမိငယ်က ဘယ်ကိုသွားမလို့လဲ"

"သက်ဆိုင်သူ ထံကိုပါ မောင်ကြီး . . . "

သက်ဆိုင်သူ ဆိုပါလား နားဝတွင်မိုးကျသလိုအလား

ယွန်းတိုင်ကျွန်ုပ်အား တစ်ချက်ကလေးပင် မော့မကြည့်သော မိန်းမချောလေး၏ လဝန်းမျက်နှာကလေးကို ရီဝေနွမ်းလျှစွာ နှုတ်ဆက်ကြည့် ကြည့်လိုက်မိ၏။

နှလုံးသည်းပွတ်ကိုတော့ ညာလို့မရပါဘူး အမိငယ်။

မြင်းရထားဘီးသံ ဝေးကွာသွားသည့် အသိစိတ်ကို တင်း၍ ကျွန်ုပ်ရပ်ကြည့်နေမိ၏။ နှလုံးသည်းပွက်တို့အား ရထားဘီးများဖြင့် ပွတ်ကြိတ်နင်းခြေသွားသည်သို့ ဆောက်တည်ရာမဲ့ ကျွန်ုပ်ကျန်ရစ်ခဲ့သည်။

ကြာကြာ တင်းထား၍လည်းမရပါ။

မြင်းရထားနောက်သို့ သူရဇ္ဇနှင့် လိုက်လာမိပြန်၏။ ရထားသည်ပေါက္ကံရာမသို့ ဦးတည်ပြေးနေလေသည်။ ပေါက္ကံရာမသို့ ရောက်လျှင် ကျယ်ဝန်းခမ်းနားလှပသော ဥယျာဉ်ကြီးတစ်ခုအတွင်းသို့ မောင်းနှင်ဝင်ရောက်သွားလေသည်။

ပဟေဠိဝှက်ထားသော မိန်းမချောအား ကျွန်ုပ်မျက်စေ့အောက်မှ အပျောက်မခံတော့။

ဥယျာဉ်တွင်းသို့ ကျွန်ုပ်ရဲတင်းစွာဝင်လိုက်ခဲ့၏။ ပေါက္ကံရွှေပြည်နှင့် ကင်းကွာနေသည်မှာလည်းကြာပြီ တောပုန်းကြီးမဟာသရေ ဘဝနှင့်မြိုင်သေလာတွင် သုံးနှစ် အရည်းမဟာသရေဘဝဖြင့်တစ်နှစ် ထို့ကြောင့်ပင် ဥယျာဉ်ကို မည်သူပိုင်ဆိုင်သည်ကို ကျွန်ုပ်မသိပေမယ့် အကြောင်းမဟုတ်ပါ။

အဝိက အကြောင်းရင်းက အိုပြည့်သင်မဟုတ်ပါဆိုသည့် မိန်းမချော။

ဥယျာဉ်ဖြတ်လမ်းမှာ ရှည်လျားကွေ့ဝိုက်သော ကျောက်စရစ်လမ်းဖြစ်သည်။ ရထားနှင့် ယှဉ်၍ ဖြောင်ကျကျပင်ကျွန်ုပ် လိုက်ခဲ့၏။ ကန့်ကွက်ဟန့်တားမည့်သူ တစ်ယောက်မှ ပေါ်မလာ။

ခမ်းနားထည်ဝါသော အိမ်ကြီးတစ်ခုရှေ့တွင် ရထားဆိုက်၏။

"အိုပြည့်သင်"

ခေါ်မိပြန်ပါသည် ထိုအခါမိန်းမချောက တုန့်ပြန်ကြည့်လာလေသည်။ သို့သော်အကြည့်ထဲတွင် မည်သည့်ခံစားမှုမှ ရှာမတွေ့ပါ။ သိကျွမ်းခဲ့သည့် အရိပ်အရောင်ကလေးပင်မရှိ။

ပီတိ အကြည့်စိမ်း

ကျွန်ုပ်ကိုယ်တိုင် ဇဝေဇဝါ ဝေ့ဝေ့ဝါးဝါး ဖြစ်လာရ၏။

သူရဖွဲ့ပေါ်မှ ခုန်အဆင်း မြင်းရထားထက်မှဆင်းသက်နေသည့် မိန်မလှ၏ ထမီအောက်နားစ ကလေးအား ကျွန်ုပ်၏ ခြေနင်းဖြင့် နင်းမိလိုက်သည်။

လျှပ်ပြက်သလို ပေါ်လာသည့် ခြေဖမိုးနှင့် ခြေသလုံးဝင်းဝင်းကလေးကို နီးကပ်စွာ ငုံ့ကြည့်၍ ကျွန်ုပ်ပြုံးလိုက်မိ၏။

"ခွင့်လွှတ်ပါဘိ"

တောင်းပန်ရင်း သူမထမီအောက်နားစ ပေါ်ထင်သွားသော မြေမှုန့်များကို ခါထုတ်ပေးလိုက်သည်။

"အို... အို... မလုပ်ပါနှင့် ငရဲတွေကြီးကုန်ပါဦးမယ်"

"ငရဲတဲ့လား ဟား... ဟား... ဒီမှာအမိငယ် ငါ့ချစ်သူမြွေခဲတုန်းက အဆိပ်တွေကို ငါ့ပါးစပ်နဲ့စုပ်ထုတ်ခဲ့ရဘူးတယ် ဟောဒီခြေဖမိုးမှာပေါ့ အဲဒါငရဲကြီးအုံးမှာတဲ့လား ပြောစမ်းပါဦး အမိငယ် ဟား... ဟား..."

ဆို့နှစ်သည့်ရယ်သံကို သတိပြုမိသွားလေသလား မသိ၊ ငုံ့ထား သည့်သူမ၏ ခေါင်းကလေးများ ဆတ်ကနဲမော့လာ၏။ အကြည့်က ကျွန်ုပ်မျက်နှာပေါ်မှာ ပြီးတော့ချက်ချင်းပင် မျက်နှာလွှဲသွား၏။

သူမ၏ဝင်းမွတ်ပြည့်ဖြိုးသည့် ခြေဖမိုးလေးကို ကျွန်ုပ်မချင့်မရဲ ငုံ့ကြည့်မိပြန်သည်။

"မင်းကလေးဟာ အိုပြည့်သင်အစစ်ပါကွယ် ဘာဖြစ်လို့ ငါ့ကို စိမ်းစိမ်းကားကားကြီး ငြင်းဆန်နေရတာလဲ ချစ်သူရယ်"

"ဟင့်အင်း . . . မဟုတ်ပါဘိ"

ခါးခါးသည်းသည်း ငြင်းဆန်ခဲ့ပြီးနောက် အတွင်းဆောင်သို့ မိန်းမချောပြေးဝင်သွား၏။ ကျွန်ုပ်၏ ခြေလှမ်းများကို လူထွားကြီး တစ်ယောက်က တားဆီးလိုက်သည်။

"သင်တို့က ဘာတွေလဲ"

အဖြေမရပါ အပေါက်ဝသို့လက်ညိုး ညွှန်ပြနေကြသော်လည်း အမူအရာများ ရိုင်းပြခြင်းမရှိ။

"အခုဝင်သွားတာ အိုပြည့်သင် မဟုတ်လား"

ဖြေသံထွက်မလာပါ ဦးခေါင်းညွှတ်၍ ကျွန်ုပ်အား အရိုအသေ ပေးလျှက်က အပြင်သို့ထွက်ရန်သာ လက်ညိုးညွှန်ပြနေလေသည်။

"ဒါဘယ်သူ့ စံအိမ်လဲ"

အဖြေအစား လူထွားကြီးနှစ်ဦးက ကျွန်ုပ်၏ လက်မောင်းများ ကို ညင်သာစွာဆွဲယူ၍ အပေါက်ဝဆီသို့ ခေါ်ဆောင်လာခဲ့ကြ၏။

"ကောင်းပါဘိ"

အရက်ဒေါသနှင့် ဆို့နှစ်သော ခံစားချက်များကို သယ်ဆောင် ၍ ဥယျာဉ်တွင်းသို့ ကျွန်ုပ်ပြန်လည်ရောက်ရှိလာခဲ့သည်။ ဥယျာဉ်ဝမှ ထွက်မိသည်နှင့် တံခါးလုံးဝပိတ်သွားတော့၏။

မဟာသရေပေပဲ အလျော့ပေးရတော့မှာလား သင်းတို့က

တံခါးပိတ်သောအခါ သူရဇ္ဇနှင့်ခုန်ဝင်ခဲ့ပြန်၏။ ဥယျာဉ်တွင်းသို့ ကျွန်ုပ်ပြန်လည်ရောက်ရှိလာသည်။

မြင်ခဲ့ဘူးသမျှ ဥယျာဉ်တွေထဲတွင် ယခုဥယျာဉ်မှာ အလှပဆုံးဖြစ်၏။ မမြင်ဖူးသည့်ပန်းတွေကလည်း အဆုပ်လိုက် အခဲလိုက်။

ကျောက်မိချောင်း၊ ကျောက်ဆင်၊ ကျောက်မကန်း၊ ကျောက်ငှက်ရုပ်များကလည်း သူ့နေရာနှင့်သူ သဘာဝကျစွာရှိနေပါသည်။

လည်ချင်ယှက်နေသည့် ဟင်္သာမောင်နှံ ရုပ်ရှေ့တွင် ကျွန်ုပ်အတော်ကြာကြာ ရပ်ကြည့်နေမိ၏။

ချစ်သူနှင့်အတူ ရွှေလက်တွဲ၍ ချစ်ပွဲဝင်စမ်းချင်ပါဘိ၏။ သဘာဝကန်ကြီးနှင့် တူအောင်ပြုပြင်ဖန်တီးမှုမှာ အသက်ဝင်လှ၏။

ဟင်္သာဖို၏ လည်ပင်းအောက်တွင် ကန္တဲ့ကလျဖြင့် လည်တိုင်ကလေးကပ်ကာ မော့နေသော ဟင်္သာမနေရာ၌ အိုပြည့်သင်ကို မြင်ယောင်မိ၏။

ဩော် . . . ဟိုမှာ အောက်ချင်းငှက်မောင်နှံပါလား ရေထဲရှိကျောက်တုံးပေါ်၌ အောက်ချင်းငှက်မောင်နှံ ရုပ်ထု၊ အောက်ချင်းငှက်ဖိုက ကြင်ယာငှက်မကို အစာခွံ့နေသည့်ဟန် ။

အသက်ဝင် ပီပြင်လွန်းလှပေသည်။

သူရဇ္ဇ ဇက်ကြိုးကို ဆွဲ၍ ကန်ဘေးလမ်းတစ်လျှောက် ကျွန်ုပ်လျှောက်လာ၏။

ကိန္နရီမောင်နှံ ကိန္နရီမကလေးက ရေစပ်ကျောက်တုံးကြီးပေါ်မှာ . . . ကိန္နရီဖိုက ရေထဲမှ ကျောက်တုံးတစ်တုံးပေါ်မှာ။

အလယ်တွင် ရေပြင်ခြားနေ၏။

ကိန္နရီမောင်နှံ အငိုမျက်နှာများဖြင့် တစ်ဦးရှိရာတစ်ဦး လက်ကမ်းနေကြသည့် အသွင်။

လက်ရာမြောက်လှသဖြင့် မြင်ရသူတိုင်း ကိန္နရီမောင်နှံနှင့်အတူ

မျှဝေခံစားမိကြသည်ဖြစ်၏။

မှောင်ရိပ်များ စိုးမိုးလာသည်အထိ ကျွန်ုပ်ကား ကိန္နရီမောင်နှံ ရုပ်ထုအနီးတွင်ထိုင်နေဆဲ၊ ပဟေဠိ၏ အဖြေကို မသိရသေးသမျှ၌ နေရာမှ ကျွန်ုပ်မထ . . .

ကျွန်ုပ်မထတော့ မျက်စိမှိတ်၍ ငြိမ်သက်တိတ်ဆိတ်စွာ ထိုင် နေလိုက်၏။

နေ့ညဟူ၍မရှိ မျက်စိကို လုံးဝမဖွင့်။

နေခြည်ထိုးလျှင်နေ့။

အေးစက်သောလေနှင့် လရောင်ထိတွေ့လျှင် ညဟုအမှတ် သညာပြု၏။

လရောင်ထိတွေ့သော တစ်ည။

ရနံ့သင်းကလေး ကျိတ်၍ ငိုရှိုက်သံ။

ကျွန်ုပ်မျက်နှာပေါ်သို့ ကြွေကျလာသော အနမ်းတစ်ပွင့် ကျွန်ုပ် မျက်စိမဖွင့် . . .

ခြေသံများနှင့် လှုပ်ရှားရွေ့လျားသံများ။

အမှောင်မျက်ဝန်းထဲသို့ ဖြတ်ဝင်လာတတ်သည့် အလင်းတန်း များ။

ခေတ္တငြိမ်သက်သွား၏။

နောက် . . .

စည်းချက်ညီညီတီးမှုတ်သံ တစ်စုံတစ်ယောက် ကျွန်ုပ်၏ရှေ့ တွင် စတင်ကနေပါလေသည်။

ခြေကျဉ်းသံ တချွင်ချွင်နှင့် ရနံ့သင်းကလေးမှာ ကျွန်ုပ်အနီးတွင် လှည့်ပတ်နေ၏။

ပခုံးနှင့်မျက်နှာကို လာရောက်ထိမှန်နေသော အရာများအား ကျွန်ုပ်ဖမ်းဆုပ်ယူလိုက်သည်။

ပန်းပွင့်တွေပါလား ထိုအသိနှင့်အတူ…
မျက်လွှာများက တစ်ပြိုင်တည်းပွင့်သွားကြ၏။
အိုပြည့်သင်…
ယွန်းကလေးနဂါးပူဇော်ပွဲတွင် ကနေသည့် ပန်းဝတ်တန်ဆာကို ဝတ်ဆင်ထား၏။
ရင်ညွန့်ပန်းကုံးမှ ပန်းများကို ဖြုတ်ခြွေပြီး ကျွန်ုပ်အားလှမ်း၍ လှမ်း၍ ပေါက်နေသည်။
ကကြိုးသိ၍ ဝန်ခံနေပါလေသည်။
အိုပြည့်သင်အစစ်ပါတဲ့။
ကျွန်ုပ် သည်းခံနိုင်စွမ်းမရှိတော့ပါ။
တစ်ကိုယ်လုံး လွင့်ဝဲမြောက်တက်သွားသလို သိမ့်သိမ့်တုန်သွားသည်။
"အိုပြည့်သင်…"
ကျွန်ုပ်၏ချစ်သူ ကျွန်ုပ်ဘဝ
ကျွန်ုပ်၏အသဲနှလုံး။
အဟုန်အရှိန်ကြီးစွာ ပြေး၍အကြမ်းမတမ်း ဖက်တွယ်ဆွဲယူပြီး အငမ်းမရ နမ်းရှိုက်လိုက်မိ၏။
"အိုပြည့်သင်…"
"အရှင်…"
"ဝန်ခံပြီပေါ့နော်…"
"ဝန်ခံပါသတဲ့ အရှင်ရယ်"
"ဘာဖြစ်လို့ ညှဉ်းဆဲထားရပါဘိ"
"ကလဲ့စားချေတာလေ အရည်းမဟာသရေဘဝက ပန်းဦးအလှူကိုလက်မခံပဲ ပြန်လွှတ်လိုက်တဲ့အတွက်ပေါ့ အရှင်"
"မဟာသရေဟာ ပန်းများကိုပွင့်စေသူပါ အမိငယ်"

"တကယ်ပဲ ဘယ်ပန်းကိုမှမခူးခဲ့ဘူး ဟုတ်ဘိ"

"တကယ်ပါချစ်သူ ကျိန်စေချင်ရင် ကျိန်ပါ့ဝံ့"

"အို. . . အရှင်ရယ်. . . ယုံပါဝံ့ မကျိန်လိုက်ပါဘိ"

"ကျွန်ုပ်၏ ပါးသွယ်များကို လက်ဖဝါးနုနုစ်ဘက်ဖြင့် ညှပ်ယူ ပွတ်သပ်ရင်း မြတ်နိုးယုယစွာ အိုပြည့်သင်က တုန့်ပြန်နမ်းလာသည်။

"ဟောဒီခြေဖမိုးက မြွေခဲရာလေးပဲလေ အိုပြည့်သင် အစစ်ပါ လို့သက်သေပြနေတာ"

"အို. . . ကြည့်စမ်း ရထားအဆင်းတုံးက အရှင်မြင်သွား တာပေါ့ ဟုတ်လား"

"မြင်ရအောင် တမင်လုပ်လိုက်တာလေ"

"ကြည့်စမ်း. . . "

"စောစောတုန်းက ရှိုက်သံကြားလိုက်ပါတယ် ဘယ်သူငိုတာ လဲပြောစမ်း"

"အိုပြည့်သင်ပေါ့ အရှင်"

"ဘာကြောင့် ဖြစ်ပါ့ဘိချစ်သူ"

"အစားလည်းမစား လူပ်လည်းမလှုပ် အိပ်လဲမအိပ်ပဲ အိုပြည့် သင်ကြောင့် အရှင်ဒုက္ခဆင်းရဲခံနေရလို့ပေါ့ အရှင်ရယ်"

"အဲဒါဘာကြောင့်လဲ သိရဲ့လား အိုပြည့်သင်အလှလေးကို သိပ်ချစ်လို့ပေါ့"

"အို. . . အရှင်ရယ်. . . ဟိုတုန်းကလည်း တန်းခိုးထွားတဲ့ အရှည်းကိုယ်တော်တစ်ပါးမို့ မချစ်ဝံ့ဝံ့ ချစ်ဝံ့ဝံ့ပါ။ အခုလည်း ဘုရင် မင်းမြတ် ယုံကြည်ကိုးစားခံရတဲ့ လေးသည်တော် တပ်မှူးကြီးမို့ မချစ်ဝံ့တော့ပါအရှင်"

"အဲဒီလိုတော့ မကျီစားပါနဲ့ ချစ်သူရယ် ဒါဘယ်သူ့စံအိမ်လဲ"

"လျှို့ဝှက် ထောက်လှမ်းရေးသမားကြီး အတုမဲ့ဆေးပညာရှင်

အနိုင်းမဲ့ လေးသည်ကျော် တပ်မှူးကြီးရဲရံသင်နဲ့ သူ့ရဲ့ကြင်ယာဇနီးအတွက် ဘုရင်မင်းမြတ်ကပေးအပ်တဲ့ဆုပေါ့ အရှင်"

"ကြည့်စမ်း. . . "

ဒုတိယအကြိမ် အိုပြည့်သင်ကိုယ်ကလေးအား ပွေ့ညှစ်မြှောက်ယမ်းလိုက်မိ၏။

"မြိုင်သေလာမှာ သွားပုန်းနေတာပေါ့ ဟုတ်ဘိ"

"မပုန်းရပါအရှင် အိုပြည့်သင်ဟာ အဝှက်ခံရတာပါ"

"ဘယ်သူက ဝှက်ထားတာလဲ"

"သုမနရဲ့အစီအမံပါ ခွင့်လွှတ်လိုက်ပါဘိ အရှင်ရယ်"

"သုမနဟုတ်လား"

"သုမနပေးလိုက်သည့် ပေစာလွှာ"

"ဖွင့်မကြည့်ပါနှင့်တဲ့ မြစိမ်းရောင်ဝတ်စုံလည်စွဲစိမ်းနှင့် ပန်းစိမ်းပန်းများပန်ထားသည့် မိန်းမချောကို တွေ့မှဖတ်ပါတဲ့"

အိုပြည့်သင်ကို ကျွန်ုပ် ကြည့်လိုက်မိ၏။

မြစိမ်းရောင်ဝတ်စုံ။

လည်တိုင်မှာ လည်ဆွဲစိမ်း။

ကေသာမှာ ပန်းစိမ်းပန်ထား၏။

ကျွန်ုပ် လျှင်မြန်စွာဖွင့်၍ ကြည့်လိုက်ပါ၏။

အရှင်. . .

အချစ်အတွက် နောက်ဆံတင်းနေရင် တာဝန်လစ်ဟင်းပြီး မအောင်မြင်မှာစိုးရိမ်တာကြောင့် အိုပြည့်သင်ကို ကျွန်တော်မျိုး သုမနကိုယ်တိုင် ခိုးယူပြီး အမွှေးတိုင်လုပ်ရောင်းသည့် အမေအိုအိမ်မှာ ခေတ္တအပ်နှံခဲ့ပါဘိသည်။

အသုဘ လှည်းခေါင်းထဲကဟာ အိုပြည့်သင်ပါပဲ။ အမေအိုကတော့ အိမ်နီးချင်းတစ်ဦးအနေနဲ့ ပါဝင်ခဲ့ပါတယ်။ လှည်းသမားက

ကျွန်တော်မျိုးရဲ့ လူယုံပါ။ မြိုင်သေလာက တောပုန်းကြီးမဟာသရေ ရဲ့ ဝူဟာ အိုပြည့်သင်အတွက်ကောင်းစွာ လုံခြုံခဲ့ပါတယ်။ အဖော်အဖြစ် အမေအိုနဲ့ ဇူဂ္ဂအမြဲရှိလို့ပါပဲ။

ယခုတော့အားလုံး အေးငြိမ်းသွားပြီ ဖြစ်တဲ့အတွက် မြိုင်သေလာက အိုပြည့်သင်ဟာ တပ်မှူးကြီးရဲရုံသင်ရဲ့စံအိမ်ကို လာရောက်ပါတော့မယ် သွားရောက်ခေါ်ဆောင်ဖို့ အစောင့်တစ်ကျိပ်ကို ကျွန်တော်မျိုးစီစဉ်ပြီးပါပြီ။

အဲဒီမှာ ကျွန်တော်မျိုး သုမနလည်း တစ်ခန်းတစ်ကထွာတော့ ဝင်ပါရအုံးမှာပေါ့အရှင် . . .

အရှင့်ရဲ့ငယ်ကျွန်

"သွေးသောက် သုမန"

"ဟား . . . ဟား . . . "

ပျော်ရွှင်စွာ ရယ်မောလိုက်မိ၏။

"မြွားနဲ့ပစ်ပြီး ဂူရောက်အောင် မျှားခေါ်သွားတဲ့ အရှည်းယောင် ဟာ သုမနပေါ့လေ"

"မှန်ပါတယ်အရှင်"

"အဲဒီတုန်းက အစောင့်ရဲမက်တစ်ကျိပ်လည်း ပါသပေါ့ ဟုတ်ဘိ"

"မှန်ပါတယ်အရှင် သုမနဲ့ဆိုတော့ တစ်ကျိပ်တစ်ယောက်ဖြစ်ပါဘိအရှင်"

"ဩော်.. သုမန.. သစ္စာလည်းရှိ လက်ရုံးရည်လည်းကောင်း ငါ့ကိုလည်း မြတ်နိုးရှာပေတယ်"

ပုပ္ပါးအရပ်၌ ဘုရင်မင်းမြတ် အိမ်နိမ့်စံဘဝကဖြစ်၏။ နောင်တော် စုက္ကတေးအား တိုက်ရန်အလုံးအရင်း စည်းလုံးစဉ်အခါက ကျွန်ုပ်အပါအဝင် လေးသည်ကျော်ငါးယောက် ကျွန်ုပ်ပင်ဆေးဆရာ ထိုစဉ်ကာလ

ကတည်းက သုမနသည် ကျွန်ုပ်၏ အိမ်တော်ပါငယ်ကျွန်။ နံ့သာခြံကြီးပြုစုပျိုးထောင်ရင်း ငယ်ကျွန်ကြီးသုမနနှင့်အတူ အေးချမ်းစွာနေစဥ်အခိုက် အိမ်နီးမိစံအနေ့ာ်ရထာစောနှင့် တွေ့ဆုံပြီးနောက် နံ့သာခြံကြီးကို ပစ်ထားခဲ့ပြီး ပေါက္ကံရာမသို့ ကျွန်ုပ်တို့ လိုက်ပါလာခဲ့ကြ၏။ လှို့ဝှက်စွာ နေခဲ့ကြ၏။ အရေးတော်ရှိတိုင်း ဘုရင်မင်းမြတ်က တိတ်တဆိတ် ခေါ်ယူတွေ့ဆုံတတ်၏။

အတွေးအိမ်မက်. : .

သည်သို့ပင် မကြာခဏ ကျွန်ုပ်ပြန်လည်၍ မက်တတ်ပါ၏။ ပြန်လည်၍ တမ်းတတတ်၏။

"စံအိမ်တော် ကြွပါတော့ အရှင်ရယ်"

"ဩော်. . . ဟုတ်ပေသားဖဲ. . . "

ပတ်ဝန်းကျင်ကို ကြည့်ဘိ၏၊ တီးမှုတ်နေသူများ တစ်ယောက်မှမရှိတော့ ဝိုင်းပတ်စိုက်ထူထားသော မီးတိုင်များကား လင်းထိန်နေဆဲ။

ကိန္နရီမောင်နှံရုပ်ထု၌ ကျွန်ုပ်၏အကြည့်က ကြာမြင့်စွာ ငြိတွယ်နေ၏။

"ဟောဒီ ကိန္နရီမောင်နှံကိုတော့ ဒီအတိုင်းမထားပါနဲ့လားကွယ် တွေ့ပေးကြရအောင်လား ချစ်သူ"

"ဟုတ်တာပေါ့အရှင်ရယ် ကိန္နရီနဲ့ကိန္နရာ တစ်ညဝေးတဲ့ အခန်းကြီး ပြီးဆုံးသွားပါပြီပဲ သူတို့ပြန်တွေ့ကြပြီလေ အိုပြည့်သင်နဲ့ အရှင်တို့လိုပေါ့နော်. . . "

"ဟုတ်တာပေါ့ ချစ်သူရယ်. . . "

ကြက်တွန်သံ ကြားရ၏။

"လင်းကြက်တွေတောင် တွန်ကျူးနေကြပါပြီအရှင် စံအိမ်ပေါ် ကြွတော်မူသင့်ပါပြီ အနားယူအိပ်စက်သင့်ပါပြီ. . . "

"ဟုတ်တာပေါ့ ချစ်သူရယ် ဟောဒီချစ်သူရဲ့ ရင်ခွင်မှာ အသဲ

နှလုံးမှာ အနားယူအိပ်စက်သင့်ပြီပေါ့”
လင်းကြက်တွေတွန်ပြန်ပြီ။
သို့သော် အရုဏ်မလာသေး။
အမှောင်ထုစိုးမိုးနေဆဲ။
သို့သော် လောကသည် သာယာချစ္စတကား။ ။

♛ ♛ ♛ ♛